# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၂ ခုနှစ်၊ တန်ခူးလကွယ်၊ အင်္ဂါနေ့။ Tuesday, 21 April 2020 ၉၉၇၉


# အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ညွှန်ကြားချက်အမှတ်၊ ၃/ ၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်)
အမုန်းစကားနှင့် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ စုစည်းနေထိုင်သည့် လူ့အဖွဲ့အစည်း ဖြစ်ပြီး လူတိုင်းသည် ဂုဏ်သိက္ခာရှိစွာ ဘဝရပ်တည်ရန်၊ လေးစားစွာဆက်ဆံမှုခံယူရန်၊ ကြောက်ရွံ့မှုကင်းစွာ နေထိုင်ရန် အခွင့်အရေးရှိသည်ဖြစ်၍ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုစသည်တို့ကိုအခြေခံသည့် လူ့အဖွဲ့အစည်း ဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

၂။ "အမုန်းစကား" ဟုဆိုရာတွင် လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား မ သို့မဟုတ် မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူအုပ်စုတစ်စုကို မျှတမှုမရှိစွာဝေဖန်သည့် သို့မဟုတ် မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည်လည်း အမုန်းစကားပင်ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ရောဂတီတိုင်းဒေသကြီးမှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ရောဂတီတိုင်းဒေသကြီးမှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး

နေပြည်တော် ဧပြီ ၂၀

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည့် ရောဂတီတိုင်းဒေသကြီးမှ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့်ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ■




MTB
MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်

မြန်မာသက္ကရာဇ် ၁၃၈၂ခုနှစ်တွင် ကျရောက်သော မြန်မာ့နှစ်သစ်မင်္ဂလာအခါသမယတွင် မြန်မာပြည်သူ/ပြည်သားအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ ရောဂါဘယကင်းဝေးပြီး ဘဝင်ကြောင့်ကြမှုကင်းသော နှစ်သစ်ဖြစ်ပါစေကြောင်း မြန်မာ့ခရီးသွားဘဏ်မိသားစုမှ နှစ်သစ်ဆုမွန်တောင်းတောင်းအပ်ပါသည်။



09 - 682 682 682 info@mtb-bank.com www.mmtourismbank.com www.facebook.com/MyanmaTourismBank

ကြေးမုံ

## ဘေးကင်းလုံခြုံရေး အသိပေးချက်လိုက်နာ

သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလ ပြီးဆုံးသွားပြီဖြစ်သည်။ ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက် ရက်ရှည်ကာလများတွင် အလုပ်များ၊ လုပ်ငန်းများရပ်နားထားခြင်း၊ သင်္ကြန်ကာလ လူစုလူဝေးနှင့် ပျော်ရွှင်မှုများကို ဆိုင်းငံ့ထားခြင်းတို့သည် လူစုလူဝေးကြောင့် ကူးစက်နိုင်သောဘေးအန္တရာယ်ကို ဟန့်တားထားလိုက်နိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

ပိတ်ရက်ကာလပြီးဆုံး၍ လုပ်ငန်းခွင်သို့ မဝင်ရောက်မီ ဧပြီလ ၁၉ ရက်နေ့က ထုတ်ပြန်ခဲ့သော အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အသိပေးထုတ်ပြန်ကြေညာချက်ကို သတိပြုလိုက်နာကြရမည် ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ခွင့်ပြုမည်ဟု အသိပေးထားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များသည် သက်ဆိုင်ရာစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၀ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်၍ စစ်ဆေးဆောင်ရွက်ရာ၌ သတ်မှတ်ထားသော စက်ရုံ၊ အလုပ်ရုံများကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် လုပ်ငန်းခွင်ပြန်လည်လည်ပတ်ပြီး လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လိုလားလျက်ရှိကာ အလုပ်သမား၊ ဝန်ထမ်းများအနေဖြင့်လည်း အလုပ်အကိုင်မပျက် ဆက်လက်လုပ်ကိုင်ကြရန် ဆန္ဒရှိနေကြသည်။ ထို့ကြောင့် လုပ်ငန်းဖွင့်လှစ်ရန်၊ အလုပ်ခွင်သို့လာရောက်ရန် ပြင်ဆင်နေကြသည်။ သို့သော် ဤအလုပ်ဆန္ဒများကို အလျင်စလိုဦးစားပေးမိပါက လူအချင်းချင်း ထိတွေ့ခြင်းမှ ဖြစ်ပေါ်လာနိုင်သော ရောဂါကူးစက်မှုအန္တရာယ်များ ကျရောက်လာနိုင်သဖြင့် ၁၀ ရက်တာကာလ ဘေးကင်းလုံခြုံရေးစစ်ဆေးမှုများကို ခံယူမှုပြီးမှသာ လုပ်ငန်းခွင်များ၌ စိတ်ချလက်ချ လည်ပတ်လုပ်ကိုင်ကြရန် လိုအပ်ပါသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဘေးကို အပူတပြင်း ကာကွယ်တိုက်ဖျက်နေသောကာလတွင် လူမှုစီးပွားအခက်အခဲများ ရှိမည်ဖြစ်သော်လည်း ယင်းအခက်အခဲများကို ညီညီညွတ်ညွတ် လက်တွဲပူးပေါင်း၍ သည်းခံလိုက်နာဆောင်ရွက်ကြမည်ဆိုပါက ကြုံတွေ့နေရသော ဘုံအန္တရာယ်ဘေးမှ မနေးအမြန် လွတ်မြောက်နိုင်မည်ကို သိရှိနားလည်ထားရမည် ဖြစ်သည်။ လက်ရှိအခြေအနေတွင် ပြည်တွင်းမှ အားနည်းချက်များ၊ နိုင်ငံတကာမှ ရောဂါထိန်းချုပ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ ရောဂါပျောက်ကင်းခြင်း၊ မပျောက်ကင်းခြင်းတို့၏ အားသာချက်၊ အားနည်းချက်များကို သင်ခန်းစာယူလိုက်နာဆောင်ရွက်ကြရမည် ဖြစ်သည်။

အဓိကမှာ လူထူထပ်သောနေရာများသို့ သွားရောက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အနီးကပ်ဆက်ဆံခြင်း၊ နှာခေါင်းစည်းမတပ်ခြင်း၊ လက်မဆေးခြင်းတို့ကြောင့် ရောဂါကူးစက်နှုန်းမြင့်တက်နေသည်ကို သတိပြုရမည်ဖြစ်သည်။ လူအများနှင့် ထိတွေ့ဆက်ဆံရာတွင် ရောဂါရှိသူသည် မည်သူမည်ဝါဖြစ်သည်ကို မသိရှိနိုင်သဖြင့် ကြိုတင်ကာကွယ်၊ ကြိုတင်လိုက်နာဆောင်ရွက်ခြင်းသည်သာ စိတ်အချရဆုံးဖြစ်၍ သက်ဆိုင်ရာဌာနများက ထုတ်ပြန်ထားသော ထုတ်ပြန်ချက်များ၊ လိုက်နာဆောင်ရွက်ရန် အချက်များကို အလေးအနက်ထား၍ တိတိကျကျဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ကာလတစ်ခုအထိ ဖြတ်ကျော်ဆောင်ရွက်နေပြီဖြစ်သည်။ ထိုကာလအတွင်း လူတစ်ရာကျော် ရောဂါကူးစက်ခြင်းခံခဲ့ရပြီး ငါးဦးသေဆုံး၍ လူနာခြောက်ဦး သက်သာကာ ဆေးရုံဆင်းခွင့်ရခဲ့ပြီ ဖြစ်သည်။ ထိုကဲ့သို့ အခြေအနေတစ်ခုမှ ပိုမိုတိုးတက်ကောင်းမွန်လာအောင်၊ ရောဂါဘေးမှ အပြီးတိုင်ကျော်လွှားနိုင်အောင် ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များအား တက်ညီလက်ညီ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် "စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၄၅၀ | ၄,၇၂၅,၀၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၅၀ | ၂,၄၅၀ | ၈,၉၅၂,၅၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၂၅ | ၂၀၅, ၀၀၀ |
| FPB | ၂၁,၀၀၀ | ၂၁,၅၀၀ | ၂၀၂ | ၄,၂၄၃,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၄၅/၅၁၀ ကျပ် | ၄၇၀/၅၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၄၀/၅၅၀ ကျပ် | ၅၂၀/၆၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၁၀/၃၉၀ ကျပ် | ၃၇၀/၄၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၅၅/၅၃၀ ကျပ် | ၄၈၅/၅၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၉၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၆.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၅၁.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁.၆၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၉၃၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၆.၀၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၆၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၄.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆.၉၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၉.၈၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃.၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက





Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

**■ ဝမ်းစာရေး၊ စားဝတ်နေရေးအတွက် ဖြစ်ပေါ်နေသည့် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို နိုင်ငံတော်က အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်**

**■ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပရဟိတ စသည့်အဖွဲ့အစည်းများ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ကာကွယ်ရေးပစ္စည်းလိုအပ်ချက်သည် အရေးကြီး**

**■ COVID-19 နှင့်ပတ်သက်သည့် အသိပညာပေးမှုများကို ပြည်သူများ လိုလိုလားလား လက်ခံလာနိုင်အောင် နည်းလမ်းများကိုလည်း ရှာဖွေသွားမည်**

■ ရှေ့ဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့သစ်နေ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးလက်ကျန်းမာရေးဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသည့် သူနာပြုသားဖွားဆရာမ ဒေါ်ဖြူဖြူလတ်က COVID–19 ရောဂါ သံသယလူနာများအား စောင့်ရှောက်ပေးမှု၊ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေးစာစောင်များ ဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် လိုက်လံဆော်သြခြင်းလုပ်ဆောင်နေမှု၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာရရှိမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ အပူချိန်တိုင်းကိရိယာများ လုံလောက်စွာရရှိရေးနှင့် အရည်အသွေးပြည့်မီရေး၊ ကျန်းမာရေးဝန်ထမ်းလိုအပ်ချက်၊ ကျန်းမာရေးအရ လုံခြုံသည့် ဝန်ထမ်းအိမ်ရာလိုအပ်ချက်နှင့် Coronavirus ကာကွယ်ရေးပစ္စည်း လိုအပ်ချက်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် တရုပ်ရိုးကျေးရွာနေ ပက်တန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောဝင်းထွန်းနိုင်က ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အမိန့်ညွှန်ကြားချက်များ အချိန်မီရောက်ရှိရေး၊ မြို့အဝင်၊ အထွက် ဂိတ်များတွင် လုံခြုံရေးအင်အား လုံလုံလောက်လောက် ချထားနိုင်ရေး၊ Quarantine Center များ စနစ်တကျ သတ်မှတ်ပြီး သံသယလူနာများအား စောင့်ရှောက်ပေးရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ ၉ ရပ်ကွက်နေ မော်လမြိုင်ကျွန်းမြို့ မြို့နယ်ကြက်ခြေနီအသင်းခွဲတွင် ဒုတိယခွဲမှူးတာဝန်ထမ်းဆောင်နေသည့် ဒေါ်စန္ဒီထိုက်က မြို့နယ်အတွင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မြို့ဝင်ဂိတ်တွင် ကျန်းမာရေးစစ်ဆေးခြင်း၊ COVID–19 ရောဂါနှင့်ပတ်သက်၍ ပြည်သူများ ရှောင်ရန် ဆောင်ရန်များ အသိပညာပေးခြင်း၊ ကျန်မာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များအား မြို့နေပြည်သူများသိရှိရန် အသံချဲ့စက်ဖြင့် ဆော်သြခြင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာများသို့ ကျန်းမာရေးအသိပညာဖြန့်ဝေခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးမှုလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေမှု၊ ပညာပေး သတင်းအချက်အလက်များထက် ကောလာဟလများအပေါ် ပြည်သူအချို့ ပိုမိုစိတ်ဝင်စားနေမှု၊ စားဝတ်နေရေးအတွက် အိမ်တွင် မနေထိုင်နိုင်သည့်အခြေအနေတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၏ အကြံပေးချက်များနှင့်အညီ လိုက်နာနေထိုင်ကြရန်၊ COVID–19 ရောဂါနှင့်ပတ်သက်၍ ပြည်သူများထံ ကျန်းမာရေးအသိပညာ ပိုမိုဖြန့်ဝေသွားရန်၊ နိုင်ငံတော်အစိုးရက ဖြည့်ဆည်းပေးမည့် ကိစ္စရပ်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ဝမ်းစာရေး၊ စားဝတ်နေရေးအတွက် ဖြစ်ပေါ်နေသည့် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို နိုင်ငံတော်က အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ ယခုပြဿနာကို ချက်ချင်းလက်ငင်း ကျော်လွှားရန် မလွယ်ကူပါကြောင်း၊ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုပေးခြင်းသည်လည်း အရေးကြီးပါကြောင်း၊ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပရဟိတ စသည့်အဖွဲ့အစည်းများ COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ကာကွယ်ရေးပစ္စည်းလိုအပ်ချက်သည် အရေးကြီးပါကြောင်း၊ မိမိကိုယ်ကို ကာကွယ်နိုင်မှ အခြားသူများကို ပြုစုနိုင်မည်၊ ဂရုစိုက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကာကွယ်ရေးပစ္စည်းများ လုံလုံလောက်လောက်ရရှိရေးအတွက် အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဝန်ထမ်းများအတွက် ကျန်းမာရေးအရ သင့်တော်လုံခြုံသည့် အိမ်ရာအခက်အခဲရှိနေကြောင်း သိရှိရသည့်အတွက် ယင်းကိစ္စကို အမြန်ဆုံးအဖြေရှာပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်သည့်ဆေးဝါးများ၊ ပစ္စည်းများနှင့် လိုအပ်သည့် လူအင်အားကို ဖြည့်ဆည်းပေးနိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ COVID–19 နှင့်ပတ်သက်သည့် အသိပညာပေးမှုများကို ပြည်သူများ လိုလိုလားလား လက်ခံလာနိုင်အောင် နည်းလမ်းများကိုလည်း ရှာဖွေသွားမည်ဖြစ်ပါကြောင်း၊ COVID–19 ထိန်းချုပ်ကာကွယ်ရေးတွင် ပါဝင်ဆောင်ရွက်နေသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ လုပ်သင့်သည်ကို တာဝန်ကျေအောင်၊ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ပါက မိမိတို့အတွက် စိတ်အင်အားဖြစ်စေပြီး စိတ်ကျေနပ်မှုရရှိမည်ဖြစ်ပါကြောင်း၊ မိမိလုပ်သင့်လုပ်ထိုက်သည်ကို လုပ်ဆောင်ပြီး အများအကျိုးအတွက် ဆောင်ရွက်ခြင်းကို မိမိအတွက် အင်အားဟု စိတ်ထားစေလိုပါကြောင်း၊ လိုအပ်သည်များကို အားလုံးမှတ်သားထားပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးလိုက်သည့်အတွက် တစ်တိုင်းပြည်လုံးအတွက်ပါ စဉ်းစားစရာများ ပေါ်လာပါကြောင်း၊ အကြံဉာဏ်များလည်း ရရှိပါကြောင်း၊ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် ယခုကဲ့သို့ အကြံဉာဏ်များရရှိအောင် ဖြစ်ပါကြောင်း၊ တစ်နည်းနည်းဖြင့် COVID–19 ရောဂါ စိန်ခေါ်မှုကြီးကို ရင်ဆိုင်သည့်နေရာတွင် မည်သို့ကျော်လွှားနိုင်မည်ဆိုသည့် နည်းလမ်းအသစ်များ စဉ်းစားနိုင်အောင်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးတွင် ပါဝင်ဆောင်ရွက်ပေးသည့်အတွက် အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံအတွက် အင်မတန်မှ တန်ဖိုးရှိသည့် အင်အားများဟု သတ်မှတ်ပါကြောင်း၊ ဆက်လက်၍လည်း ကြိုးစားဆောင်ရွက်ပေးစေလိုပါကြောင်း၊ နှစ်သစ်တွင် ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာကြပါစေကြောင်းနှင့် ကောင်းကျိုးလိုရာဆန္ဒအဝဝနှင့် ပြည့်စုံကြပါစေဟု ပြောကြားသည်။

**သတင်းစဉ်**

❖ အမုန်းစကားမှ

၃။ အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

၄။ သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသည် မိမိတို့၏ကွပ်ကဲမှု သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိသော ဝန်ထမ်းများ၊ အရာရှိများ၊ စစ်မှုထမ်းများ၊ အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်ဖြစ်ပြီး အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ဝန်ထမ်းများအားလုံးပါဝင်ရန်နှင့် ပံ့ပိုးရန်အားပေးရမည်။

၅။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသည် ဤညွှန်ကြားချက်နှင့်စပ်လျဉ်း၍ မိမိတို့၏ဆောင်ရွက်မှုအခြေအနေနှင့် တိုးတက်မှုအခြေအနေတို့ကို နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံတင်ပြရမည်။

**အမိန့်အရ**

**ခင်လတ်**
**အမြဲတမ်းအတွင်းဝန်**

# နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက်အမှတ် ( ၃ / ၂၀၂၀ )

၁။ မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် နိုင်ငံတစ်ဝှမ်းရှိ အကျဉ်းထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/ သူများကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၁၁/ ၂၀၂၀၊ ၁၂/ ၂၀၂၀ နှင့် ၁၃/ ၂၀၂၀ တို့ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ပါသည်။

၂။ ကိုရိုနာဗိုင်းရပ်(စ်) (ကိုဗစ်-၁၉)၏ ခြိမ်းခြောက်မှုကို မြန်မာနိုင်ငံအပါအဝင် လူသားမျိုးနွယ်များ အားလုံးရင်ဆိုင်ကြုံတွေ့နေရသည့်အချိန်ကာလတွင် ယခုကဲ့သို့ လုပ်ဆောင်မှုသည် လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးရှုထောင့်များမှ အလွန်အရေးပါသော လုပ်ဆောင်မှုတစ်ရပ်ဖြစ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား/ သူများ၊ ပြည်သူများနှင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဟု ကော်မရှင်က မျှော်လင့်ပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား/ သူများအနေဖြင့် ကာလရှည်ကြာစွာ ခွဲခွာနေရသည့် မိသားစုဝင်များ၊ ချစ်ခင်ရသူများနှင့် ယခုအခါ ပြန်လည်ပေါင်းစည်းနိုင်ကြပြီး ဤကဲ့သို့ ခက်ခဲသောအချိန်တွင် ယင်းတို့၏ စိတ်ဓာတ်ကို မြှင့်တင်ရန်ကူညီနိုင်သည့်အခွင့်အလမ်းများလည်း ရရှိနိုင်ကြမည်ဖြစ်ပါသည်။ အကျဉ်းထောင်များတွင် အကျဉ်းသားသိပ်သည်းမှုနည်းပါးသွားခြင်းသည် အကျဉ်းထောင်များအတွင်း လူမှုဆက်ဆံရေးအရ ထိတွေ့ဆက်ဆံခြင်းအား ကန့်သတ်ခြင်း (social-distancing) ကို ပိုမိုထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုများအား အတိုင်းအတာတစ်ရပ်အထိ အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။

၃။ နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ သေဒဏ်နှင့် နှစ်ကြီးပြစ်ဒဏ်ကျခံနေရသူများကို ပြစ်ဒဏ်လျှော့ပေါ့ပေးခဲ့ပြီး အကျဉ်းထောင်/စခန်းအသီးသီးရှိ အကျဉ်းသား/ သူ စုစုပေါင်း ၂၄,၈၉၆ ဦးတို့အားလည်း စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့ပါသည်။ ထို့ပြင် နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံခြားသား အကျဉ်းသား/ သူ ၈၇ ဦးတို့ကိုလည်း စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား/ သူများအား ပြန်လည်စေလွှတ်ခြင်းမပြုမီ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခြင်းတို့သည် ကိုဗစ်-၁၉ ပြန့်ပွားနိုင်ခြေရှိမှုအပေါ် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများ ပြေလျော့စေရန် ရှုမြင်လုပ်ဆောင်သည့် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များဟု ကော်မရှင်က ယူဆပါသည်။ ထို့ပြင် လူသားချင်းစာနာထောက်ထားမှု ထောက်ပံ့ကူညီမှုအဖြစ် အကျဉ်းသား/ သူများအား ပြန်လည်လွှတ်ပေးသည့်နေ့တွင် ယင်းတို့အတွက် စားသောက်ကုန် ရိက္ခာခြောက်များကိုလည်း ထောက်ပံ့ပေးခဲ့ပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၄၃ အရ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများတွင် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် အဆိုပါနေရာများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ရှိသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်ကိုပေးအပ်ထားသည့်အမျိုးသားအဆင့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ယခုကဲ့သို့ အကျဉ်းသား/ သူ အများအပြားကို ပြန်လည်လွှတ်ပေးခြင်းဖြင့် နိုင်ငံတစ်ဝှမ်းရှိ အကျဉ်းထောင်များ၏ အခြေအနေများ တိုးတက်လာစေနိုင်မည်ဖြစ်သောကြောင့် အကျဉ်းသား/ သူများအား ပြစ်ဒဏ်များ လျှော့ပေါ့ခြင်းနှင့် စည်းကမ်းသတ်မှတ်ချက်မထားဘဲ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းတို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုအပ်ပါသည်။ ကော်မရှင်အနေဖြင့်လည်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ ပုဒ်မ ၄၃ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် အနီးကပ် ထိတွေ့ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်

# သဘာဝဘေးအန္တရာယ်များနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အကြံပေးအဖွဲ့ဝင် ပညာရှင်များနှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၀**

မိုးရာသီကာလအတွင်း ဖြစ်ပေါ်နိုင်သော သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက Video Conference ဖြင့် ပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နှစ်စဉ်မိုးရာသီကာလ၌ လေပြင်းတိုက်ခတ်ခြင်းများ၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများ၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည်ဖြင့် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိကြောင်း၊ မကြာမီ မိုးရာသီကာလသို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်နှစ်များနှင့်မတူဘဲ လတ်တလောဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါအခြေအနေကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်လာကြောင်း၊ စီမံခန့်ခွဲမှုပုံစံများ၊ လုပ်ဆောင်ချက်များ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံးကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုအခြေအနေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အပါအဝင် သဘာဝဘေး



ဖြစ်စဉ်များတွင် ကိုယ်တိုင်ပါဝင်ခဲ့ကာ စီမံခန့်ခွဲမှုအတွေ့အကြုံကောင်းများစွာရှိသည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအကြံပေးအဖွဲ့မှ ဘာသာရပ်ပိုင်းဆိုင်ရာ ပညာရှင်ကြီးများနှင့် တွေ့ဆုံဆွေးနွေးရသည့်အတွက် ထိရောက်သည့် ဆွေးနွေးအကြံပြုချက်များရရှိပြီး လာမည့် မိုးတွင်းကာလ၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ပြည်သူလူထုအတွက် ထိရောက်သော အစီအမံများကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အကြံပေးအဖွဲ့ဝင် ပညာရှင်များက ဆွေးနွေးကြရာ ယခုနှစ်အတွက် မိုးကြိုကာလ၊ မိုးလယ်၊ မိုးနှောင်းကာလများတွင် ဖြစ်ပွားနိုင်သည့် ရာသီဥတုအခြေအနေများနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာတွင် မိုးနည်းပြီး အပူချိန်မြင့်မားနိုင်ကြောင်း၊ သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ ရေကြီးမှု ကျယ်ကျယ်ပြန့်ပြန့် ကြီးကြီးမားမား မဖြစ်နိုင်သော်လည်း နေရာကွက်၍မိုးကြီးခြင်းကြောင့် ရေစီးကြောင်းပိတ်ဆို့ပြီး လျှပ်တစ်ပြက် ရေကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းကြောင့် မြေပြိုခြင်းများ ဖြစ်ပွားနိုင်ကြောင်း၊ ဆည်မြောင်းများ ရေဝင်နည်းပြီး စိုက်ပျိုးရေးအတွက် အခက်အခဲများ ကြုံတွေ့နိုင်ကြောင်း၊ အပူချိန်ပြင်းထန်မှုကြောင့် လေပြင်းများ တိုက်ခတ်နိုင်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပွားနိုင်ကြောင်း၊ ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းများ ကျရောက်နိုင်သည့် ကြိုတင်ခန့်မှန်းချက်များရှိရာ ယခုကဲ့သို့ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိသောကာလတွင် သဘာဝဘေးတုံ့ပြန်မှုများအနေဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးကိစ္စများ၊ Quarantine နေရာများ၊ နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သည့် မြို့နယ်များ/နေရာများနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကုသနေသည့်နေရာများတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးစခန်းများတွင် နေရာချထားရာ၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ သတ်မှတ်ချက်၊ လမ်းညွှန်ချက်များနှင့်အညီ ဖြစ်စေရေး၊ ထောက်ပံ့ရေးပစ္စည်းများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ် ထိန်းချုပ်ရေးပစ္စည်းများကိုပါ ထည့်သွင်းစဉ်းစားရေး၊ ကယ်ဆယ်ရေးစခန်းများတွင် ရေလုံလောက်စွာ ရရှိရေးနှင့် ရေသန့်စင်နိုင်ရေးကိစ္စများ၊ သဘာဝဘေးအန္တရာယ်နှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အသိပညာဖြန့်ဝေခြင်း၊ ဆည်မြောင်းတာတမံနှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေသုံးစွဲရေးနှင့် လုပ်ငန်းစီမံချက် ကြိုတင်ပြင်ဆင်ရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်စဉ်နှင့်ဆက်စပ်၍ ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်တို့က ဆွေးနွေးချက်များအပေါ် လက်တွေ့အကောင်အထည်ဖော်ရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့်ဆက်စပ်၍ ကဏ္ဍအလိုက် ကြိုတင်စီစဉ်ရမည့် အခြေအနေများ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များကို အလေးအနက်ထားပြီး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအနေဖြင့် အခြားလုပ်ငန်းကော်မတီများနှင့် ဆက်လက်ဆွေးနွေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှေ့ဆက်ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်မှုများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းစဉ်များနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရှင်များ၏ ဆက်လက်အကြံပြုမှုများကို ဖိတ်ခေါ်ပါကြောင်းနှင့် ယခုပါဝင်ဆွေးနွေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ **သတင်းစဉ်**

## ပြည်ထောင်စုသားချင်းများ

တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား စည်းလုံးညီညွတ်စွာ နေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ပြည်ထောင်စုတစ်ခုတည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

*[ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏*
*၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*



# နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID-19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်   မေ   ၂၀**

နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID–19)ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အလေးထားဆောင်ရွက်**

ရှေးဦးစွာ နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပြည့်ပြည့်ဝဝအားသွန်ခွန်စိုက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း နေရပ်အသီးသီးမှ ပြန်လည်ဝင်ရောက်လာသူများအား Community Base Facility Quarantine စောင့်ကြည့်ခြင်းလုပ်ငန်းများကို မြို့နယ်များအလိုက် သတ်မှတ်နေရာများ စီမံဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က ကော်မတီ၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး ရဲတပ်ဖွဲ့မှူး၊ နေပြည်တော်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် နေပြည်တော်ကောင်စီအတွင်းရေးမှူးတို့က Community Base နေရာများသတ်မှတ်ခြင်း၊ ရိက္ခာများစီမံနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေးအစီအမံများ၊ လှုံ့ဆော်ပြန်ကြားရန်ကိစ္စရပ်များ၊ စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်ရန်ကိစ္စနှင့် ကျန်းမာရေးကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်ရှိ IDP စခန်းများနှင့် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသူများထားရှိသည့် ရခိုင်ပြည်နယ်ရှိ Facility Quarantine နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်   မေ   ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ IDP စခန်းများဖြစ်ကြသည့် မြို့မနစ်ခြင်း၊ လော်ဝေါ်နှစ်ခြင်း၊ လော်ဝေါ်အေဂျီနှင့် မူရင်းနှစ်ခြင်း IDP စခန်းသို့သွားရောက်၍ အိမ်ထောင်စုတစ်စုလျှင် ဆပ်ပြာနှစ်ခဲနှင့် နှာခေါင်းစည်းနှစ်ခုနှုန်းဖြင့် စုစုပေါင်း အိမ်ထောင်စု ၂၄၉ စုအတွက် ဆပ်ပြာခဲ ၄၉၈ ခဲနှင့် နှာခေါင်းစည်း ၄၉၈ခု ထောက်ပံ့ပေးခဲ့ပြီး ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်ရှိ ဂျော်(၂) IDP စခန်းရှိ အိမ်ထောင်စု ၂၀ အတွက် ဆပ်ပြာတောင့် ၂၀ နှင့် နှာခေါင်းစည်းအခု ၄၀ တို့ကို ထောက်ပံ့ပေးခဲ့သည်။

အလားတူ ယနေ့တွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် (၃)ရပ်ကွက်ရှိ ကာသိုလိပ်ဘုရားကျောင်း IDP စခန်းနှင့် ပန်ကူ IDP စခန်းတို့ရှိ အိမ်ထောင်စု ၁၃၅ စုအတွက်



ဆပ်ပြာတောင့် ၁၃၅ တောင့်နှင့် နှာခေါင်းစည်း ၂၇၀ ကို ထောက်ပံ့ပေးခဲ့သည်။

ထို့အပြင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသူများကိုထားရှိသည့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ Facility Quarantine နေရာများဖြစ်ကြသော မှန်စီ Cyclone Shelter၊ အုန်းတောကြီး(တောင်) Cyclone Shelter၊ သဲချောင်း Cyclone Shelter များသို့ သွားရောက်၍ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသူ စုစုပေါင်း ၂၂၈ ဦးအတွက် ဆပ်ပြာတောင့် ၂၂၈ တောင့်ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော်   မေ   ၂၀**

| | |
|---|---|
| ချောက် | ၄၄ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၃ ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၃ ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၂ ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီး | ၄၂ ဒီဂရီစင်တီဂရိတ် |
| ဆင်ဖြူကျွန်း | ၄၂ ဒီဂရီစင်တီဂရိတ် |

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ တွင်ဖော်ပြခဲ့သော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၏သတင်း ကော်လံ ၄ ဒုတိယစာပိုဒ် စာကြောင်းရေ ၁၀ နှင့် ၁၁ ရှိ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ဟူသည့် စကားရပ်အစား ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကြေးမုံ**

# ဖွဲ့မာန်စိတ်ဓာတ်စွမ်းအားတိုးပွားစေခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ကို ကျော်ဖြတ်ကြပါစို့

ဒေါက်တာလတ် (MBBS; MRCPsych)

ကိုဗစ် –၁၉ ကပ်ရောဂါ ဖြစ်နေချိန်တွင် လူတိုင်းစိုးရိမ်စိတ်များ အနည်းနှင့်အများ ရှိကြမည်မှာ အမှန်ဖြစ်သည်။ ထိုစိုးရိမ်စိတ်များကို တစ်ဦးချင်းစီ ကိုယ်တိုင် လျှော့ချပေးနိုင်ရန်နှင့် စိတ်အပူလွန်ခြင်း၊ စိတ်ဓာတ်ကျခြင်းများ မဖြစ်အောင် ကာကွယ်သည့်အနေဖြင့် ဖွဲ့မာန်စိတ်ဓာတ်များ တိုးပွားစေရန် ရည်ရွယ်ပြီး ဤဆောင်းပါးကို ရေးသားဖြစ်ပါသည်။

**ကိုဗစ်–၁၉ ကပ် ကာလတွင် ဖြစ်တတ်သော စိတ်အတွေးများ**

လူတိုင်းသည် အနာဂတ်တွင် ဘာဖြစ်မည်ကို အသေအချာမသိသေးသည့် အခြေအနေမျိုးနှင့်ကြုံပါက စိတ်ဖိစီးမှုဒဏ်ခံရခြင်း၊ စိတ်စနောင့်စနင်းဖြစ်ရခြင်းတို့ ဖြစ်မြဲဖြစ်တတ်ကြသည်။ ဥပမာအားဖြင့် အလုပ်ရှာသူသည် အလုပ်ရ၊ မရ မသေချာ၍ စိတ်ပူရသကဲ့သို့ပင် ဖြစ်သည်။ ထိုနည်းတူ ကပ်ရောဂါတစ်ခုဖြစ်ပွားချိန်တွင် စိတ်ဖိစီးမှုဒဏ်ခံရခြင်း၊ စိတ်ပူပင်ခြင်းတို့သည် သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာ ဖြစ်သည်။

ဤကပ်ရောဂါကာလတွင် လူတိုင်းပုံမှန်ဖြစ်တတ်သော အတွေးများမှာ–

- ငါ၊ ငါ့မိသားစု၊ ငါ့မိတ်ဆွေသူငယ်ချင်းတွေ ဒီကပ်ရောဂါများ ရမလား၊
- ငါဒီရောဂါရရင် အခြေအနေအလွန်ဆိုးမလား၊
- သိပ်ဆိုးပြီး အသက်ဆုံးရတဲ့အထိများ ဖြစ်မလား၊
- အလုပ်ထွက်မလုပ်ရရင် ပိုက်ဆံလောက်ပါ့မလားစသည်ဖြင့် အတွေးပေါင်းများစွာ ဖြစ်ပေါ်တတ်သည်။ ထိုအတွေးများရှိခြင်းသည် စိတ်ရောဂါတစ်ခု၏ လက္ခဏာများ မဟုတ်ပေ။ သို့သော် ထိုအတွေးများကြောင့် စိတ်ဖိစီးမှု၏ဒဏ်ကိုတော့ ခံရနိုင်သည်။

ထိုကဲ့သို့ ပုံမှန်စိတ်ပူပင်မှု၏ဒဏ်ကိုသာမက စိတ်အပူလွန်ခြင်း၊ စိတ်ဓာတ်ကျခြင်းများကိုပင် ဖွဲ့မာန်စိတ်ဓာတ်ကို တိုးပွားစေခြင်းဖြင့် ကာကွယ်မှုရယူနိုင်သည်။

**ဖွဲ့မာန်စိတ်ဓာတ်**

ဖွဲ့မာန်စိတ်ဓာတ်ကို အဓိပ္ပာယ်ဖွင့်ရသော် လောကဓံကို ကြံ့ကြံ့ခံနိုင်ရုံသာမက လဲကျလျှင် ကိုယ့်ကိုယ်ကိုယ် ထူပြီး ပြန်ထနိုင်သည့် စိတ်ဓာတ်မျိုးကို ဆိုလိုပါသည်။ အရေးကြုံလာလျှင် အရှုံးနှင့်ရင်ဆိုင်ရသည်ကို မတုန်လှုပ်ဘဲ မလျှော့သည့်လုံ့လဖြင့် မရမက အောင်မြင်အောင် လုပ်တတ်သည့် စိတ်ဓာတ်မျိုးဖြစ်သည်။ ပြောင်းလဲသည့် အခြေအနေပေါ်မူတည်ပြီး မိမိ၏တုံ့ပြန်မှုကို လိုတိုးပိုလျှော့လုပ်တတ်သည့် လိမ္မာပါးနပ်မှုမျိုးလည်း ထိုစိတ်ဓာတ်တွင် ပါဝင်သည်။

ထိုစိတ်ဓာတ်မျိုးသည် လူတိုင်းတွင်ရှိပြီးသား ဖြစ်သည်။ အနည်းနှင့်အများသာ ကွာပါမည်။

**ဖွဲ့မာန်စိတ်ဓာတ်၏ စွမ်းအား**

ဖွဲ့မာန်စိတ်ဓာတ်ရှိပါက အခြေအနေတိုင်းမှာ ကောင်းကွက်ကို ပိုရှာနိုင်သည်။ အဆိုးထဲမှ အကောင်းကို ရွေး၍ ကြည့်တတ်သည်။

အခက်အခဲနှင့်တွေ့လျှင်လည်း ကိုယ်ကိုယ်တိုင်ရော တခြားသူကိုပါ အပြစ်မဖို့ဘဲ အဖြေကိုရှာရန် ပိုအားထုတ်နိုင်သည်။ ဘဝတွင် ကြုံတွေ့ရမြဲဖြစ်သည့် စိတ်ဖိစီးမှုဒဏ်များကိုလည်း ကြံ့ကြံ့ခံနိုင်သည်။ စိတ်ကျရောဂါ၊ စိတ်အပူလွန်ရောဂါတို့ကို ကာကွယ်နိုင်သည့် စွမ်းအားလည်းရှိသည်။ ဤစိတ်ဓာတ်စွမ်းအားကြောင့် အရှုံးများကို ကျော်လွှားပြီး အောင်မြင်မှုကို ဆွတ်ခူးနိုင်သည်။

**ဖွဲ့မာန်စိတ်ဓာတ်ကို ပျိုးထောင်နည်း**

လူတိုင်းတွင် အခက်အခဲများကို ကျော်လွှားနိုင်သော ဖွဲ့မာန်စိတ်ဓာတ် အနည်းနှင့်အများ ရှိပြီးသားဖြစ်သည်။ လူတိုင်းတွင်ရှိသည့် ထိုဖွဲ့မာန်စိတ်ဓာတ်ကို တိုးပွားနိုင်စေသည့် နည်းလမ်းများစွာလည်း ရှိပါသည်။ ထိုနည်းလမ်းများသည် သင်ကိုယ်တိုင် လက်တွေ့ကျကျ လုပ်ဆောင်နိုင်သော နည်းလမ်းများဖြစ်သည်။ ထိုနည်းလမ်းများတွင် –

(၁) အကောင်းမြင်စိတ်ဖြင့် တွေးဆပြီး ဖြစ်နိုင်ခြေရှိသည့် အကောင်းဆုံး အလားအလာ တစ်ခုကိုသာ စိတ်အာရုံတွင်ထားရှိခြင်း၊

(၂) ကိုယ်တိုင် ဖြေရှင်းနိုင်သည်များကို ဖြေရှင်းပြီး ကိုယ်တစ်ယောက်တည်းနှင့် အဖြေထုတ်ကာ ပြောင်းလဲမပေးနိုင်သည့် ပြဿနာများကို “ငါမလုပ်နိုင်သည့် အရာ” ဟု လက်ခံ၍ လျစ်လျူရှုလိုက်နိုင်ခြင်း၊

(၃) ကိုယ့်ခန္ဓာကိုယ်၏ ကျန်းမာရေးကို ကိုယ်တိုင် တာဝန်ယူခြင်း၊

(၄) အပြန်အလှန် ကူညီစောင့်ရှောက်ကြသည့် မိသားစု၊ မိတ်ဆွေ၊ အိမ်နီးချင်းတို့နှင့် ပုံမှန်ဆက်သွယ်ခြင်း၊

(၅) လိုအပ်နေသည့် အကူအညီကို တောင်းခြင်းတို့ ပါဝင်သည်။

ဤနေရာမှာ ကိုဗစ်–၁၉ ကပ်ရောဂါတွင် ဖြစ်တတ်သော အတွေးများကို "ဖွဲ့မာန်စိတ်ဓာတ်" ဖြင့် မည်ကဲ့သို့ ရင်ဆိုင်မလဲ စဉ်းစားကြည့်ကြပါစို့။

**(၁) အကောင်းမြင်စိတ်ဖြင့် တွေးဆပြီး ဖြစ်နိုင်ခြေရှိသည့်ထဲမှ အကောင်းဆုံး အလားအလာတစ်ခုကိုသာ စိတ်အာရုံတွင် ထားရှိခြင်း**

**ဖွဲ့မာန်စိတ်ဓာတ်ကို အဓိပ္ပာယ်ဖွင့်ရသော် လောကဓံကို ကြံ့ကြံ့ခံနိုင်ရုံသာမက လဲကျလျှင် ကိုယ့်ကိုယ်ကိုယ်ထူပြီး ပြန်ထနိုင်သည့်စိတ်ဓာတ်မျိုးကို ဆိုလိုပါသည်။ အရေးကြုံလာလျှင် အရှုံးနှင့်ရင်ဆိုင်ရသည်ကို မတုန်လှုပ်ဘဲ မလျှော့သည့်လုံ့လဖြင့် မရမက အောင်မြင်အောင်လုပ်တတ်သည့် စိတ်ဓာတ်မျိုးဖြစ်သည်။ ပြောင်းလဲသည့် အခြေအနေပေါ်မူတည်ပြီး မိမိ၏တုံ့ပြန်မှုကို လိုတိုးပိုလျှော့လုပ်တတ်သည့် လိမ္မာပါးနပ်မှုမျိုးလည်း ထိုစိတ်ဓာတ်တွင် ပါဝင်**

“ငါ ရောဂါရမလား” စသည့် အတွေးများကို သေချာစွာ ကြည့်လျှင် အတွေးအများစုသည် အဖြေမသိနိုင်သေးသည့် မေးခွန်းများသာဖြစ်ပြီး ထိုမေးခွန်းများအတွက် အဖြေကို သင်အပါအဝင် မည်သူမျှ မဖြေနိုင်သေးကြောင်း သတိထားမိပါလိမ့်မည်။

ဤသို့သော အခြေအနေတွင် အဆိုးကိုသာ မြင်တတ်သူသည် အဆိုးတကာ့အဆိုးဆုံး အနာဂတ်တစ်ခုကိုသာ စိတ်တွင်မြင်နိုင်တော့မည်။

- သင့်မေးခွန်းများအတွက် မည်သူမျှ အဖြေမှန်ကို မသိသေးချိန်တွင် ထိုသို့ အဆိုးဆုံးကို မျှော်လင့်ခြင်းသည် တွေးသင့်သည့် အတွေးမျိုး ဟုတ်ပါမည်လား။
- ဤအခြေအနေတွင် အဆိုးဆုံးကို မျှော်လင့်ခြင်းသည် သင့်ကျန်းမာရေး၊ ငွေရေးကြေးရေး၊ မိသားစုအရေးတို့အတွက် မည်သည့် အကျိုးကျေးဇူး ရှိပါမည်နည်း။

အဆိုးဆုံးကိုမျှော်လင့်ပြီး တတ်နိုင်သမျှ အဖြေထုတ်ခြင်းသည် ယေဘုယျအားဖြင့် ကောင်းသော်လည်း အတွေးဆိုးဝက်ပါထဲတွင် တဝဲလည်လည် ဖြစ်နေတတ်ပြီး မိမိကိုယ်မိမိ ပို၍ပို၍ စိတ်ပူဖြစ်အောင် တွန်းပို့တတ်သည့် သဘောလည်း ရှိသည်။

အကောင်းမြင်သည့်စိတ်ဖြင့် ချင့်ချိန်ကြည့်ခြင်းမှာ မျက်စိစုံမှိတ်ပြီး “အားလုံးအဆင်ပြေသွားမှာပါ” ဟု အခြေအမြစ်မဲ့စွာ မက်သည့် စိတ်ကူးယဉ်အိပ်မက်မျိုးကို မဆိုလိုပါ။ လက်ရှိအခြေအနေမှန်ကို သေချာစွာထည့်သွင်းစဉ်းစားပြီး အကျိုးသင့်အကြောင်းသင့် သုံးသပ်၍ရလာသော အဖြေများထဲမှ အကောင်းဆုံးအလားအလာတစ်ခုကို ရွေးချယ်ယုံကြည်သည့် မျှော်လင့်ခြင်းမျိုးကို ဆိုလိုပါသည်။

ဤသို့ သေသေချာချာစဉ်းစားပြီး အလားအလာကောင်းတစ်ခုကို မျှော်လင့်ကာ ဦးတည်လုပ်ဆောင်နိုင်မည်–

- သင့်မေးခွန်းများအတွက် မည်သူမျှ အဖြေမှန်ကို မသိသေးချိန်တွင် အဆိုးဆုံးကိုမျှော်လင့်ခြင်းထက် ပိုမှားစရာအကြောင်း ရှိနိုင်ပါမည်လား။
- အဆိုးဆုံးကို မျှော်လင့်ခြင်းထက် ပိုမှားစရာ မရှိလျှင် ထိုသို့ အကောင်းဆုံးကို မျှော်လင့်ခြင်းသည် သင့်ကျန်းမာရေး၊ ငွေရေးကြေးရေး၊ မိသားစုအရေးတို့အတွက် အကျိုးကျေးဇူး ပိုရှိပါနိုင်မည်လား။

ဤသို့ တစ်ဆင့်ချင်းစဉ်းစားကြည့်လျှင် ဖြစ်နိုင်ခြေရှိသည့် အလားအလာများထဲမှ အကောင်းဆုံးတစ်ခုကိုသာ ရွေးချယ်ပြီး မျှော်လင့်ခြင်းသည် သင်နှင့် သင့်ပတ်ဝန်းကျင်အတွက် အကျိုးအရှိဆုံး အတွေးဖြစ်ကြောင်း မလွဲမသွေ တွေ့ရပေမည်။

အကောင်းမြင်စိတ် တိုးပွားစေရေးအတွက် အောက်ပါအတိုင်း နေ့စဉ်လုပ်ဆောင်ပါ။

(က) သင် ယနေ့ တစ်နေ့တာကာလအတွင်း ဖြစ်ခဲ့သည့် အဖြစ်အပျက်များထဲမှ စိတ်ချမ်းသာစရာ စိတ်ကျေနပ်စရာ သုံးခုကို သေချာစွာ စဉ်းစားရွေးချယ်၍ စာရွက်တစ်ရွက်ပေါ်တွင် ချရေးပါ။

ဥပမာ – “ငါ အပြင်မထွက်တော့ ငါ့ကျန်းမာရေးကို စောင့်ရှောက်နိုင်ခဲ့တယ်”၊ “အိမ်အလုပ်တွေ ပိုလုပ် ဖြစ်တယ်”၊ “မိသားစုနဲ့ အချိန်ပိုသုံးဖြစ်တယ်” စသည်ဖြင့် ရေးနိုင်သည်။

ဤသို့ပြုခြင်းဖြင့် စိတ်ချမ်းသာမှုကို ကွက်ကွက်ကွင်းကွင်း သတိပြုမိပြီး အကောင်းမြင်စိတ်များ ပိုဖြစ်လာပါလိမ့်မည်။

(ခ) သူတစ်ပါးကောင်းကျိုးအတွက် စဉ်းစားပြီး တစ်ခုခုလုပ်ဆောင်ပါ။

ဥပမာ – စိုးရိမ်နေသည့်သူတစ်ယောက်ကို ယခုနည်းလမ်းများ ဝေမျှလိုက်ပါ။ အဝေးမှမိတ်ဆွေတစ်ယောက်ကို ဖုန်းဖြင့် အားပေးစကားပြောလိုက်ပါ။

ဤသို့ပြုခြင်းဖြင့် စိတ်ချမ်းသာပြီး အကောင်းမြင်စိတ် ပိုဖြစ်လာလိမ့်မည်။

(ဂ) သင် ယခင်က ကြုံခဲ့ဖူးသည့် အခက်အခဲတစ်ခုကိုပြန်စဉ်းစားကြည့်ပါ။ ထိုအကျပ်အတည်းကို သင် ဘယ်လို ကျော်ဖြတ်ခဲ့သလဲဆိုသည်ကိုလည်း ပြန်စဉ်းစားပါ။ ထိုစဉ်က သင်၏ ဘယ်အရည်အချင်းများကို အသုံးချခဲ့လဲ ပြန်သုံးသပ်ကြည့်ပါ။ သင် ခေါင်းအေးအေးထားပြီး အဖြေထုတ်ခဲ့ကောင်း ထုတ်ခဲ့လိမ့်မည်။ တခြားသူများက လက်လျှော့လိုက်ပါတော့ဟု ပြောနေကြချိန်တွင် သင် လုံ့လပိုစိုက်ထုတ်ပြီး အကောင်းဆုံးရလဒ်တစ်ခုရအောင် လုပ်နိုင်ကောင်း လုပ်နိုင်ခဲ့မည်။ ထိုခေါင်းအေးအေးထားခြင်း၊ လုံ့လပိုစိုက်ထုတ်ခြင်းစသည်တို့သည် သင့်ကိုယ်ပိုင် အရည်အချင်းကောင်းများပင် ဖြစ်သည်။ ယခင်က သင်အသုံးချခဲ့သည့် ထို အရည်အချင်းများသည် သင့်ကိုယ်ပိုင်ဖြစ်၍ ယခုလည်း သင့်မှာရှိနေမည်မှာ မလွဲပေ။ ထို့ကြောင့် ထိုအရည်အချင်းများကို ထပ်အသုံးချပြီး ယခု အခက်အခဲကိုလည်း ဖြေရှင်းကြည့်လိုက်ပါ။ သင်ရင်ဆိုင်နေရသည့် အခက်အခဲအားလုံးကို မဖြေရှင်းနိုင်လျှင်တောင် အနည်းဆုံးတချို့ကိုတော့ ဖြေရှင်းနိုင်သည်ကို တွေ့ပါလိမ့်မည်။ ဤသို့ပြုခြင်းဖြင့် ကိုယ့်အရည်အချင်းများကို ပြန်သတိထားမိ အသုံးချနိုင်ပြီး စိတ်ချမ်းသာ၍ အကောင်းမြင်စိတ် ပိုဖြစ်လာလိမ့်မည်။

**(၂) ကိုယ်တိုင်ဖြေရှင်းနိုင်သည်များကို ဖြေရှင်းပြီး ကိုယ်တစ်ယောက်တည်းနှင့် အဖြေထုတ်ကာ ပြောင်းလဲမပေးနိုင်သည့် ပြဿနာများကို “ငါမလုပ်နိုင်သည့်အရာ”ဟု လက်ခံ၍ လျစ်လျူရှုလိုက်နိုင်ခြင်း**

လူတိုင်းစိတ်ပူတတ်သည်မှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်သည်။ မိမိစိုးရိမ်နေတဲ့ ပြဿနာကို ဖြေရှင်းနိုင်သည့် နည်းလမ်းများရှိမည်လား သေချာစွာရှာကြည့်ပါ။ အဖြေတွေ့လျှင် ထိုနည်းလမ်းအတိုင်း ကြိုးစားဖြေရှင်းကြည့်ပါ။ ပထမနည်းလမ်းဖြင့် အဆင်မပြေလျှင် ဒုတိယ၊ တတိယ စသည်ဖြင့် နည်းစုံသုံးကာ စမ်းကြည့်ပါ။

သို့သော် အချို့သော ပြဿနာများသည် စားမြုံ့ပြန်သကဲ့သို့ တဝဲလည်လည် စဉ်းစားသော်လည်း အကျိုးရှိသည့် အဖြေမရနိုင်ပေ။ စိတ်ဖိစီးမှု၊ စိတ်စနောင့်စနင်းဖြစ်မှုတို့သာ ပိုများလာတတ်သည်။ ထို့ကြောင့် အဖြေမထွက်နိုင်သည့်ပြဿနာများကို ရင်ဆိုင်နေရချိန်တွင် အရှိကိုအရှိအတိုင်း လက်ခံလိုက်ပြီး ထိုပြဿနာကို လျစ်လျူရှုလိုက်ခြင်းသည်သာ အကျိုးအရှိဆုံးဖြစ်သည်။ သို့မှသာ သင်ကိုယ်တိုင် ဖြေရှင်းနိုင်သော ပြဿနာများကို အာရုံစူးစိုက်ပြီး ဖြေရှင်းနိုင်စွမ်းပိုရှိလိမ့်မည်။

ဥပမာအားဖြင့် ကိုဗစ်–၁၉ ကို ကာကွယ်ရန် သင်လုပ်နိုင်သည့် မိမိအိမ်မှာသာ နေထိုင်ခြင်း၊ မျက်နှာဖုံး မျက်လုံးကာများ ဝယ်ခြင်း၊ ပြုလုပ်ခြင်း၊ လက်ဆေးခြင်း၊ ချောင်းဆိုးလျှင် တစ်ရှူးဖြင့်အုပ်၍ ဆိုးခြင်း စသည်ဖြင့် အဖြေမျိုးစုံသုံးကာ ဖြေရှင်းကြည့်နိုင်သည်။ သို့သော် ကိုဗစ်–၁၉ ကာကွယ်ဆေးအကြောင်း၊ သူနှင့်ဆက်နွှယ်နေသည့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများအကြောင်း စသည်ဖြင့် ကိုယ်တိုင် ယခုမဖြေရှင်းနိုင်သည့် ပြဿနာများကို စဉ်းစားပြီးစိုးရိမ်နေလျှင် မည်သည့်အကျိုးမျှ မရှိနိုင်ပေ။

သာမန်စိတ်ပူမှုများကိုသာမက စိတ်အပူလွန်မှုများကို လျော့ကျအောင် အောက်ပါအတိုင်းလုပ်ဆောင်နိုင်ပါသည်။

(က) မိမိကိုယ်မိမိ ပုံမှန် စိတ်ပူနေသည်လား၊ စိတ်အပူလွန်နေသည်လား ဆိုသည်ကို သတိပြုမိအောင် ကြိုးစားပါ။

(ခ) မလိုအပ်ဘဲ စိတ်ပိုပူစေသည့် အရာများကို လျှော့လုပ်ပါ။ ဥပမာ – တစ်ချိန်လုံး ကိုဗစ်–၁၉ အကြောင်း တီဗွီ၊ ဖေ့စ်ဘွတ်တို့တွင် ကြည့်နေခြင်းကို လျှော့လိုက်ပါ။

(ဂ) စိတ်ပူပန်မှု လျှော့ရန် အသက်ရှူလေ့ကျင့်ခန်းလုပ်ပါ။ (စိတ်တည်ငြိမ်စေသော တခြားတရားထိုင်နည်းများသည်လည်း အကျိုးရှိပါသည်)

- ထိုင်လျက် (သို့) ထလျက် (သို့) လှဲလျက်နှင့် စိတ်တွင်းမှ “တစ် ရောဝတီ၊ နှစ် ရောဝတီ၊ သုံး ရောဝတီ၊ လေး ရောဝတီ”ဟု မှန်မှန်ရွတ်ဆိုရင်း လေကို ဖြည်းဖြည်းမှန်မှန် လေးစက္ကန့်ကြာ ရှူသွင်းပါ။
- ထို့နောက် စိတ်တွင်းမှ “တစ် ရောဝတီ၊ နှစ် ရောဝတီ၊ သုံး ရောဝတီ၊ လေး ရောဝတီ” ဟု မှန်မှန်ရွတ်ဆိုရင်း လေကို လေးစက္ကန့်ကြာ ရှူထုတ်ပါ။
- ထိုသို့ ရှူသွင်းရှူထုတ်ခြင်းကို တစ်ခါလုပ်လျှင် အနည်းဆုံး ငါးမိနစ်ကြာ လုပ်ဆောင်ပါ။
- နေ့စဉ် တတ်နိုင်သမျှ အကြိမ်ကြိမ် လုပ်ပါ။

စာမျက်နှာ ၇ သို့ ❖

# ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၅၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၂၄၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၂၀**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ပြည့်နှစ် မတ်လအတွင်း ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၃၉၉ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၂၄၅၁၈ ဦး စုစုပေါင်း ၂၄၉၁၇ ဦးကို အလုပ်အကိုင်များ ရှာဖွေပေးနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် မတ်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှားသို့ ၂၀၈၃ ဦး၊ စင်ကာပူသို့ ရှစ်ဦး၊ ကိုရီးယားသို့ ၁၈၈ ဦး၊ ထိုင်းသို့ ၁၂၆၉၄ ဦး၊ ဂျပန်သို့ ၆၅၅ ဦး၊ ယူအေအီးသို့ ၁၀ ဦး၊ ဂျော်ဒန်သို့ ၆၂ ဦး စုစုပေါင်း ၁၅၇၀၀ ကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချင်းပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ဟားခါး မေ ၂၀**

ချင်းပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ပြည်သူများ ကူးစက်ပျံ့နှံ့မှုမရှိစေရေး အသိပညာပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီတွင် ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဟားခါးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် သွားလာလျက်ရှိသော ခရီးသွားပြည်သူများအား ကျန်းမာရေးအသိပညာပေးပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာထားသည်များကို သိရှိလိုက်နာနိုင်စေရန် ဆွေးနွေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။




ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကိုကိုမောင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ခရီးသွားပြည်သူများအား မလိုအပ်ဘဲ အိမ်ပြင်ပသို့ မထွက်ကြရန်၊ အပြင်ထွက်စဉ် ဆိုင်ကယ်စီးလျှင် ဦးထုပ်စနစ်တကျဆောင်းရန်၊ နှာခေါင်းစည်း စနစ်တကျတပ်ဆင်အသုံးပြုရန်နှင့် လက်အိတ်များဝတ်ဆင်အသုံးပြုရန်တို့ကို ပညာပေးပြောကြားခဲ့ပြီး ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပုမ်ခန့်နွမ်က ပြည်သူများ ရောဂါကူးစက်မှုမရှိစေရေး ချင်းပြည်နယ်အစိုးရအဖွဲ့က ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများ၊ ပန်ကြားချက်များအား ပြည်သူများအား ရှင်းလင်းဆွေးနွေးခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြင့်နိုင်စိုး(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေး ပြည်သူ့စာကြည့်တိုက်အား ပိုးသတ်ဆေးဖျန်း

**တိုက်ကြီး မေ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်များငှားရမ်းနိုင်ရန် ဝင်/ထွက် သွားလာလျက်ရှိသည့် စာပေချစ်မြတ်နိုးသူများ၊ စာပေဝါသနာရှင်များအားလုံး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့ မှုအန္တရာယ်မှ ကင်းဝေးစေရန်ရည်ရွယ်၍ လူထုအခြေပြုဗဟိုဌာန၊ ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ ရုံးတွင်း ရုံးပြင်၊ ရုံးရှေ့နံရံကပ်မြေစိုက်ပြဘုတ်နှင့် လူဝင် လူထွက်များသော နေရာများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **စန်းကလျာခိုင်(ပြန်/ဆက်)**

# စေတုတ္တရာမြို့တွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြို့နယ်အားကစားကွင်း၌ ယာယီဈေးပြောင်းလဲဖွင့်လှစ်ရန် ပြင်ဆင်

**စေတုတ္တရာ မေ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြို့နယ်အားကစားကွင်း၌ ယာယီဈေး ပြောင်းလဲဖွင့်လှစ်နိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဒေသခံပြည်သူများ စားသောက်ကုန်ပစ္စည်းများ ဝယ်ယူစားသောက်ရေး အဆင်ပြေစေရန်အတွက် မြို့နယ်အားကစားကွင်းအတွင်း၌ ယာယီဈေးကို မေ ၂၁ ရက်မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ နံနက် ၈ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ဈေးရောင်းဈေးဝယ် ပြည်သူများအား ယာယီဈေးသို့ ဝင်ရောက်လျှင် လက်ဆေးနိုင်ရန် စီစဉ်ပေးခြင်း၊ ဈေးရောင်းဈေးဝယ် ပြုလုပ်မည့်နေရာများအား ခြောက်ပေအကွာ စီစဉ်ပေးခြင်း၊ ဈေးရောင်းဈေးဝယ် ပြည်သူများအားလုံး နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုနိုင်ရေးကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးသက်နိုင်ထံမှ သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**




❖ စာမျက်နှာ ၆ မှ

ဤအသက်ရှူလေ့ကျင့်ခန်းကို နေ့စဉ်လုပ်ပါက ကျွမ်းကျင်လာပြီး အလွန်စိုးရိမ်စိတ်ပြင်းထန်၍ စိတ်အပူလွန်နေချိန်တွင်ပင် စိတ်တည်ငြိမ်မှုရအောင် လုပ်ဆောင်နိုင်သည့်အခြေအနေမျိုး ရောက်လာပါလိမ့်မည်။ ထိုသို့ နေ့စဉ်ပြုလုပ်နိုင်လျှင် စိတ်တည်ငြိမ်မှု ရလွယ်လာပြီး ပိုအကျိုးရှိပါသည်။

**(၃) ကိုယ့်ခန္ဓာကိုယ်၏ ကျန်းမာရေးကို ကိုယ်တိုင်တာဝန်ယူခြင်း**

ခန္ဓာကိုယ်၏ကျန်းမာခြင်းသည် ဖွဲ့မာန်စိတ်ဓာတ်တိုးပွားစေသော အဓိကအချက်တစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် လက်ကိုဆပ်ပြာနှင့် မကြာမကြာဆေးပါ။ လူချင်းသီးခြား ခြောက်ပေခြားနေပါ။ ထို့အပြင် -

(က) သမမျှတသည့် အစားအစာကို နေ့စဉ် ပုံမှန်စားပါ။

(ခ) အချိန်မှန်အိပ်ပါ။ ထိုသို့ပြုခြင်းဖြင့် သင့်ခန္ဓာကိုယ်တွင်းမှ နေ့ခင်းတွင် (သို့မဟုတ်) ညအိပ်နေစဉ်မှ ထွက်ရသည့် ဟော်မုန်းများ၊ အင်ဇိုင်းများ ပုံမှန်ထွက်ပြီး ကျန်းမာစေပါသည်။

(ဂ) နေ့စဉ် လုပ်စရာအလုပ်များကို ကြိုတင်စီစဉ်ပြီး တစိုက်မတ်မတ်လုပ်ပါ။ စာရွက်တစ်ရွက်ပေါ်တွင် တစ်နေ့တာအတွက်အလုပ်များကို အချိန်နှင့်တကွချရေးပြီး ထိုအချိန်ကျရောက်လာလျှင် လုပ်ချင်သည်၊ မလုပ်ချင်သည် ထည့်တွက်မနေတော့ဘဲ ကိုယ်စီစဉ်ထားသည့်အတိုင်း ပြီးအောင်သာလုပ်လိုက်ပါ။ ထိုသို့ပြုခြင်းဖြင့် အလုပ်ပြီးမြောက်ခြင်း၏ စိတ်ကျေနပ်မှုကိုပါ သင်ခံစားရပါလိမ့်မည်။

(ဃ) သင့်အသက်ရှူသံ ပြင်းထန်လာသည်အထိ အင်အားစိုက်ထုတ်ရစေသော ကိုယ်လက်လှုပ်ရှားမှုတစ်ခုကို တစ်ရက်လျှင် အနည်းဆုံး မိနစ် ၂၀ ကြာအောင် လုပ်ဆောင်ပါ။ တစ်ပတ်တွင် အနည်းဆုံး လေးရက် လုပ်ပါ။ ဥပမာ- လမ်းမြန်မြန်လျှောက်ခြင်း၊ ထိုင်ထလုပ်ခြင်း စသည်ဖြင့် ကိုယ်လက်လှုပ်ရှားမှုကို လုပ်ဆောင်ပါ။ ကျန်းမာရေးအတွက် အထောက်အကူပြုရန် အသက်ရှူသံပြင်းထန်လာသည်အထိ အားစိုက်၍လုပ်ပါ။ မိမိ၏ လက်ရှိကျန်းမာရေး အခြေအနေအပေါ်မူတည်ပြီး လူတစ်ဦးနှင့်တစ်ဦး လုပ်ဆောင်နိုင်သည့်အတိုင်းအတာ ကွာပါလိမ့်မည်။ ဆိုလိုသည်မှာ တချို့သူများသည် တစ်နာရီ ငါးမိုင်နှုန်းဖြင့်ပြေးမှ အသက်ရှူသံပြင်းထန်လာနိုင်သော်လည်း တချို့အတွက်တော့ ဖြည်းဖြည်းလေး လမ်းလျှောက်ရုံနှင့် မောပန်းလာနိုင်သည်။ ထိုဥပမာတွင် မိုင်နှုန်းမည်မျှနှင့်ပြေးသည်က အရေးမကြီးဘဲ အသက်ရှူမှု ပြင်းလာသည်အထိ အားစိုက်ထုတ်ခြင်းကသာ သင့်ကျန်းမာရေးအတွက် အရေးကြီးပါသည်။ ကိုယ့်အခြေအနေအပေါ်မူတည်၍ အသက်ပြင်းပြင်းရှူရသည်အထိ လိုအပ်သော အားပမာဏကို စိုက်ထုတ်ပါ။ ထိုသို့ပြုခြင်းဖြင့် သင့်ဦးနှောက်အတွင်းတွင် စိတ်ချမ်းသာပီတိဖြစ်စေသောဓာတ်များ ထွက်လာပြီး နေကောင်းထိုင်သာ ဖြစ်စေပါသည်။

ထိုအခါမှာ ကိုယ်ကျန်းမာ၍ စိတ်ပါချမ်းသာပြီး အခက်အခဲများကို ကျော်လွှားနိုင်သည့် ဖွဲ့မာန်စိတ်ဓာတ်များ တိုးပွားစေနိုင်ပါသည်။

**(၄) အပြန်အလှန် ကူညီစောင့်ရှောက်ကြသည့် မိသားစု၊ မိတ်ဆွေ၊ အိမ်နီးချင်းတို့နှင့် ပုံမှန် ဆက်သွယ်ခြင်း**

အပြန်အလှန် ကူညီတတ်သည့်သူများနှင့် မိတ်ဆွေဖြစ်ရခြင်းကြောင့် စိုးရိမ်စိတ်ကို ဆွေးနွေးနိုင်သည်။ နည်းကောင်းလမ်းကောင်းများ ဖလှယ်နိုင်သည်။ စိတ်ဖိစီးမှုများ လျော့ကျစေနိုင်သည်။

**(၅) လိုအပ်နေသည့် အကူအညီကို တောင်းခြင်း**

လိုအပ်လာပါက ကိုယ်နေထိုင်ရာဒေသ၏ ဆရာဝန်များ၊ ပညာရှင်များထံမှ အကူအညီကိုတောင်းခံပါ။

စာဖတ်သူ တစ်ဦးချင်းစီသည် အထက်ပါနည်းလမ်းများကို နေ့စဉ်အသုံးချပြီး ကိုယ်ပိုင်ဖွဲ့မာန်စိတ်ဓာတ်ကို တိုးပွားစေနိုင်ပါက စိတ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ကိုဗစ်-၁၉ ကပ် ကာလကို အတုန်အလှုပ်နည်းစွာဖြင့် ကျော်လွှားနိုင်ကြမည်ဖြစ်ပါသည်။

အားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာကြပါစေ။

**(ဤဆောင်းပါးကို စိတ်ပညာရပ်ဆိုင်ရာ စာတမ်းများ၊ ဆောင်းပါးများ၊ စိတ်ကိုစိတ်နှင့် ကုသည့်ကုထုံးများ စသည်တို့ကို ကိုးကား၍ ရေးသားပါသည်။)**

# မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်က အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် အမိန့်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် မေ ၂၀**
မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်သည် ယှဉ်ပြိုင်မှုဥပဒေ ပုဒ်မ ၅၆ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မတ် ၂၅ ရက်တွင် အမိန့်အမှတ်(၂/၂၀၂၀)ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမိန့်တွင် စီးပွားရေးလုပ်ငန်းများ (ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင်) အကြား လွတ်လပ်၍မျှတသော ယှဉ်ပြိုင်မှုဖြစ်ထွန်းပေါ်ပေါက်စေရေး၊ ဈေးကွက်တွင် မျှတသော ယှဉ်ပြိုင်မှုကို တစ်ပြေးညီတိုးတက်လာစေရေး၊ သာတူညီမျှခံစားခွင့် ရရှိစေရေးနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့အတွက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများသည် အောက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည် လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုကို အများပြည်သူသိရှိအောင် ကြော်ငြာခြင်း၊ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် အရောင်းမြှင့်တင်ရန်ဆောင်ရွက်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှန်ကန်တိကျသော တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် သို့မဟုတ် အာမခံမှုအပြည့်အဝပြုနိုင်သည့် စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများဖြင့်သာ ဆောင်ရွက်ရမည်။

(ခ) အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေသည့် မှားယွင်းသော၊ မှန်ကန်မှုမရှိသော၊ သွေးဆောင်ဖြားယောင်းသော၊ လိမ်လည်လှည့်ဖြားသော သို့မဟုတ် လွဲမှားစွာယုံကြည်စေရန် အကြောင်းရှိသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက် အသုံးပြုမှုများ မပြုလုပ်ရ။

(ဂ) အခြားစီးပွားရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သော၊ အကျိုးဆုတ်ယုတ်စေနိုင်သော သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများကို အနှောင့်အယှက်ဖြစ်စေနိုင်သော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြမှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(ဃ) အခြားစီးပွားရေးလုပ်ငန်းများနှင့် ဆင်တူယိုးမှားဖြစ်စေသော သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသော စကားလုံးသုံးနှုန်းမှု၊ ပြောဆိုတင်ပြ မှု၊ ရေးသားမှု၊ အမှတ်အသားနှင့် အချက်အလက်အသုံးပြုမှုများ မပြုလုပ်ရ။

(င) အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံမှု သို့မဟုတ် အသိအမှတ်ပြုမှုများ ရရှိဆောင်ရွက်နေကြောင်း အများပြည်သူအား သိရှိစေလိုသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းမှ အတည်ပြုထောက်ခံထားသော မှန်ကန်တိကျခိုင်မာသည့် အထောက်အထားများရှိမှသာလျှင် သို့မဟုတ် တင်ပြနိုင်မှသာလျှင် ဆောင်ရွက်ရမည်တို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် မည်သည့်စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူမဆို အထက်ဖော်ပြပါ အရောင်းမြှင့်တင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို သိရှိနားလည်လိုက်နာဆောင်ရွက်သွားရန်နှင့် လိုက်နာမှုမရှိပါက ယှဉ်ပြိုင်မှုဥပဒေပါ စီမံခန့်ခွဲရေးနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရ ဖြစ်စေ အရေးယူခြင်းခံရမည်ဟုလည်း ဖော်ပြထားသည်။

**သတင်းစဉ်**

# သီပေါ၌ ကန့်သတ်စောင့်ကြည့်စခန်းများ ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်



**သီပေါ မေ ၂၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်သို့ နယ်စပ်စစ်ဆေးရေးဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ၂၂ ဦးတို့အား တုံစင့်ကျေးရွာအမကနှင့် အမှတ် (၂) အထကတို့၌ ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် မှတ်တမ်းယူ၍ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကန့်သတ်စောင့်ကြည့်စခန်းများအား မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် ကြက်ခြေနီ မောင်မယ်များ၊ သီပေါလူငယ်ပရဟိတအသင်းဝင်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ကော်မတီဝင်များက ယနေ့နံနက်ပိုင်းတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုများသို့ အခြေခံစားသောက်ကုန် (၄) မျိုးထောက်ပံ့

**ရန်ကုန် မေ ၂၀**
ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင် ၇၆၆ ဦးတို့အတွက် အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို တစ်ဦးလျှင် ဆန် (၇) ပြည်၊ ဆီ ၄၀ ကျပ်သား၊ ကုလားပဲ ၆၀ ကျပ်သားနှင့် ဆား ၂၀ ကျပ်သားစီတို့အား မေ ၁၇ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ကျောက်ဆည်မွှာရုံ၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်သိန်းခိုင်(ငြိမ်း) နှင့်အမှုဆောင်များက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

# ကော့သောင်းမြို့တွင် နှာခေါင်းစည်းမတပ်သူများအား ပညာပေးဆောင်ရွက်လျက်ရှိ

**ကော့သောင်း မေ ၂၀**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ခရိုင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မဖြစ်မနေသွားလာနေကြသူများတွင် နှာခေါင်းစည်းမတပ်ဆင်သူများအား အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများတပ်ဆင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါအသိပညာပေးလှုပ်ရှားမှုကို ကော့သောင်းခရိုင်နှင့်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO အဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းကာ ကော့သောင်းမြို့ အသွားအလာများပြားရာ ဗိုလ်ချုပ်လမ်းတစ်လျှောက် သွားလာလျက်ရှိသည့် ပြည်သူများအား မေ ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

နှာခေါင်းစည်းတပ်ဆင်ပြီး လမ်းထွက်ကြရန် အသိပညာပေးမှုလုပ်ငန်းများကို လက်ရှိရက်ပိုင်းအတွင်း ကော့သောင်းမြို့၏ လူသူအသွားအလာများပြားရာ နေရာ သုံးနေရာတွင် တစ်ပြိုင်နက်တည်းအဖွဲ့စုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့၏ ပရဟိတအဖွဲ့များ၊ ရပ်ကွက်လိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများက



မြို့နေပြည်သူများ နှာခေါင်းစည်းများ ဈေးနှုန်းချိုသာစွာ အလွယ်တကူဝယ်ယူရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ဗဟိုစံပြငါးဈေးနှင့် ရွှေပိတောက်ငါးဈေးအား ချိတ်ဆက်ဆောင်ရွက်သွားမည်

**ရန်ကုန် မေ ၂၀**
ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးသို့ ကုန်များတင်ပို့ခြင်းကို ရေကြောင်းမှသာ အဝင်ခံပြီး ကုန်းလမ်းမှတစ်ဆင့် အဝင်မခံတော့ဘဲ ရွှေပိတောက်ငါးဈေးနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက ပြောသည်။

"ဗဟိုစံပြငါးဈေးက မနေ့က မနက်ပိုင်း တော်တော်ကားပိတ်သွားတယ်။ အဲဒီအတွက် ရွှေပိတောက်ငါးဈေးနဲ့ တစ်ဝက်ဆီပေါ့။ ရွှေပိတောက်ငါးဈေးကို ကုန်ကားတွေဝင်ဖို့ ရွှေပိတောက်ငါးဈေးကနေတစ်ဆင့် တချို့ကုန်ချိန်တွေကို ကားလေးတွေနဲ့ တင်တာရှိမယ်။ ဈေးနှစ်ခုချိတ်ဆက်ဆောင်ရွက်တဲ့သဘောပါ။ ရေလမ်းကြောင်းကလာတဲ့ ကုန်တွေက ဗဟိုစံပြငါးဈေးပဲ။ ကုန်းလမ်းကလာတဲ့ ကုန်ကားတွေအားလုံးက ရွှေပိတောက်ငါးဈေးကိုပဲ ဝင်ရမယ်ပေါ့။ ကုန်ကားတွေ ဗဟိုစံပြငါးဈေးကို သွားခွင့်မရှိတာ ဒီနေ့ညကြေညာမယ်။ မနက်ဖြန်ကစဆောင်ရွက်မှာပါ" ဟု ၎င်းကပြောသည်။

ရွှေပိတောက်ငါးဈေးသည် အကျယ်အဝန်း ရှစ်ဧကခန့်ရှိပြီး ကားဝင်းကျယ်ခြင်းနှင့် ဘေးဘက်တွင် နေရာများကျန်ရှိနေသေးသည့်အတွက် ယင်းငါးဈေးနှစ်ခုအား အဝင်အထွက် နှစ်ဖက်မျှအောင် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မေ ၁၇ ရက်တွင် ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ အပြင်မထွက်ရန် ထုတ်ပြန်ထားပြီး ဗဟိုစံပြဈေး၊ ရွှေပိတောက်ငါးဈေး၊ သီရိမင်္ဂလာဈေးတို့အား ညမထွက်ရအမိန့်အတိုင်း ပိတ်ချိန်၊ ဖွင့်ချိန်ကို ဆောင်ရွက်ကြောင်း သိရသည်။

"ဈေးတွေက ည ၇ နာရီမှာ အရောင်းအဝယ်ရပ်ပေါ့၊ ၁၀ နာရီမှ ပိတ်ပေါ့။ ၇ နာရီကနေ ၁၀ နာရီအတွင်း ကုန်ကားတွေဝင်လို့ရသေးတယ်။ ကျန်တာမနက်ပိုင်းမှဝင်ရတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဈေးများဌာနလက်အောက်ရှိ ယခင်က ၂၄ နာရီ ဖွင့်လှစ်ရောင်းချခဲ့သော ဗဟိုစံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးနှင့် သီရိမင်္ဂလာဈေးတို့တွင် ဈေးရောင်း၊ ဈေးဝယ်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန်ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။

**အေးမင်းသူ၊ ဇာနည်မောင်**

**မင်းဘူး မေ ၂၀**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာမှ ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာ အသုံးပြုနိုင်ရန်နှင့် နွေရာသီကာလ သောက်သုံးရေ ရှားပါးမှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စိုင်ရှင်ကျေးရွာ ရေရရှိရေးအတွက် အနက်ပေ ၃၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းကိုလည်းကောင်း၊ ကမ်းနီကျေးရွာရေရရှိရေးအတွက် အနက်ပေ ၄၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံ တည်ဆောက်ခြင်းကိုလည်းကောင်း၊ ပိုက်သင်ကျေးရွာ ရေရရှိရေးအတွက် အနက်ပေ ၃၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလံ ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့်

# မင်းဘူးမြို့နယ်ရှိ ကျေးရွာ လေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်



ရေစက်ရုံ တည်ဆောက်ခြင်းကိုလည်းကောင်း၊ ဇီးဖြူကုန်းကျေးရွာ ရေရရှိရေးအတွက် အနက်ပေ ၃၀၀ ရှိ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၇၇ ဒသမ ၅၀၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ၏ ၈၅ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပါက စိုင်ရှင်ကျေးရွာ၊ ကမ်းနီကျေးရွာ၊ ပိုက်သင်ကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာတို့ရှိ အိမ်ခြေ ၉၇၀၊ လူဦးရေ ၄၃၀၀ တို့အတွက် သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဘုန်းလင်းက ပြောသည်။

**မကွေးဝင်းမောင်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၅ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ကယာစုကျေးရွာနေ ဖိုးလုံးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၄-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ကယာစု ကျေးရွာနေ ဖိုးလုံး (ခ)စံထွေး(၃၇)နှစ်၊ (ဘ)ဦးစံလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ) ၆၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၄-၂၀၂၀ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကြက်တကောင် ကျေးရွာနေ ဒေါ်ခင်မာစန်း(၅၆)နှစ်၊ (ဘ)ဦးအောင်ခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ) ၃၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ လယ်မီးကျေးရွာနေ မြင့်ဇော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၄-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ကွမ်းဘောင်ကျေးရွာလမ်းပေါ်၌ လယ်မီးကျေးရွာနေ မြင့်ဇော် (၄၄)နှစ်၊ (ဘ)ဦးတုတ်ကြီးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ(ပ)၄၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆ (ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ငါးပြည့်အင်းကျေးရွာနေ မင်းထွန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၄-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ငါးပြည့်အင်း ကျေးရွာအနီးတောစပ်၌ ၎င်းကျေးရွာနေ မင်းထွန်း(၃၃)နှစ်၊ (ဘ)ဦးထွန်းရှိန်အား 88/1စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်) မယ(ပ)၄၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ စက်တောကျေးရွာနေ ကြည်သောင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၄-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာနေ ကျော်မင်းထွန်း(၃၀)နှစ်၊ (ဘ)ဦးကျော်အေး၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူတစ်ရွာတည်းနေ အောင်တင်(၅၀)နှစ်၊ (ဘ)ဦးမောင်ဦး၊ စက်တောကျေးရွာနေ ကြည်သောင်း(၃၅)နှစ်၊ (ဘ)ဦးဖိုးမှိန်တို့ (၃)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းတော်) မယ(ပ) ၅၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) /၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ ပေပင်ကျေးရွာနေ မောင်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၄-၂၀၂၀ရက်နေ့တွင် ဗန်းမောက်မြို့နယ်၊ ပေပင်ကျေးရွာနေ မောင်ဦး (၄၂)နှစ်၊(ဘ)ဦးအောင်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူဖမ်းဆီးရမိသဖြင့် နမစ(မံစီကြီး) မယ(ပ)၂၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါးသုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၇)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၇)ဦးအား စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၇-၄-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခ ရပ်ကွက်နေ မစန်းစန်းဝင်း(၂၉)နှစ်၊ (ဘ)ဦးဝင်းထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ) ၅၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ အလားတူ ၁၅-၄-၂၀၂၀ ရက်နေ့တွင် ၎င်းရပ်ကွက်၊ ထွန်းသီရိကုန်းအနီး၌ ပိတောက်ရွှေဝါရပ်ကွက်နေ အောင်ကိုဦး(ခ)ဝတုတ်(၁၉)နှစ်၊ (ဘ)ဦးသိန်းဝင်းအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ(ပ)၆၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာအတွင်း မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချ သုံးစွဲမှုများပေါ်များနေကြောင်းသတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၅)ဦး၊ မ(၂)ဦး၊ ပေါင်း(၇)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၈-၄-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက် သတင်းအရ သပိတ်ကျင်းမြို့နယ်၊ အင်းနက်ကျေးရွာနေ သိန်းဇော်(ခ)ဆံရှည်(၃၀)နှစ်၊ (ဘ)ဦးချစ်လှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း) မယ(ပ) ၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ အလားတူ အင်းနက်ကျေးရွာအုပ်စု၊ အောင်သာယာကျွန်း အခင်းတောနေ မမြမြမွေး(၂၅)နှစ်၊ (ဘ)ဦးနိုင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တကောင်း) မယ(ပ) ၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ်တံခွန်တိုင် ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၅-၄-၂၀၂၀ ရက်နေ့တွင် မုဒုံမြို့နယ်၊အဘစ်-ခလယ်တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ ၎င်းမြို့၊ မြို့မ(၄)ရပ်ကွက်နေ အောင်ဆန်းဦး(၃၂)နှစ်၊ (ဘ)ဦးဝင်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၁၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ၎င်းနေရာ၌ပင် ၎င်းမြို့နယ်၊ နှိုင်းပြိုင်ကျေးရွာနေ အောင်သူရဟိန်း (ခ)အောင်(၁၇)နှစ်၊ (ဘ)ဦးဝင်းနိုင်နှင့် ဖြိုးရှိန်းကျော်(၁၇)နှစ်၊ (ဘ)ဦးဇော်မိုးတို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်) မယ(ပ)၁၃/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်နေ ဒေါ်အေးအေးနိုင်သည် မူးယစ်ဆေးဝါးများသုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၄-၂၀၂၀ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်ရှိ တည်းခိုခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းမြို့နယ်၊ (၆၄)ရပ်ကွက်နေ ဒေါ်အေးအေးနိုင် (ခ)မနိုင် (၄၅)နှစ်၊ (ဘ)ဦးလှထွန်း၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်နေ မောင်မောင်လှ(၄၈)နှစ်၊ (ဘ)ဦးလှမြင့်၊ ၎င်းမြို့နယ်၊ (၇)ရပ်ကွက်နေ အုပ်စိုးရ(၂၉)နှစ်၊ (ဘ) ဦးသက်လွင်ဦးနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃) ရပ်ကွက်နေ မစန္ဒီမြင့်မောင်(၂၉)နှစ်၊ (ဘ)ဦးရဲအောင်တို့ (၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်) မယ(ပ)၃၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင် မြို့နယ်၊ ဘုရားကုန်းကျေးရွာနေ နိုင်လင်းဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၄-၂၀၂၀ ရက်နေ့တွင် သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ မဂ္ဂင်လမ်းပေါ်၌ ၎င်းကျေးရွာနေ နိုင်လင်းဦး(ခ) သိန်းစိန်(၁၉)နှစ်၊ (ဘ)ဦးခင်ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(သန်လျင်) မယ(ပ)၂၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့တွင်းနှင့်မြို့ပေါ် ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၀)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၃၆)ဦး၊ မ(၃)ဦး၊ ပေါင်း(၃၉)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၅-၄-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက် သတင်းအရ တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ ကျောက်ရေအိုးလမ်းပေါ်၌ ၎င်းရပ်ကွက်နေ ရေချမ်း(၁၉)နှစ်၊ (ဘ) ဦးစိန်ကုလား မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ကြီး) မယ(ပ)၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ လှေကားတစ်ထောင် ကုန်းဆင်းလမ်းဘေး၌ ၎င်းရပ်ကွက်နေ သိန်းဇော် (၂၃)နှစ်၊ (ဘ)ဦးစိုးသိန်း၊ ကျော်မင်းလေး(၁၉)နှစ်၊ (ဘ) ဦးတလို၊ စိုင်းထူးထူး(ခ)ဖိုးထူး(၂၅)နှစ်၊ (ဘ)ဦးအောင်သန်းနှင့် ဝေလင်း(၂၂)နှစ်၊ (ဘ) ဦးစိုးနိုင်တို့(၄)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (တောင်ကြီး)မယ(ပ)၂၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ်၊ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၁)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၁)ဦး၊ မ(၂)ဦး၊ ပေါင်း(၁၃)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်း ထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၈-၄-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ နမ္မတူမြို့၊ ပန်ဟိုက်(၈)ရပ်ကွက် သင်္ချိုင်းအတွင်း ၎င်းရပ်ကွက်နေ အိုက်ကုန်း(၅၀)နှစ်၊ (ဘ)ဦးအိုက်ကူးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍၎င်းရပ်ကွက်၊ စည်ပင်ရေဂိတ်အနီး လမ်းမပေါ်၌ ၎င်းရပ်ကွက်နေ စိုးအောင်(၂၇)နှစ်၊ (ဘ)ဦးလွန်းပွဲအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ) မယ(ပ)၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ အလားတူ ၎င်းနေရာ၌ပင် ဆိုင်ခေါင်ကျေးရွာနေ ဒေါ်ဗွေနီ(၄၈)နှစ်၊ (ဘ) ဦးထူးလာအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၁၀ သို့ ★

## SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေး ကြေညာချက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့်နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/မမှန် စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များတွင်လည်းကောင်း သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန်(၂၃-၂-၂၀၂၀)ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများနှင့် လူမှုကွန်ရက်မီဒီယာများမှ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ ဧည့်နိုင်ငံသား /နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ နိုင်ငံခြားသားများအတွက် Passport တစ်ခုခုဖြင့် (၂)ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေး ကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်း ပြုလုပ်သွားမည်ဖြစ်ပြီး(၃၀-၆-၂၀၂၀)နောက်ပိုင်း အပြီးသတ် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် မိမိတို့၏ SIM Card များကို မှန်ကန်စွာ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

★ **စာမျက်နှာ ၉ မှ**

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၈-၄-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၇၀)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၃၇၆)ဦး၊ မ(၂၇၀)ဦး၊ ပေါင်း(၁၆၄၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၈၉၃၄.၅၀၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၁၅၄၄.၃၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၅၂.၇၆)ဂရမ်၊ ဘိန်းစာရွက်(၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၅၃၂၁၂၁)ပြား၊ ဆေးခြောက် (၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

## ဟားခါးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ဟားခါး မေ ၂၀**

ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ဟားခါးမြို့နယ် မီးသတ်ဦးစီးဌာနက ဟားခါးမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသျှန်းနွန်းမောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မေ ၁၉ ရက် ညနေပိုင်းက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၏ ရုံးခန်းများ၊ အစည်းအဝေးခန်းမနှင့် ဧည့်ခန်းများ၊ ဝန်ထမ်းများ၏ရုံးခန်းများ၊ ရေအိမ်နှင့် သန့်စင်ခန်းများနှင့် လှေကားလက်ရန်းများကို ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့သူများ နေထိုင်သည့်လမ်းများအား ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ ရောဂါကာကွယ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ကိုဗစ်-၁၉ အတည်ပြုလူနာနှစ်ဦး နေထိုင်သည့် ကွက်သစ်ရပ်ကွက် ကွက်သစ်(၁) လမ်းနှင့် မြို့သစ်(က+ခ)ရပ်ကွက် က/၅ လမ်းတို့၌ ပိုးသတ်ဆေးဖျန်းခြင်းကို မေ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုအထောက်အကူပြုအဖွဲ့များ၊ လူ့ဘဝနောက်ဆုံးခရီး နာရေးအထောက်အကူပြုအဖွဲ့များက ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး အင်းစိန်မြို့နယ်ရှိ ရွာမအနောက်၊ စဥ့်ငူ၊ ပိန္နဲကုန်းရပ်ကွက်များရှိ လမ်းများတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပိုးသတ်ဆေးများ၊ ထုံးများ ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

## ဆရာတော် ဘဒ္ဒန္တကေသရ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တကေသရ မဟာထေရ်မြတ်ကြီးသည် သက်တော် ၉၂ နှစ်၊ သိက္ခာတော် ၇၂ ဝါအရ ၁၃၈၂ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ၁၉-၄-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ၁၃:၄၀ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကေသရ(အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး သရက်မြို့နယ် တုတ်ကိုင်းကျေးရွာ ခမည်းတော် ဦးညီငယ်-မယ်တော် ဒေါ်ပုမတို့မှ ၁၂၉၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက် (တနင်္လာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ် ကဆုန်လပြည့်နေ့တွင် တုတ်ကိုင်းကျေးရွာကျောင်း ဆရာတော် ဘဒ္ဒန္တသံဝရထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပြီး ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီ ၂၅ မိနစ်တွင် တုတ်ကိုင်းကျေးရွာကျောင်း ခဏ္ဍသိမ်၌ မြတ်စွယ်တော် တောရကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝံသမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် တုတ်ကိုင်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တသံဝရ၊ သရက်မြို့နယ် တောကျောင်းကျေးရွာ ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မာစိဏ္ဏ၊ သရက်မြို့ အောင်မင်္ဂလာစာသင်တိုက် လူပြန်တော်ပိဋကတ်ပညာရှင်ဆရာကြီး ဦးကျော်မင်း၊ မန္တလေးမြို့ ဆီဘန်းနီတိုက်ဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ တောင်ထီးလင်းဆရာတော် ဘဒ္ဒန္တဝဇိရဗုဒ္ဓိ၊ ဘဒ္ဒန္တပုညာနန္ဒ၊ ညောင်ကန်တိုက်ဆရာတော် ဘဒ္ဒန္တဉာဏဝရ(အဂ္ဂမဟာပဏ္ဍိတ)၊ စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တဣန္ဒက(အဂ္ဂမဟာပဏ္ဍိတ)၊ ကမ္မမြို့ ကျောက်စောင်းရွာ ပြည်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)၊ ရန်ကုန်အလယ်တောရ စာချပါဠိတက္ကသိုလ်ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ(အဂ္ဂမဟာအကျော်၊ အဂ္ဂမဟာပဏ္ဍိတ)၊ ကထိက ဘဒ္ဒန္တပညာသာရ၊ ဘဒ္ဒန္တ သုမနာဘိဝံသ၊ ဘဒ္ဒန္တစရိယ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုန္ဒရ မဟာထေရ်(အဘိဓဇမဟာရဋ္ဌဂုရု)၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဂန္ဓမာ၊ ဘဒ္ဒန္တမာဃိန္ဒ၊ ဘဒ္ဒန္တနန္ဒိယ၊ စာချဆရာတော် ဘဒ္ဒန္တနာယက၊ ဘဒ္ဒန္တတေဇနိယ၊ ဘဒ္ဒန္တပညိန္ဒ စသော ဆရာတော်များထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်း အဖြာဖြာတို့ကို လေ့လာသင်ယူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ၁၃၂၄ ခုနှစ်မှစ၍ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်းဆိုင်ရာ ကျမ်းစာများကို သင်ကြားပို့ချခြင်း၊ စာစပ်နိယံအဖြေကျမ်း၊ မြန်မာနာမ်ဝိဘတ်နက်များကျမ်း၊ ဟောပြောကျင့်သုံးစရာ တရားဒေသနာများကျမ်း၊ မြန်မာသင်္ဂြိုဟ်ဆိုရိုးကျမ်း စသော ကျမ်းစာများပြုစုတော်မူခဲ့ပြီး ၁၉၈၀၊ ၁၉၈၁ ခုနှစ်တွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ ၁၉၈၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ နိုင်ငံတော် သံဃမဟာနာယကအဖြစ် လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော် ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူရဟန်းရှင်တို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ (၃)ပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါအရ ၁၃၈၂ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ၁၉-၄-၂၀၂၀ (တနင်္ဂနွေနေ့) ၉:၄၃ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**




## မသန်စွမ်းသူများအတွက် တန်းတူအခွင့်အရေးမြှင့်တင်ရန် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း ပိုမိုစဉ်းစားလာခဲ့

**ဆိုးလ် မေ ၂၀**
ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် တောင်ကိုရီးယားနိုင်ငံက မသန်စွမ်းသူများ၏ တန်းတူအခွင့်အရေးများ မြှင့်တင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ပိုမိုစဉ်းစားလာခဲ့ကြောင်း သမ္မတ မွန်ဂျေအင်းက ယနေ့ ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းက သတိပေးချက်တစ်ခုဖြစ်လာခဲ့ပြီး အဆိုပါကပ်ရောဂါကြောင့် ထိခိုက်ပျက်စီးမှုပမာဏက လူတိုင်းအတွက် မျှတမှုမရှိဟု နှစ် ၄၀ မြောက် မသန်စွမ်းသူများနေ့အခမ်းအနား သဝဏ်လွှာတွင် သမ္မတမွန်ဂျေအင်းက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမှ သင်ခန်းစာတစ်ရပ်ရယူကာ အလားတူဘေးအန္တရာယ်တစ်ခုကျရောက်လျှင် မသန်စွမ်းများသူများနှင့် အခြားအားနည်းသူများကို ထိခိုက်ပျက်စီးမှုနည်းပါးစေမည့် စနစ်တစ်ခု ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

"ကိုဗစ်-၁၉ ရောဂါဟာ အကျပ်အတည်းတစ်ခုဖြစ်ပေမယ့် မသန်စွမ်းပြည်သူတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ခွင့်ရလာမယ့် အခွင့်အရေးတစ်ရပ် ကျွန်တော်တို့ကို ပေးခဲ့ပါတယ်" ဟု သမ္မတ မွန်ဂျေအင်းက သူ၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားခဲ့သည်။

**ကိုးကား - ယွန်ဟပ်၊ ဘာသာပြန် - ကျော်ထိုက်စိုး**

## ရုရှားနိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၆၈ ဦးရှိပြီး ၄၄ ဦး ထပ်မံသေဆုံး

**မော်စကို မေ ၂၀**
ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂၆၈ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ယနေ့မှစ၍ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၇၁၂၂ ဦး ရှိလာကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်သည်။

မေ ၁၈ ရက်က ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၇၈၅ ဦး၊ မေ ၁၉ ရက်တွင် ၆၀၆၀၊ မေ ၂၀ ရက်တွင် ၄၇၁၂၂ ဦး စသည်ဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ကျဆင်းလာသည်ကို လေ့လာတွေ့ရှိရကြောင်း ရုရှားအစိုးရ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ထို့အပြင် ရုရှားနိုင်ငံတွင် မေ ၁၉ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၆၁ ဦး ရှိခဲ့ရာ မေ ၂၀ ရက်တွင် သေဆုံးသူ ဦးရေ ၄၀၅ ဦးအထိ မြင့်တက်လာပြီး ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၄ ဦး ရှိလာကြောင်း၊ ရောဂါကူးစက်ခံရသူ ၃၄၄၆ ဦးသည် ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့် မြို့ဖြစ်ပြီး ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၀၂၆ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် မော်စကိုတစ်မြို့လုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၆၃၅၀ ရှိလာခဲ့သည်။

ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော ပထမဆုံးလူနာနှစ်ဦးကို ဇန်နဝါရီ ၃၁ ရက်က စတင်စမ်းသပ်တွေ့ရှိခဲ့ပြီး မတ်လ ကုန်ပိုင်းမှစ၍ ရောဂါကူးစက်ပျံ့နှံ့မှု သိသိသာသာ အရှိန်မြင့်တက်လာခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**




## နယူးဇီလန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတိပေးချက်အဆင့်ကို လျှော့ချရန်စီစဉ်

**ဝယ်လင်တန် မေ ၂၀**
နယူးဇီလန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတိပေးချက်အဆင့်ကို အဆင့်-၄ မှ အဆင့်-၃ သို့ မေ၂၇ ရက်တွင် လျှော့ချသတ်မှတ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျာစင်ဒါအာဒန်က ယနေ့ ပြောကြားသည်။

ပြန်လည်သုံးသပ်ခြင်းမပြုလုပ်မီ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတိပေးချက်ကို အဆင့်-၃ အဖြစ် သီတင်းပတ်နှစ်ပတ်ကြာ သတ်မှတ်ထားမည်ဖြစ်ပြီး သတိပေးချက်နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ကို မေ ၁၁ ရက်တွင် ချမှတ်မည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် အာဒန်က ပြောကြားသည်။ နယူးဇီလန်နိုင်ငံသား ငါးသန်း၏ ကိုရိုနာဗိုင်းရပ်စ်ကို အတူတကွ ဝိုင်းဝန်းတိုက်ဖျက်မှုကြောင့် နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုတားဆီးရေးကို အထောက်အကူပြုခဲ့ကြောင်း အာဒန်က ပြောကြားသည်။

နိုင်ငံအတွင်းရှိ ပြည်သူအသိုင်းအဝိုင်းများကြားတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု ကြီးကြီးမားမားမရှိဟု ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံပြောကြားချက်အရ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတိပေးချက်များကို ပြန်လည်ချင့်ချိန်နိုင်ရန် ဆောင်ရွက်နေပြီး နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများကိုလည်း ပြန်လည်စတင်နိုင်ရန် လုပ်ဆောင်နေကြောင်း အာဒန်က ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတိပေးချက် အဆင့်-၃ သို့ ရောက်ရှိချိန်တွင် ကုန်ထုတ်လုပ်ရေးနှင့် သစ်တောရေးရာလုပ်ငန်းများတွင် လုပ်ကိုင်နေသော နယူးဇီလန်နိုင်ငံသား ၄၀၀၀၀၀ ခန့်အနေဖြင့် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လုပ်ကိုင်မည်ဟု သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## မလေးရှား၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှု တစ်လအတွင်း အနည်းဆုံးသို့ ရောက်ရှိ

**ကွာလာလမ်ပူ မေ ၂၀**
မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှုအနည်းဆုံးသို့ ရောက်ရှိခဲ့ကြောင်းနှင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူမရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံ ကူးစက်ခံရသူ ၃၆ ဦးရှိကြောင်းနှင့် ယင်းမှာ မတ် ၁၂ ရက်နောက်ပိုင်း အနည်းဆုံးအရေအတွက်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဟစ်ဟမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၈၉ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူမရှိကြောင်းလည်း ပြောကြားခဲ့သည်။ ရောဂါမှပြန်လည်သက်သာလာသူ ၉၈ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် ရောဂါမှပြန်လည်သက်သာလာသူ စုစုပေါင်း ၃၂၉၅ ဦးရှိသွားပြီဖြစ်ကြောင်း၊ ယင်းမှာ ကူးစက်ခံရသူ စုစုပေါင်း၏ ၆၀ ဒသမ ၇ ရာခိုင်နှုန်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပမှပြန်လာသော မလေးရှားနိုင်ငံသားများကို စစ်ဆေးမှုများ ပြုလုပ်နေခြင်းနှင့် တစ်စွန်းတစ်စ ကျန်ရှိနေသေးသော ရောဂါလက္ခဏာရှိသူများကို စမ်းသပ်မှုများ ဆက်လက်လုပ်ဆောင်နေခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ထပ်မံတိုးလာနိုင်ကြောင်းလည်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဟစ်ဟမ်အဗ္ဗဒူလာက သတိပေးထားသည်။

မလေးရှားနိုင်ငံအစိုးရသည် မတ် ၁၈ ရက်မှစတင်ကာ ရောဂါထိန်းချုပ်ရေးညွှန်ကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မေ ၂၈ ရက်တွင် အဆုံးသတ်ရန် စီစဉ်ထားခဲ့သည်။ လက်ရှိတွင် နယ်မြေဒေသ ၁၀ ခုမှာ တင်းကျပ်သည့် ထိန်းချုပ်ကန့်သတ်မှုအောက်တွင် ထားရှိဆဲဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## အိမ်နီးချင်းနိုင်ငံများမှ ဗိုင်းရပ်စ်လူနာများ၏ ဆေးကုသမှုကုန်ကျစရိတ်ကို ဂျာမနီ ကျခံပေးမည်



**ဘာလင် မေ ၂၀**
ဥရောပသမဂ္ဂ အိမ်နီးချင်းနိုင်ငံများမှ ဂျာမနီနိုင်ငံအတွင်းသို့ သယ်ဆောင်လာခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် လူနာများ၏ ဆေးကုသမှုကုန်ကျစရိတ်ကို ဂျာမနီနိုင်ငံက ကျခံပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဂျန်းစ်စပန်းက တနင်္လာနေ့က ပြောကြားသည်။

ဂျာမနီနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို ပြင်းထန်စွာ ခံစားနေရသည့် ဥရောပသမဂ္ဂ အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုရိုနာဗိုင်းရပ်စ် ပြဿနာကို လျှော့နည်းသက်သာအောင် ကူညီပေးခဲ့သည်။ ဂျာမနီနိုင်ငံသည် အထူးသဖြင့် ပြင်သစ်နှင့် အီတလီနိုင်ငံတို့မှ လူနာများကို နိုင်ငံအတွင်းသို့ သယ်ဆောင်ကုသပေးခဲ့သည်။ ထိုဆောင်ရွက်ချက်သည် ၎င်းနိုင်ငံများ၌ ဝန်ပိနေသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များအပေါ် ကျရောက်နေသည့် ဖိအားများကို သက်သာရာရစေရန် ရည်ရွယ်သည်။

အခြား အီးယူနိုင်ငံများမှ အပြင်းအထန်ဖျားနာနေသည့် ကိုဗစ်-၁၉ လူနာ ၂၀၀ ကျော်ကို ဂျာမနီနိုင်ငံက အထူးကြပ်မတ်ကုသဆောင်များတွင်ထားရှိ၍ ဆေးကုသပေးနေသည်။ ၎င်းလူနာများအတွက် ဆေးကုသမှုကုန်ကျစရိတ်သည် ယူရို သန်း ၂၀ ခန့် ( ဒေါ်လာ ၂၂ ဒသမ ၇ သန်း) ရှိသည်။

ဂျာမနီနိုင်ငံသည် အဆိုပါလူနာများအတွက် ဆေးကုသမှုကုန်ကျစရိတ်ကို ကျခံပေးမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် မိမိတို့နားလည်သည့် ဥရောပသမဂ္ဂ စည်းလုံးညီညွတ်မှု ဆိုသည့်အရာဖြစ်ကြောင်း ဝန်ကြီး စပန်းက ဗိုင်းရပ်စ်ပြဿနာကို ကိုင်တွယ်ဖြေရှင်းနေကြသည့် ဝန်ကြီးများ၏ အစည်းအဝေးမတိုင်မီ မေ ၂၀ ရက်တွင် ပြောကြားသည်။

ဥရောပ၏ စီးပွားရေးအင်အားအကြီးမားဆုံးနိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၄၀၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၄၄၀၄ ဦးရှိသည်။ စပိန်နှင့် အီတလီနိုင်ငံတို့တွင် ဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေ ၂၀၀၀၀ ကျော်စီရှိသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်သည် ပြင်သစ်နိုင်ငံတွင် ၂၀၀၀၀ နီးပါးရှိပြီး ဗြိတိန်တွင် ၁၆၀၀၀ ကျော်ရှိသည်။

ဂျာမနီနိုင်ငံသည် ဗိုင်းရပ်စ်ပြဿနာ မစတင်မီက အထူးကြပ်မတ်ကုသဆောင်များတွင် ခုတင် ၂၈၀၀၀ ရှိခဲ့ပြီး ထိုမှတစ်ဆင့် ခုတင်အရေအတွက် ၃၀၀၀၀ အထိ တိုးမြှင့်ခဲ့သည်။ မေ ၁၉ ရက်အထိ လူနာခုတင် ၁၂၆၀၀ ကျော် နေရာအလွတ်ရှိကြောင်း အထူးကြပ်မတ်ကုသမှုနှင့် အရေးပေါ်ဆေးပညာအဖွဲ့၏ ပြောကြားချက်အရ သိရသည်။

သီတင်းပတ်အတော်ကြာ မြို့အဝင်အထွက် တားမြစ်ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက် ဂျာမနီနိုင်ငံ၏ ဒေသအများအပြား၌ မေ ၂၀ ရက်တွင် ဆိုင်တချို့နှင့် စာသင်ကျောင်းများပြန်ဖွင့်ရန် ပြင်ဆင်ခဲ့ကြသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးက ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ပြီဟု ပြောကြားခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**

# ကိုဗစ်-၁၉ ခြိမ်းခြောက်မှုမှ ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးကို အကာအကွယ်ပေးရန် အာဒိုဂန်နှင့် ထရမ့်တို့ သဘောတူညီ



**အစ္စတန်ဘူလ် မေ ၂၀**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၏ ခြိမ်းခြောက်မှုမှ ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးကို အကာအကွယ်ပေးရန် တူရကီသမ္မတ အာဒိုဂန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ဖုန်းဖြင့်ဆက်သွယ်ပြောကြားစဉ် သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးအပေါ် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်စေသည့် ခြိမ်းခြောက်မှုကို ဆန့်ကျင်ကာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားရန်လည်း သဘောတူညီခဲ့ကြောင်း တူရကီသမ္မတရုံးက မေ ၁၉ ရက်တွင် လက်ရေးမူဖြင့် ရေးသားထားသော ကြေညာချက်တစ်ရပ် ကို ဖော်ပြခဲ့သည်။

တူရကီသမ္မတ အာဒိုဂန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ဖုန်းဖြင့်ဆက်သွယ်ပြောဆိုစဉ်အတွင်း နှစ်နိုင်ငံ အပြန်အလှန်လုပ်ဆောင်မည့် ကိစ္စရပ်များအပါအဝင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍လည်း ဆွေးနွေးခဲ့ကြကြောင်း အဆိုပါကြေညာချက်က ဖော်ပြထားသည်။

တူရကီနိုင်ငံတွင် မေ ၁၉ ရက်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် သေဆုံးသူအရေအတွက်သည် ၂၀၁၇ ဦးအထိ မြင့်တက်ခဲ့ပြီး ကူးစက်ခံရသူအရေအတွက်သည်လည်း ၈၆၃၀၆ ဦးအထိရှိလာခဲ့ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




# ကနေဒါပစ်ခတ်မှုတွင် လူ ၁၆ ဦးထက်မနည်း သေဆုံး

**တိုရွန်တို မေ ၂၀**

ကနေဒါနိုင်ငံတွင် သေနတ်သမားဟု သံသယရှိသူက ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ယူနီဖောင်းကိုဝတ်ဆင်၍ ရဲကားပုံစံတူကားတစ်စင်းကို မောင်းနှင်ကာ ပစ်ခတ်မှုကြောင့် လူ ၁၆ ဦးထက်မနည်းသေဆုံးပြီး ကနေဒါနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံး ပစ်ခတ်မှုဖြစ်ကြောင်း ဖက်ဒရယ်ရဲတပ်ဖွဲ့က မေ ၁၉ ရက်တွင် ပြောသည်။

ဂါဘရီရယ်ဝပ်မန်းဆိုသူ သေနတ်သမားကို ယမန်နေ့ နံနက်ပိုင်းက နိုဗာစကိုရှာပြည်နယ်တွင် ပိုက်စိပ်တိုက် ရှာဖွေမှုတစ်ခုအပြီး ရဲတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့သည်။ ပစ်ခတ်မှုကြောင့် သေဆုံးသူများတွင် ပြည်နယ်အတွင်း စည်ပင်သာယာရေး၊ ပြည်နယ်ဥပဒေစိုးမိုးရေးတာဝန်ကို ကိုင်တွယ်ဆောင်ရွက်ရသည့် တော်ဝင်ကနေဒါရဲတပ်ဖွဲ့မှ အမျိုးသမီး ရဲအရာရှိတစ်ဦးလည်း ပါဝင်ခဲ့သည်။ ပြည်နယ်မြို့တော် ဟာလီဖတ်မြို့မှ မိုင် ၆၀ ဝန်းကျင်အကွာ ပေါ်တာပီကွေးမြို့၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များကို တပ်လှန့်နှိုးဆော်ခဲ့ချိန် ဧပြီလ ၁၈ ရက် ညကတည်းက သေနတ်သမားဟု သံသယရှိသူမှာ ထွက်ပြေးခဲ့သည်။ ကနေဒါနိုင်ငံတွင် သေနတ်ဖြင့် ပစ်ခတ်အကြမ်းဖက်မှုမှာ အိမ်နီးချင်း အမေရိကန်နိုင်ငံနှင့် ယှဉ်လျှင် နည်းပါးပြီး လက်နက်များကို ပိုမိုတင်းကျပ်စွာ ထိန်းချုပ်ထားသည်။

သို့သော်လည်း ယခုပစ်ခတ်မှုမှာ ၁၉၈၉ ခုနှစ်တွင် မွန်ထရီရယ်လ်မြို့ရှိ ပိုလီတက္ကနစ်ကျောင်းတစ်ခု၌ သေနတ်သမားတစ်ဦးက အမျိုးသမီးကျောင်းသူ ၁၄ ဦးကို သတ်ဖြတ်ခဲ့သည့် ပစ်ခတ်မှုထက် သေဆုံးသူများခြင်းကြောင့် ကနေဒါနိုင်ငံ၏ အဆိုးရွားဆုံးပစ်ခတ်မှု ဖြစ်လာခဲ့သည်။ သေနတ်သမားအပြင် လူ ၁၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ဘရန်ဒါလူကီ၏ ပြောကြားချက်ကို ပြည်သူပိုင်ရုပ်သံဌာန CBC က ဖော်ပြခဲ့သည်။ ပစ်ခတ်မှုအတွင်း အမျိုးသားရဲအရာရှိတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ပြီး အသက်အန္တရာယ်မစိုးရိမ်ရကြောင်း၊ ဆေးရုံ၌ ကုသမှုခံယူနေကြောင်း သိရသည်။ "သေနတ်သမားလို့ သံသယရှိတဲ့လူကို ရှာဖွေမှုက ဒီနေ့မနက်မှာ ပြီးဆုံးသွားခဲ့ပါပြီ။ ၎င်းဟာ သေဆုံးပြီလို့ ကျွန်တော်အတည်ပြုပါတယ်" ဟု ပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူ ခရစ်လီသာက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ်က ကျန်းမာရေးစနစ်များတွင် အားနည်းချက်ရှိနေမှုကို ဖော်ထုတ်ပြသနေဟု ဂျီ ၂၀ အဖွဲ့က ပြောကြား

**ရီယာ့ဒ် မေ ၂၀**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာ့နိုင်ငံများ၏ ကျန်းမာရေးစနစ်များတွင် နည်းစနစ်ပိုင်းဆိုင်ရာ အားနည်းချက်ရှိမှုကို ထုတ်ဖော်ပြသနေကြောင်း ဂျီ ၂၀ အဖွဲ့က မေ ၂၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ရန်ပုံငွေထောက်ပံ့မှုရပ်တန့်မည့် အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ၎င်းအဖွဲ့က တစ်စုံတစ်ရာ ပြောကြားခြင်း မရှိပေ။

ယင်းကြေညာချက်သည် စီးပွားရေးအင်အားကြီး နိုင်ငံ ၂၀ (G20) ၏ လက်ရှိဥက္ကဋ္ဌဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံ၏ ဦးဆောင်ပြုမှုဖြင့် တနင်္ဂနွေနေ့က အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီးနောက် ထွက်ပေါ်လာ ခြင်းဖြစ်သည်။ ဂျီ ၂၀ အဖွဲ့သည် ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် နှေးကွေးသည်ဟု ဝေဖန်မှုများ ထွက်ပေါ်လာပြီးနောက် ထိုအစည်းအဝေးကို ကျင်းပခဲ့ခြင်းလည်းဖြစ်သည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါက ကမ္ဘာ့နိုင်ငံများ၏ ကျန်းမာရေးစနစ်များတွင် အားနည်းချက်ရှိနေသည်ဟု မီးမောင်းထိုးပြနေသည်ကို အသိအမှတ်ပြုကြောင်း ဂျီ ၂၀ ကျန်းမာရေးဝန်ကြီးများက ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့ကပ်ရောဂါ ခြိမ်းခြောက်မှုများကို ကာကွယ်တုံ့ပြန်ရာတွင် ကမ္ဘာ့လူ့အဖွဲ့အစည်း၏ စွမ်းဆောင်ရည်သည် အားနည်းချက်များရှိနေသည်ဟုလည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါက ပြသခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ကမ္ဘာ့နိုင်ငံများအကြား အသိပညာမျှဝေခြင်း၊ ကပ်ရောဂါ တုံ့ပြန်ဆောင်ရွက်မှုစွမ်းရည်နှင့် အဆင်သင့်ဖြစ်မှုကွာဟချက်ကို လျှော့ချခြင်းတို့ဖြင့် ကမ္ဘာ့ကျန်းမာရေးစနစ်များ၏ ထိရောက်မှုကို မြှင့်တင်ရန်လိုအပ်ကြောင်း ဝန်ကြီးများက ပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံအများစုသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန်အတွက် မြို့အဝင်/အထွက် တားမြစ်ပိတ်ဆို့မှု အစီအမံများ ချမှတ်သဖြင့် သန်းထောင်ချီသည့် ပြည်သူတို့၏ဘဝများ ကမောက်ကမ ဖြစ်သွားရသည့်အပြင် ကမ္ဘာ့စီးပွားရေးသည်လည်း ကျဆင်းသည့်အခြေအနေသို့ ရောက်ရှိနေသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**




# ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၆၅၂၀၀ ကျော်ရှိလာ

**ပါရီ မေ ၂၀**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၆၅၂၀၀ ကျော်ရှိလာကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်းက တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါသည် ယခုအခါ ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၉၃ ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး ကမ္ဘာတစ်ဝန်းတွင် ယင်းရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၄၀၃၄၁၀ ရှိလာကြောင်း သိရသည်။ သို့သော် ရောဂါကူးစက်ခံရသူများအနက် ၅၃၇၇၀၀ သည် ရောဂါမှ ပြန်လည်သက်သာလာကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု အများဆုံးနိုင်ငံဖြစ်ပြီး အမေရိကန်တစ်နိုင်ငံတည်းတွင် ရောဂါကူးစက်ခံရသူ ၇၅၉၇၈၆ ဦးနှင့် သေဆုံးသူ ၄၀၆၈၃ ဦးရှိလာကြောင်း သိရသည်။ သို့သော် ရောဂါကူးစက်ခံရသူ ၇၀၉၈၀ သည် ရောဂါမှပြန်လည်သက်သာလာကြောင်း သိရသည်။

ထို့အတူ အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၈၉၂၇ ဦးနှင့် ရောဂါကြောင့်သေဆုံးသူ ၂၃၆၆၀၊ စပိန်တွင် ရောဂါကူးစက်ခံရသူ ၂၀၀၂၁၀ နှင့် သေဆုံးသူ ၂၀၈၅၂ ဦး၊ ပြင်သစ်တွင် ရောဂါကူးစက်ခံရသူ ၁၅၂၈၉၄ ဦးနှင့် သေဆုံးသူ ၁၉၇၁၈ ဦးနှင့် ဗြိတိန်တွင် ရောဂါကူးစက်ခံရသူ ၁၂၀၀၆၇ ဦးနှင့် သေဆုံးသူ ၁၆၀၆၀ စသည်ဖြင့် အသီးသီးရှိကြသည်။

တရုတ်နိုင်ငံတွင် ဟောင်ကောင်နှင့် မကာအို အပါအဝင် ရောဂါကူးစက်ခံရသူ ၈၂၇၄၇ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၄၆၃၂ ဦးရှိသည်။

ဥရောပတစ်ခွင်လုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၈၃၃၀၇ ဦးနှင့် သေဆုံးသူ ၁၀၄၀၂၈ ဦး၊ အာရှတိုက်တွင် ရောဂါကူးစက်ခံရသူ ၁၆၆၄၅၃ ဦးနှင့် သေဆုံးသူ ၇၀၃၀၊ အရှေ့အလယ်ပိုင်းဒေသတွင် ရောဂါကူးစက်ခံရသူ ၁၂၆၇၉၃ ဦးနှင့် သေဆုံးသူ ၅၆၆၄ ဦး၊ လက်တင်အမေရိကနှင့် ကာရေဘီယံနိုင်ငံများတွင် ရောဂါကူးစက် ခံရသူ ၁၀၃၈၅၇ ဦးနှင့် သေဆုံးသူ ၅၀၆၈ ဦး၊ အာဖရိကတွင် ရောဂါကူးစက်ခံရသူ ၂၁၉၅၇ ဦးနှင့် သေဆုံးသူ ၁၁၂၄ ဦးနှင့် သမုဒ္ဒရာဒေသနိုင်ငံများတွင် ရောဂါကူးစက်ခံရသူ ၇၈၇၉ ဦးနှင့် သေဆုံးသူ ၉၀ စသည်ဖြင့် အသီးသီးရှိကြကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဂျေတီ**

# အသေးစားလုပ်ငန်းများသို့ ငွေကြေးပံ့ပိုးကူညီမည့် သဘောတူညီချက် ရရှိတော့မည်ဟု သမ္မတ ထရမ့် ပြောကြား

**ဝါရှင်တန် ဧပြီ ၂၀**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် အသေးစားလုပ်ငန်းများသို့ ပံ့ပိုးကူညီမည့် အပိုငွေကြေးနှင့် ပတ်သက်၍ ရီပတ်ပလီကင်နှင့် ဒီမိုကရက်တစ်ပါတီတို့ အနေဖြင့် သဘောတူညီချက်တစ်ရပ်ရရှိရန် နီးကပ်နေပြီဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

အမေရိကန်နိုင်ငံက ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံ ပမာဏရှိ ကိုရိုနာဗိုင်းရပ်စ် စီးပွားရေးကယ်ဆယ်မှု စီမံချက်ကို ပြီးခဲ့သည့်လက စတင်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရပ်ဆိုင်းခဲ့ရသည့် အသေးစားလုပ်ငန်းများအတွက် ချေးငွေ အစီအစဉ်တစ်ရပ်အဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၅၀ ခွဲဝေသတ်မှတ်ခဲ့သည်။ သို့သော်လည်း အဆိုပါ Paycheck Protection Programme မှာ အသေးစားလုပ်ငန်းများ၏ ချေးငွေရယူမည့် လျှောက်ထားမှုများ ရှိခဲ့သည်။ ပါတီနှစ်ခု အနေဖြင့် ယနေ့ အဖြေတစ်ခုပေးနိုင်ကြောင်း သမ္မတ ဒေါ်နယ် ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ကွန်ဂရက်၌ ဆွေးနွေးနေသည့် သဘောတူညီချက်တွင် ချေးငွေအစီအစဉ်အတွက် နောက်ထပ် ဒေါ်လာဘီလီယံ ၃၀၀ ပါဝင်မည်ဟု ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်က စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားခဲ့သည်။ အသေးစား စီးပွားရေးလုပ်ငန်းရှင်များ၏ စိုးရိမ်ပူပန်မှုများ ဖြေလျှော့စေရန် အမေရိကန်အစိုးရက ကယ်ဆယ်ရေး စီမံချက်များကို ဖြစ်နိုင်သမျှစော၍ အကောင်အထည်ဖော်ရန် ရည်ရွယ်သည်။

အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ၇၆၄၂၆၅ မှုရှိပြီး သေဆုံးသူအရေအတွက်မှာ ၄၁၀၀၀ ကျော်အထိ မြင့်တက်လာခဲ့ကြောင်း ဒုတိယသမ္မတ မိုက်ပန့်စ်က ဧပြီ၁၉ ရက်တွင် ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံမှာ ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှင့် သေဆုံးမှု အများဆုံးနိုင်ငံဖြစ်သည်။

**ကိုးကား-အင်န်အီတီချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**






## ပြင်သစ်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး တိုးတက်မှုရှိကြောင်း ဝန်ကြီးချုပ်ပြောကြား

**ပဲရစ် ဧပြီ ၂၀**

ပြင်သစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်မှုအခြေအနေမှာ တိုးတက်မှုရှိကြောင်း ပြင်သစ်ဝန်ကြီးချုပ် အူဒိုရပ်ဖိလစ်ပီက ဧပြီ ၁၉ ရက်တွင် ပြောကြားသည်။ ဆေးရုံများတွင် တွေ့ကြုံနေရသော ဖိအားပေးမှုများမှာ ယခု အခါ လျော့နည်းလာပြီး အခြေအနေကောင်းမွန်လာကြောင်း၊ အထူးကြပ်မတ် ကုသဆောင်တွင် တက်ရောက်ကုသနေသော လူနာအရေအတွက်မှာလည်း လျော့နည်းကျဆင်းလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီယန်နှင့်ပူးတွဲကျင်းပသော သတင်းစာ ရှင်းလင်းပွဲတွင် ဖိလစ်ပီကပြောကြားသည်။

မိမိတို့အနေဖြင့် မျှော်လင့်မထားသော တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ ပြဿနာများအပြင် ပြင်းထန်သော စီးပွားရေးပြဿနာကိုပါကြုံတွေ့ခဲ့ရကြောင်း ဖိလစ်ပီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၄၃ ဦးအထိ မြင့်တက်လာ

**နယူးဒေလီ ဧပြီ ၂၀**

အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ဦးရေမှာ ၅၄၃ ဦး အထိ မြင့်တက်လာခဲ့ပြီး အတည်ပြုထားသော ကူးစက်မှု စုစုပေါင်း ၁၇၂၆၅ ဦး အထိရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ယနေ့နံနက်ပိုင်းတွင် ပြောကြားခဲ့သည်။ ဧပြီ ၁၉ ရက် နောက်ပိုင်း သေဆုံးသူ ၂၄ ဦးနှင့် ကူးစက်ခံရသူ ၁၁၄၉ ဦး များလာခဲ့ခြင်း ဖြစ်သည်။

လက်ရှိအချိန်အထိ ကျန်းမာရေး ကောင်းမွန်လာသူ ၂၅၄၇ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့ကြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။ အိန္ဒိယနိုင်ငံတွင် ယခုအခါ ရောဂါလက္ခဏာပြသည့် ကူးစက်မှု ၁၄၁၇၅ မှုရှိသည်ဟု အချက်အလက်များက ဖော်ပြသည်။ ယနေ့မှာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါထိန်းချုပ်ရန် အစိုးရက ကြေညာခဲ့သည့် တိုင်းပြည် တစ်ဝန်း အသွားအလာ ကန့်သတ်ထားသည့် ၂၇ ရက်မြောက် နေ့ဖြစ်သည်။ မတ် ၂၅ ရက်က သတ်မှတ်ခဲ့သည့် အသွားအလာ ကန့်သတ်မှုကို မေ ၃ ရက်အထိ သက်တမ်းတိုးခဲ့သည်။ ယနေ့မှ စတင်၍ စီးပွားရေးလုပ်ငန်း အချို့ကို တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်ရန် ဗဟိုအစိုးရ၏ လမ်းညွှန်ချက်များက ခွင့်ပြုသော်လည်း တီလန်ဂါနာ၊ ပန်ဂျပ်နှင့် ဒေလီ ဒေသန္တရ အစိုးရများက အသွားအလာကန့်သတ်ချက်များ ဖြေလျှော့မှုမပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

ကန့်သတ်ချက်များကို မေ ၃ ရက်အထိ ဖြေလျှော့မည်မဟုတ်ဟု ဒေလီနှင့် ပန်ဂျပ်ဒေသန္တရအစိုးရများက ပြောကြားခဲ့သလို တီလန်ဂါနာပြည်နယ် အစိုးရက အသွားအလာကန့်သတ်မှုကို မေ ၇ ရက်အထိ သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



## အသွားအလာ တားမြစ်ကန့်သတ်ခြင်း၏ သက်ရောက်မှုကို အကဲဖြတ်ရေး စိတ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ရန် အီတလီ စဉ်းစား

**ရောမ ဧပြီ ၂၀**

ပြည်သူများအနေဖြင့် အိမ်ပြင်မထွက်ဘဲ ၎င်းတို့၏နေအိမ်များတွင် မည်မျှကြာကြာ နေနိုင်သည်ကို ဆန်းစစ်ရန်အတွက် လူအချို့တွင် စိတ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများကို အစိုးရက ဆောင်ရွက်ရန် အီတလီသိပ္ပံပညာရှင်များက လိုလားကြောင်း ဧပြီ၂၀ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတစ်ခုတွင် ဖော်ပြသည်။

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်နေရချိန်တွင် အီတလီလူမျိုးများသည် အသွားအလာ တားမြစ်ကန့်သတ်မှုများကို မည်မျှကြာအောင် ခံနိုင်မည်ဆိုသည်ကို သိပ္ပံပညာရှင်များက သိရှိနားလည်လိုကြောင်း The Corriere Della Sera သတင်းစာက ဖော်ပြသည်။ ဝန်ကြီးချုပ် ဂီယူဆက်ပီ ကွန်တီက ယခုသီတင်းပတ်တွင် လူမှုရေးဆိုင်ရာလမ်းညွှန်ချက်အသစ်များကို ကြေညာမည် ဖြစ်ကြောင်း၊ ထိုလမ်းညွှန်ချက်များတွင် အဆိုပါစိတ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများပါဝင်လာနိုင်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

အီတလီနိုင်ငံသည် မတ်လ ပထမလဝက်ကာလတွင် ပိုမိုတင်းကျပ်သည့် အသွားအလာ ကန့်သတ်တားမြစ်မှုများပြုလုပ်ခဲ့ပြီး ၎င်း၏ ဆောင်ရွက်မှုကို ဥရောပနိုင်ငံအများစုက ပုံတူကူးခဲ့ကြသည်။ လူဦးရေ သန်း ၆၀ ရှိသည့် အီတလီနိုင်ငံသားများကို အရေးကြီးသည့် အကြောင်းပြချက်မရှိဘဲ ၎င်းတို့နေအိမ်များမှ မီတာ ၂၀၀ ( ပေ ၆၅၀) ထက်ကျော်၍ လမ်းလျှောက်မထွက်ရန် အာဏာပိုင်များက တားမြစ်သည်။

အိမ်တွင်းအကြမ်းဖက်မှု တင်ပြချက်များ တစ်ရှိန်ထိုး မြင့်တက်လာခဲ့ပြီး သက်ကြီးရွယ်အိုများနှင့် ခံနိုင်ရည်နည်းပါးသူများအပေါ် ယင်းကဲ့သို့အသွားအလာကန့်သတ်ခြင်းနှင့် သီးသန့်ခွဲခြားထားရှိခြင်း၏ အကျိုးသက်ရောက်မှုကို သိပ္ပံပညာရှင်များက စိုးရိမ်ပူပန်သည်။ ဝန်ကြီးချုပ် ကွန်တီ၏အစိုးရသည် ကိုရိုနာဗိုင်းရပ်စ်အတွက် ကုသဆေး မပေါ်သေးမီအချိန်တွင် စီးပွားရေးလုပ်ငန်းများ ပြန်ဖွင့်ရန်နှင့် အပြင်မထွက်ဘဲ အိမ်ထဲ၌နေရန် အမိန့်ကို မည်ကဲ့သို့ ရုပ်သိမ်းနိုင်မည်ကို ဆွေးနွေးနေသည်။

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူ ၂၃၆၆၀ သေဆုံးခဲ့သည်။ ဝန်ကြီးချုပ် ကွန်တီသည် လက်ရှိအသွားအလာ တားမြစ်ကန့်သတ်သည့်အမိန့်ကို မေ ၄ ရက်တွင် သက်တမ်းကုန်ဆုံးသည့်အခါ ပြည်သူအများကို နောက်ထပ်အကြောင်းပြချက်များဖြင့် အိမ်အပြင်သို့ ထွက်ခွင့်ပြုလိမ့်မည်ဟု မျှော်လင့်ကြသည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန် - အောင်ဇော်လင်း**

## လက်တင် အမေရိကတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူ ၁၀၀၀၀၀ ကျော်ရှိ

**မက္ကဆီကိုစီးတီး ဧပြီ ၂၀**

လက်တင်အမေရိကဒေသတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်ပွားလျက်ရှိရာ ယင်းဒေသအတွင်း၌ ရောဂါပိုးကူးစက်ခံရသူ ၁၀၀၀၀၀ ကျော်အား မှတ်ပုံတင်ထားနိုင်ပြီဖြစ်ကြောင်း၊ လက်တင်အမေရိကဒေသအတွင်းရှိ ပီဒူးနှင့် ဘရာဇီးနှစ်နိုင်ငံပေါင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူ အရေအတွက်မှာ လက်တင်အမေရိကဒေသအတွင်း၌ ရောဂါပိုးကူးစက်ခံထားရသူဦးရေ၏ ထက်ဝက်ကျော်ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဘရာဇီးနိုင်ငံတွင် ဧပြီ ၁၉ ရက်၌ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံထားရသူဦးရေ ၃၈၆၅၄ ဦးရှိပြီး ရောဂါပိုးကူးစက်မှုကြောင့် သေဆုံးသူ ၂၄၆၂ ဦးရှိသည်။ ဘရာဇီးနိုင်ငံ၌ လူဦးရေအများဆုံးနှင့် အဓိကဖြစ်သည့် ဆာအိုပေါ်လို ပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအဆိုးရွားဆုံး ပြည်နယ်ဖြစ်ပြီး ရောဂါပိုးကူးစက်ခံရသူ ၁၄၂၆၇ ဦး နှင့် သေဆုံးသူ ၁၀၁၅ ဦး ရှိသည်။

ပီရူးနိုင်ငံတွင် ဧပြီ ၁၉ ရက်က ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရမှုအသစ် ၁၂၀၈ ဦးရှိသဖြင့် ရောဂါပိုးကူးစက်ခံရသူ ပေါင်း ၁၅၆၂၈ ဦး ထိရှိလာခဲ့ပြီး သေဆုံးသူပေါင်း ၄၀၀ အထိ ရှိခဲ့သည်။ ဘရာဇီးနိုင်ငံ၏ နောက်တွင် ပီရူးနိုင်ငံက လက်တင်အမေရိကတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်/ သေဆုံးသူ ဒုတိယအများဆုံး နေရာ၌ ရပ်တည်နေကြောင်း ပီရူးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပီရူးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခြင်းခံရသူ ၁၃၄၉ ဦးအား ဆေးရုံများ၌ ကုသမှုပေးထားပြီး လူနာ ၁၆၇ ဦးမှာ အထူးကြပ်မတ်ကုသမှုခံယူနေရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန်- ဇော်ဝင်း**

# ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ကိုဗစ် - ၁၉ ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာများအား ရန်ကုန်မြို့သို့ ပို့ဆောင်ရန် ထွက်ခွာလာသည့် WHO ပိုင် UN တံဆိပ်ပါ မော်တော်ယာဉ်အား မင်းပြားမြို့နယ်၌ ULA/AA အကြမ်းဖက်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် အရပ်သားဝန်ထမ်းနှစ်ဦး ဒဏ်ရာများရရှိ

နေပြည်တော် မေ ၂၀

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ကိုဗစ် – ၁၉ ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာများအား ရန်ကုန်မြို့သို့ ပို့ဆောင်ရန် ထွက်ခွာလာသည့် WHO ပိုင် UN တံဆိပ်ပါ မော်တော်ယာဉ်အား ယနေ့တွင် မင်းပြားမြို့နယ်၌ ULA/AA အကြမ်းဖက်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်သဖြင့် အရပ်သားဝန်ထမ်းနှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့တွင် လေကြောင်းခရီးစဉ်များ ရပ်နားထားသဖြင့် ကိုဗစ်–၁၉ ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ်နမူနာများအား ရန်ကုန်မြို့ရှိ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ရန် စစ်တွေမြို့မှ နံနက် ၈ နာရီ ထွက်ခွာလာသည့် WHO ခန့် ဝန်ထမ်း အရပ်သား ယာဉ်မောင်း ဦးပြည့်စုံဝင်းမောင် မောင်းနှင်ပြီး အရပ်သားဝန်ထမ်း ကျန်းမာရေးကြီးကြပ်(၂) ဦးအောင်မျိုးဦး လိုက်ပါလာသည့် WHO မှ ဒေသဆိုင်ရာ ပိုလီယိုအရာရှိ၏ WHO ပိုင် UN ( 5 / 34) မော်တော်ယာဉ်အား မင်းပြားမြို့နယ် ရာမောင်တံတားအလွန် ရာမောင်ဇက်ဆိပ်အနီး၌ ညနေ ၅ နာရီခန့်တွင် ULA/AA အကြမ်းဖက်အဖွဲ့က လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း။

ထိုသို့ပစ်ခတ်မှုကြောင့် ယာဉ်မောင်း ဦးပြည့်စုံဝင်းမောင်၏ ဘယ်ဘက်တင်ပါး ဖောက်ဝင်ဒဏ်ရာ တစ်ချက်နှင့် ယာဘက်တံတောင်ဆစ် စုတ်ပြတ်ဒဏ်ရာ တစ်ချက်ရရှိခဲ့ပြီး ကျန်းမာရေးကြီးကြပ်(၂) ဦးအောင်မျိုးဦး၏ ယာဘက်လက်ဝါးစုတ်ပြတ်ဒဏ်ရာ တစ်ချက်(လက်မပြတ်ခါနီး) ဒဏ်ရာများရရှိခဲ့သဖြင့် မင်းရွာကျေးလက်ကျန်းမာရေးဌာနမှ တစ်ဆင့် မင်းပြားပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ WHO ပိုင်မော်တော်ယာဉ်မှာ ပစ်ခတ်ခံရသည့်နေရာ မြောင်းထဲကျကျန်ခဲ့သဖြင့် မေ ၂၁ ရက်တွင် သွားရောက်ယူဆောင်မည်ဖြစ်ကြောင်း သိရသည်။

တစ်ကမ္ဘာလုံးက Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ် ၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ အလေးထားတိုက်ဖျက် ဆောင်ရွက်နေချိန်တွင် ULA/AA အကြမ်းဖက်အဖွဲ့က ရန်ကုန်မြို့ရှိ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနသို့ပို့ဆောင်ရန် သွားရောက်သည့် United Nations(UN)တံဆိပ်ပါ WHO မော်တော်ယာဉ်အား ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်ခြင်းမှာ လူသားမဆန်သည့် အကြမ်းဖက်လုပ်ရပ်သာ ဖြစ်ကြောင်း ဝေဖန်ထောက်ပြ ပြောဆိုနေကြသည်။





သတင်းစဉ်

## ဝေါမြို့၌ ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျ၍ မီးလောင်မှုဖြစ်

ဝေါ မေ ၂၀

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရန်ကုန်–မော်လမြိုင်ကားလမ်းမကြီး မိုင်တိုင်အမှတ် (၁/၂–၃)ကြားတွင် မေ ၁၉ ရက် ည ၁၀ နာရီ ၃၅ မိနစ်ခန့်က မော်လမြိုင်မှ ရန်ကုန်သို့ ကျော်စွာဦး မောင်းနှင်လာသောယာဉ်မှာ အဖျားငှက် ချေးဝင်းအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်း ကျော်စွာဦး၊ ဦးစန်းညွန့်ဝင်းနှင့် ကိုရဲရင့်ထက်တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ဒေါ်ဥမ္မာဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် ယာဉ်မောင်း ကျော်စွာဦးအား ဝေါမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်မြတ်လင်း(ပြန်/ဆက်)

## ဖားကန့်မြို့နယ်၌ မြေစာပုံပြိုကျ၍ အမျိုးသားတစ်ဦး သေဆုံး



ဖားကန့် မေ ၂၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု တောင်ပြိုကျေးရွာအနီးရှိ ကျောက်မျက်ကုမ္ပဏီ၌ ယနေ့နံနက်ပိုင်းက မြေစာပုံပြိုကျ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီခန့်က ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု တောင်ပြိုကျေးရွာအနီးရှိ ပိုင်ဖြိုးသီဟ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီလုပ်ကွက်တွင် အမြင့်ပေ ၃၀၀ ခန့်မှ အကျယ်ပေ ၁၀၀ ခန့်ရှိမြေစာများပြိုကျခဲ့၍ ရေမဆေးကျောက်ရှာဖွေသူ သုံးဦးခန့် မြေစာဖုံးလွှမ်းပျောက်ဆုံးကာ အသက် ၂၀ နှစ်ခန့်ရှိ အမျိုးသားတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတူးဖော်ရရှိခဲ့သည်။ မြေစာဖုံးလွှမ်းပျောက်ဆုံးနေသူများကို ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆက်လက်တူးဖော်ရှာဖွေလျက်ရှိကြောင်း သိရသည်။ ဝင်းနိုင်(ကချင်မြေ)

## မြစ်ကြီးနားနှင့် မဘိမ်းမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မြစ်ကြီးနား**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၉ ရက် ညနေ ၄ နာရီက မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် နယ်မြေ(၁၁)ရှိ ကိုကိုအောင်(ခ)အောင်ကြီး၏နေအိမ်ဆိုင်ခန်းကို ရှာဖွေရာ ၎င်းနှင့်အတူ ပေါက်စ၊ ဖြိုးဝေထွန်းတို့အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၄၅၅၄ ပြားနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**မဘိမ်း**

အလားတူ ယင်းနေ့နံနက်ပိုင်းတွင် မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ဘဟဲကျေးရွာနေ နန်းငွေအောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

## မင်းလှ၌ ဆိုင်ကယ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ သစ်ပင်ဝင်တိုက်၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

မင်းလှ မေ ၂၀

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ညောင်နီကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၉၆/၇)နှင့် (၉၆/၈)အကြားတွင် မေ ၁၉ ရက် ညနေ ၅ နာရီ မိနစ် ၅၀ က ဆိုင်ကယ်တစ်စီးအရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ဝင်တိုက်မိပြီး တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်–ပြည်ကားလမ်းမကြီးအတိုင်း ရန်ကုန်မှ ပြည်သို့ သန့်ဇော် မောင်းနှင်ပြီး သန့်ဇင်နှင့် မဝင်းဝင်းနိုင်တို့ လိုက်ပါလာသော ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိသစ်ပင်အား ဝင်တိုက်မိရာ သန့်ဇော်မှာ နေရာ၌သေဆုံးခဲ့ပြီး သန့်ဇင်နှင့် မဝင်းဝင်းနိုင်တို့မှာ(စိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းလှမြို့နယ် စစ်ကွင်းနယ်မြေမရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**



## မန္တလေးမြို့ ကျုံးတောင်ဘက်တွင် ဆိုင်ကယ်စီးလာသူ တစ်ဦးအား ရိုက်နှက်လုယူမှုဖြစ်

မန္တလေး မေ ၂၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း၊ ၆၉လမ်းနှင့် လမ်း ၇၀ ကြား ကျုံးတောင်ဘက်တွင် မေ ၁၉ ရက် ည ၉ နာရီခွဲက ဆိုင်ကယ်စီးလာသူတစ်ဦးအား ရိုက်နှက်ကာ ဆိုင်ကယ်၊ ဖုန်းနှင့် ပိုက်ဆံအိတ်တို့ လုယူမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုနိုင်နိုင်ဝင်းသည် ၂၆ လမ်းအတိုင်း အနောက်မှအရှေ့သို့ ဆိုင်ကယ်စီးလာစဉ် ၆၉ လမ်းနှင့် လမ်း ၇၀ ကြား၊ ကျုံးတောင်ဘက်ခြမ်းတွင် လူနှစ်ဦးက တုတ်ဖြင့်ရိုက်နှက်ပြီး ဆိုင်ကယ်၊ ပိုက်ဆံအိတ်နှင့် ဖုန်းတစ်လုံးတို့အား လုယက်ယူဆောင်သွားသဖြင့် မေ ၁၉ ရက်တွင် ကိုနိုင်နိုင်ဝင်းက အမှတ်(၃) နယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

အဆိုပါအမှုအား မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ကွပ်ကဲမှုဖြင့် တိုင်းမှုခင်းအကူဌာနစိတ်၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစိတ်၊ နယ်မြေခံရဲစခန်းမှ တာဝန်ရှိသူများက စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ အောင်နိုင်ဖြိုးနှင့် ကတုံး(ခ)ကုလား(ခ)အောင်ဖြိုးဦးတို့အား လုယက်ရိုက်နှက်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မန်းကိုယ်ပွား

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၀

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၉ ရက်တွင် မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆၅ စီး၊ သွင်းကုန် ၄၄၉ စီး၊ ရန်ကုန်–မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၈ သန်း) တန်ဖိုးရှိ လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီးအား သိမ်းဆည်းရမိကြောင်း သိရသည်။ **သတင်းစဉ်**

## မယ်စဲ့မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီး

မယ်စဲ့ မေ ၂၀

ကယားပြည်နယ် မယ်စဲ့မြို့နယ် နမ့်မန်းကျေးရွာ၌ မေ ၁၉ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံးနှင့် ဂိုဒေါင်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် နမ့်မန်းကျေးရွာနေ ဦးကျော်သန်း၏ နေအိမ်ဝရန်တာ အမိုးလန်ပျက်စီးခြင်းနှင့် ဦးညေးရယ်၏ ဂိုဒေါင်တစ်လုံး အမိုးလန်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ ဝတ်ရည်(ပြန်/ဆက်)



# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်များ၌ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများအား ဆောင်ရွက်မှုအခြေအနေများ ခြုံငုံဆန်းစစ်ခြင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မေ ၂၀

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပခဲ့သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များ၌ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများအား ဆောင်ရွက်မှု အခြေအနေများ ခြုံငုံဆန်းစစ်ခြင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဤသို့ခြုံငုံသုံးသပ်ဆန်းစစ်ရခြင်းမှာ မိမိတို့ဆောင်ရွက်လျက်ရှိသော လုပ်ငန်းနည်းဗျူဟာများ၏ ထိရောက်မှု ရှိ၊ မရှိ၊ အခြေအနေနှင့်လိုအပ်ချက်များကို ဖော်ထုတ်ကာ လိုအပ်သည်များအားဖြည့်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် (၄–၁–၂၀၂၀)ရက်နေ့မှစတင်၍ COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လာခဲ့ရာတွင် ဤရောဂါအသစ်၏ဖြစ်စဉ်ပြောင်းလဲမှုပုံစံ၊ ပြောင်းလဲလာသော ရောဂါဖြစ်ပွားမှုနှင့်ရောဂါကူးစက်ပျံ့နှံ့မှုပုံစံများနှင့်အညီ မိမိ တို့သည် နည်းဗျူဟာများ မွမ်းမံပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ်ဦးပိုင်း၌ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့စဉ်က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်ပုံစံ ရေးဆွဲချမှတ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါကြောင်း၊ ယခုအခါ၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဖြစ်ပေါ်လျက်ရှိသော ရောဂါနှင့်ပတ်သက်သည့် ကပ်ရောဂါဗေဒဆိုင်ရာ အခြေအနေအဝဝ (epidemiological situation) ကို အနီးကပ် အသေးစိတ်သုံးသပ်လျက်ရှိပြီး လိုအပ်လျှင်လိုအပ်သလိုနည်းဗျူဟာအချို့ကို မွမ်းမံပြင်ဆင်ချမှတ်ကာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့မှသာ ငွေကုန်ကြေးကျနည်းပါးစွာဖြင့် အကျိုးရှိ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

### ပထမဦးစားပေးအဆင့်ဖြစ်လာ

ယခုအခါ ဆေးရုံ၌ COVID–19 လူနာများအား ကုသမှုနှင့်လူနာများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်ခြင်း (contact tracing)တို့သည် ပထမဦးစားပေးအဆင့်ဖြစ်လာပြီဖြစ်ပါကြောင်း၊ လူနာများနှင့်ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ်ခြင်းတွင် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အလွန်မြင့်မားပြီး မရှိမဖြစ်လိုအပ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများ၊ ဆောင်ရွက်နေဆဲလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲနှင့်စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးစေလိုပါကြောင်း၊ လိုအပ်သည့်ဆေးနှင့်ဆေးပစ္စည်းများ၊ တစ်ကိုယ်ရေကူးစက်ရောဂါကာကွယ်ရေးဝတ်စုံနှင့် အသုံးအဆောင်များအား အသုံးပြုမှုနှုန်းထားပုံစံများကို လေ့လာ၍သိပ္ပံနည်းကျတွက်ချက်ကာ လျော့နည်းကုန်ဆုံးလာမည့်ပမာဏနှင့် ထပ်မံလိုအပ်နိုင်သည့်ပမာဏတို့ကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်မှာကြားရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအချိန်၌ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်တွေ့မြေပြင်၌ အဖွဲ့အစည်းများစွာပါဝင်သည်မှာ ကောင်းမွန်သော်လည်း မိမိတို့သည် ၎င်းအဖွဲ့အစည်းများနှင့် စနစ်တကျ ချိန်သားကိုက်ပူးပေါင်းဆောင်ရွက်မှုများသည် အထူးအရေးကြီးပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းပါဝင်ဆောင်ရွက်နေသူအားလုံးအကြားတွင် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ အပြန်အလှန်ဝေမျှမှုများသည် အလွန်အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါကြောင်း။

ပြည်တွင်းသို့ပြန်လာသူမြန်မာနိုင်ငံသားများအား အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများအား စနစ်တကျကြိုတင်ပြင်ဆင်စီမံခန့်ခွဲမှုသည် အထူးအရေးကြီးပါကြောင်း၊ ယခုအခါ ရောဂါပျံ့နှံ့မှုပုံစံသိရှိရန်အတွက် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာများမှ ဓာတ်ခွဲနမူနာများ ပိုမိုရယူဆောင်ရွက်လျက်ရှိပါကြောင်း။

### သတင်းအချက်အလက်များ လုံးဝထိမ်ချန်ခြင်းမရှိ

ပြည်သူ့ကျန်းမာရေး ပိုမိုကောင်းမွန် ထိရောက်စေရေးအတွက်လည်းကောင်း၊ ကုသမှုပိုင်းဆိုင်ရာများ ပိုမိုကောင်းမွန်စေရန်အတွက်လည်းကောင်း သုတေသနများ ပိုမိုပြုလုပ်စေလိုပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကိုဗစ် –၁၉ ရောဂါနှင့်ပတ်သက်သော သတင်းအချက်အလက်များကို လုံးဝထိမ်ချန်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ပေးအပ်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် ရောဂါဖြစ်ပွားမှု သတင်းအချက်အလက်အမှန်များကို သိရှိမှသာ မိမိတို့ကိုယ်တိုင် ရောဂါကူးစက်မှုမခံရစေရေးအတွက် လည်းကောင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း အလေးထားဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးဒေါက်တာမြလေးစိန်က ဆေးနှင့်ဆေးပစ္စည်းများ၊ ရောဂါကူးစက်မှုကာကွယ်ရေးဝတ်စုံနှင့် အသုံးအဆောင်များကို တိုင်းဒေသကြီး/ ပြည်နယ်များသို့ ထပ်မံဖြန့်ဝေထားရှိမှု စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ကုသရေး၊ ပြည်တွင်းပြည်ပဆက်သွယ်ရေးနှင့် သတင်းပြန်ကြားရေးတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Video Conferencing စနစ်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်များ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်များ၊ တာဝန်ရှိသူများနှင့် လုပ်ငန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ပပြန်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID–19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာ ကာကွယ်နိုင်မှာဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID–19 ကူးစက်ရောဂါပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသောညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID–19 ကပ်ရောဂါကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID–19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID–19 ရောဂါကြောင့် လူစုလူဝေးများ မဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များတူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇ ၃၄၀၄၆၆၆ နှင့် ၀၆၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပါအချက်များကို သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသော နေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့်အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့်အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သောနေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်းမပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID–19 ရောဂါကူးစက်ပျံ့နှံ့နေချိန် အပူရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာနေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော် ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

# ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပြည်တွင်းဟိုတယ်လုပ်ငန်းရှင်အချို့ ပူးပေါင်းဆောင်ရွက်လာ

**ရန်ကုန် မေ ၂၀**

နိုင်ငံတော်အစိုးရက ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်တွင်းရှိ ဟိုတယ်လုပ်ငန်းရှင်အချို့က လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သည့်အနေဖြင့် ဟိုတယ်များတွင် အသွားအလာတားမြစ် ပိတ်ပင်ကန့်သတ်ခြင်းအား မေတ္တာဖြင့်ထားရှိလာကြကြောင်း သိရသည်။

"ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပြီးခဲ့တဲ့ မတ် ၂၅ ရက်နဲ့ ၂၆ ရက်က ပြည်ပနိုင်ငံအသီးသီးမှ ခရီးသည်များစွာရောက်ရှိခဲ့လို့ ကန့်သတ်စောင့်ကြည့်ထားရှိရန် နေရာအခက်အခဲရှိနေတာ သိရတာကြောင့် ဟိုတယ်လိုအပ်ပါက အသုံးပြုဖို့အတွက် သက်ဆိုင်ရာကို အကြောင်းကြားခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ဟိုတယ် စည်းမျဉ်း၊ စည်းကမ်းနှင့်ကိုက်ညီမှု ရှိ၊ မရှိ ဟိုတယ်မှာ လာရောက်စစ်ဆေးခဲ့ပြီး ကန့်သတ်စောင့်ကြည့် ပြုလုပ်လိုကြတဲ့ ပြည်တွင်းပြည်ပခရီးသည် စုစုပေါင်း ၁၁၇ ဦး ဟိုတယ်ကို လာရောက်ပို့ဆောင်ခဲ့ပါတယ်။ ကျွန်တော်တို့ ဟိုတယ်အနေနဲ့ ကန့်သတ်စောင့်ကြည့် ဧည့်သည်ကို မေတ္တာဖြင့်ထားရှိပြီး တစ်နေ့တာအစားအစာ အတွက်ကိုသာ တစ်ရက်ငွေကျပ် တစ်သောင်းပဲယူပါတယ်။ တာဝန်ကျဆရာဝန်များနဲ့ သူနာပြုများကလည်း ကျန်းမာရေးစစ်ဆေးမှုတွေကို ပုံမှန်ဆောင်ရွက်ပေးခဲ့ကြလို့ ကန့်သတ်စောင့်ကြည့် ပြုလုပ်ပြီးကြောင်း ထောက်ခံချက်လက်မှတ်ရရှိကြတဲ့ ဧည့်သည်တွေလည်း နေအိမ်ပြန်ကြပြီဖြစ်ပါတယ်" ဟု ရန်ကုန်မြို့ City Hotel Yangon မှ ဦးကိုကိုလတ် (ဟိုတယ်လုပ်ငန်းရှင်) က ပြောသည်။



"အနီးကပ်ကြီးကြပ်ဖို့အတွက်ကို ကျွန်တော်တို့ ပြင်ဆင်ထားတာက အခန်းအားလုံး ၁၁၄ ခန်းအဆင်သင့် ရှိနေပါတယ်။ အားလုံးလည်းအဆင်သင့်ပါပဲ။ တစ်ခါတည်း တန်းပြီး ဝန်ဆောင်မှုပေးနိုင်တဲ့အနေအထားကို လုပ်ထားတာပါ။ ကန့်သတ်စောင့်ကြည့်ထားရှိသူတွေရဲ့သဘောအရ စားသောက်စရိတ်ကို အကယ်၍ ပေးမယ်ဆိုလည်း ရပါတယ်။ မပေးဘူးဆိုလည်း ကျွန်တော်တို့ လက်ခံပေးပါတယ်။ ကျွန်တော်တို့ရဲ့ စိတ်ရင်းစေတနာနဲ့ တစ်ဖက်တစ်လမ်းက အကျိုးပြုနိုင်ဖို့ လုပ်ဆောင်တာဖြစ်ပြီး မည်သည့်ရည်ရွယ်ချက်မှ ကျွန်တော်တို့မှာ မရှိပါဘူး။ အဓိကကတော့ တစ်ကမ္ဘာလုံးပြန့်ပွားနေတဲ့ ကိုဗစ်–၁၉ ရောဂါ ဆက်လက်မပြန့်ပွားအောင် ကျွန်တော်တို့လည်း တစ်ဖက်တစ်လမ်းက ကူညီတဲ့အနေနဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်မက်ဆေ့ချ်ပေးချင်တာကတော့ တခြားဟိုတယ်တွေလည်း ဖြစ်နိုင်မယ်ဆိုရင် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းကနေပြီးတော့မှ စွမ်းစွမ်းတမံကျရာတာဝန်ကနေ ကူညီပေးစေချင်ပါတယ်" ဟု နေပြည်တော်ရှိ New Aye Yar Hotel မှ General Manager ဦးအောင်မိုးက ပြောသည်။

**သတင်း–ပွင့်သစ္စာ**
**ဓာတ်ပုံ–စိုးမြင့်အောင်**

# ပလိပ်မြို့၌ အလိုအလျောက်ပိုးသတ်ဆေး ဖျန်းစက်အခန်းမှ ဖြတ်သန်း၍ ဈေးအတွင်းသို့ ဝင်ရောက်ခွင့်ပြု

**မန္တလေး မေ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပလိပ်မြို့ရှိပလိပ်စည်ပင်သာယာဈေး အတွင်းသို့ ယနေ့မှစတင်၍ ဈေးရောင်းချသူများနှင့် ဝယ်ယူသူများအား အလိုအလျောက် ပိုးသတ်ဆေးဖျန်းစက်အတွင်း ဖြတ်သန်းပြီးမှသာ ဈေးအတွင်းသို့ ဝင်ရောက်ခွင့်ပြုသည့် အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါပိုးသတ်ဆေးဖျန်းစက်ကို Covid Killer Group(Paleik) က စီစဉ်လှူဒါန်းထားခြင်းဖြစ်ပြီး ယခုအစီအစဉ်အား စဥ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း Covid Killer Group(Paleik)မှ အတွင်းရေးမှူး ကိုရဲနွေက ပြောသည်။

"ဒီနေ့ကစပြီး ကျွန်တော်တို့ ဈေးအတွင်းကို နှာခေါင်းစည်းမတပ်ထားရင် ဝင်ခွင့်မပြုတော့သလို အလိုအလျောက် ပိုးသတ်ဆေးဖျန်းစက်အတွင်းကို ဖြတ်ပြီးမှ ဝင်ခွင့်ပြုတဲ့ အစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ဦးရွှေရိုး၊ ဒေါ်မိုး ဝတ်စုံဝတ်ဆင်၍ ဈေးရောင်းချသူတွေကို နှာခေါင်းစည်းတွေ ဝေငှပေးပြီး ဈေးကို ကလေးငယ်တွေ ခေါ်လာရင် ပြန်ခိုင်းတဲ့အစီအစဉ်တွေကို ဆောင်ရွက်ကြပါတယ်" ဟု ၎င်းက ပြောသည်။

ပလိပ်မြို့တွင် မတ် ၂၇ ရက်မှစတင်ကာ Covid Killer Group(Paleik) ကို ဖွဲ့စည်းခဲ့ပြီး ကိုဗစ်–၁၉ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် အသိပညာပေးခြင်း၊ နှာခေါင်းစည်းဝေငှခြင်း၊ ရပ်ကွက်ကျေးရွာများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာအုပ်ချုပ်ရေး၊ ကျန်းမာရေးဌာနများနှင့်ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**တောင်တွင်းကြီး မေ ၂၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီက ပြုလုပ်သည်။

ထိုသို့လှူဒါန်းရာတွင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီသို့ ပခုက္ကူမြို့ ဟိုတယ်ရိုးမပခုက္ကူ မိသားစုက တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၃၅ စုံ၊ အပူချိန်တိုင်းကိရိယာ ခုနစ်လက်၊ နှာခေါင်းစည်း ၃၅၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင်က လက်ခံရယူခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ စိတ္တသုခလူမှုကူညီရေးအသင်းသို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံငါးစုံနှင့် အပူချိန်တိုင်းကိရိယာ တစ်လက်၊ ကုက္ကိုခွရွာ၊ ကုက္ကိုကုန်းရွာ၊ ခင်တဲရွာ၊ တက်ပုအောင်းရွာနှင့် ချောင်းနက်ရွာများသို့ အပူချိန်တိုင်းကိရိယာတစ်လက်စီ၊ မြို့နယ်ရဲတပ်ဖွဲ့သို့ နှာခေါင်းစည်းအခု ၁၀၀၊ မြို့နယ်မီးသတ်တပ်ဖွဲ့သို့ နှာခေါင်းစည်းအခု ၁၀၀၊ ခင်တဲရွာသို့ နှာခေါင်းစည်းအခု ၅၀ တို့ကို အသီးသီး ပြန်လည်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။




**အေးမိုးမိုးမြင့်(ပြန်/ဆက်)**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့်ကလေးဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်း

**ရန်ကုန် မေ ၂၀**

တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနှင့်ကလေး ဆေးရုံကြီး၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော ကျန်းမာရေး ဝန်ထမ်းများ အသုံးပြုနိုင်ရန် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ယနေ့ မွန်းတည့် ၁၂ နာရီက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လာရောက် လှူဒါန်းခဲ့ရာ ဆေးရုံတာဝန်ခံများ၊ မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ နာယကများနှင့် အဖွဲ့ဝင်များက လက်ခံ ရယူခဲ့သည်။

အဆိုပါ လှူဒါန်းရရှိသော ဆေးဘက်ဆိုင်ရာ အထောက်အကူပြု ပစ္စည်းများတွင် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံပြည့် အစုံ (၁၀၀)၊ နှာခေါင်းစည်း အခု (၁၀၀၀)၊ လက်သန့်ဆေးရည် ၅၀၀ မီလီ ငါးဘူး၊ ရေမလို လက်သန့်ဆေး ရည် –၂၀ လီတာ နှစ်ပုံး၊ အရက်ပြန်– ၁၀၀ မီလီ ဘူး (၆၀) ပါဝင်ကြောင်း သိရသည်။

**နေထက်အောင်**

## ဘုတလင်မြို့နယ် ငပယင်းကျေးရွာမှ ထောက်ပံ့ရရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ပြန်လည်လှူဒါန်း

**ဘုတလင် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် နိုင်ငံတော်မှထောက်ပံ့ပေးသောအခြေခံစားသောက်ကုန်ပစ္စည်းများကို ပြန်လည်လှူဒါန်းသည့် တတိယမြောက်ကျေးရွာအဖြစ် ငပယင်းကျေးရွာမှ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများက မေ ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် စားသောက်ကုန်ပစ္စည်းများကို ပြန်လည်လှူဒါန်းခဲ့ကြောင်း မြို့နယ်အခြေခံစားသောက်ကုန်ပစ္စည်းများ လက်ခံရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

ငပယင်းကျေးရွာတွင် ထောက်ပံ့မှု ရရှိသည့် အိမ်ထောင်စု ၁၄၁ စုလုံးက ပြန်လည်လှူဒါန်းခဲ့ပြီး ယင်းအိမ်ထောင်စုများ ပြန်လည်လှူဒါန်းခဲ့သည့် စားသောက်ကုန်များအနက် မူလစာရင်းတွင် မပါဝင်သည့် အမှန်တကယ်လိုအပ်သော အိမ်ထောင်စုသုံးစုကို သတ်မှတ်နှုန်းထားအတိုင်း လှူဒါန်းခဲ့ကာ ကျန်ရှိသည့် ဆန် ၆၉ တင်းခွဲ၊ ဆီ ၆၉ ဒသမ ၅ ပိဿာ၊ ပဲ ၈၈ ဒသမ ၅ ပိဿာ၊ ကြက်သွန် ၁၄၈ ဒသမ ၅ ပိဿာနှင့် ဆား ပိဿာ ၁၉၀နှင့် အလှူရှင်ဒေါ်သန်းမြင့် သီးခြားလှူဒါန်းသည့် ဆန် တစ်တင်းအိတ် တစ်အိတ်တို့ကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် အိမ်ထောင်စုဝင်များကိုယ်တိုင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် မြို့နယ်ကော်မတီဝင်များထံသို့ ပြန်လည်လှူဒါန်းခဲ့ကြသည်။

"နိုင်ငံတော်က ထောက်ပံ့ပေးတဲ့ အခြေခံစားသောက်ကုန်ပစ္စည်းတွေကို အိမ်ထောင်စုအားလုံးထံသို့ ဖြန့်ဝေခဲ့ပါတယ်။ စားသောက်ကုန်ပစ္စည်းတွေ ရရှိတဲ့ အိမ်ထောင်စုတွေက ကျေးရွာကော်မတီဆီကို တစ်အိမ်ထောင်ချင်း လာရောက်ပြီး ပြန်လည်လှူဒါန်းခဲ့ကြပါတယ်။ သူတို့ ပြန်လည်လှူဒါန်းမှုကိုလည်း ကျေးရွာပြည်သူတွေ သာဓုခေါ်နိုင်အောင် အသံချဲ့စက်နဲ့ ကြေညာပေးတယ်။ အဲဒီလိုကြေညာပေးရာကနေ ကိုယ့်ထက်လိုအပ်နေတဲ့ ကျေးရွာတွေ၊ အိမ်ထောင်စုတွေကို ရစေချင်လို့ ထောက်ပံ့မှုရရှိတဲ့ အိမ်ထောင်စုအားလုံးက ပြန်လည်လှူဒါန်းခဲ့တာပါ"ဟု ငပယင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ကိုနိုင်က ပြောသည်။

ဘုတလင်မြို့နယ်တွင် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် စားသောက်ကုန်ပစ္စည်းများကို ပြန်လည်လှူဒါန်းသည့် အုတ်ကျင်း၊ ကန်တော်သာနှင့် ငပယင်းကျေးရွာစသည့် ကျေးရွာသုံးရွာရှိခဲ့ပြီး ယင်းကျေးရွာများမှ ပြန်လည်လှူဒါန်းခဲ့သည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို မြို့နယ်အတွင်းရှိ ကနဦးစာရင်းတွင်မပါရှိသည့် အိမ်ထောင်စုများအား ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**





## ဝက်လက်မြို့ ကြို့ပင်ပရိယတ္တိစာသင်တိုက်ရှိ ဘိုးဘွားများအား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ကြက်သွန်များ လှူဒါန်း

**ဝက်လက် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ ကြို့ပင်ပရိယတ္တိစာသင်တိုက် ဘိုးဘွားရိပ်သာတွင် နေထိုင်သော သက်ကြီးဘိုးဘွား ၅၃ ဦးတို့အား ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်နီများကို မေ ၁၉ ရက် ညနေ ၅ နာရီက ပေးအပ်လှူဒါန်းသည်။

သက်ကြီးဘိုးဘွား ၅၃ဦးတို့အား သီတဂူဆရာတော်ကြီးက (၁)ဦးလျှင်ဆန် (၁၆) ပြည်၊ ပဲ (၂)ပိဿာ၊ ဆီ (၁)ပိဿာ တို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ကြက်သွန်နီ (၁)ပိဿာ၊ ပဲ (၁)ပိဿာ၊ ဆား (၅၀)ကျပ်သားတို့ကို အသီးသီး ပေးအပ်လှူဒါန်းသည်။

အဆိုပါ ပေးအပ်လှူဒါန်းမှုကို ဝက်လက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်မောင်၊ အမှတ် (၃)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းအောင်တို့က ပေးအပ်လှူဒါန်သည်။

**စိုးစိုးလှိုင်(ဝက်လက်)**

## ကိုဗစ် - ၁၉ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်ရေး အသိပညာပေး



**ဆိပ်ဖြူ မေ ၂၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပျံကျယာယီ ဖွင့်လှစ်ထားသည့်ဈေးတွင် ကိုဗစ် - ၁၉ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်စေရန် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၁၉ ရက် နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဈေးသူဈေးသားများ၊ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်စေရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များ၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများနှင့် ရောဂါဖြစ်ပွားရာထိစပ်နယ်မြေများမှ ပြန်လာသူများ၊ အတူနေမိသားစုဝင်များ ဆောင်ရန်ရှောင်ရန် အချက်အလက်များ၊ လူစုလူဝေးနေရာများ သွားလာခြင်းမပြုရေး၊ လူတိုင်းလူတိုင်း စနစ်တကျ လက်ဆေးနည်းများကို အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## ပြည်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လက်ဆေးဘေစင်များတပ်ဆင်ပေး

**ပြည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် လက်ဆေးဘေစင်များတပ်ဆင်ပေးခြင်း၊ ပညာပေးဗီနိုင်းပိုစတာစိုက်ထူခြင်း၊ ရေနှင့် လက်ဆေးဆပ်ပြာ၊ လက်သန့်ဆေးရည်များ ဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်မြို့ရှိ ကန့်သတ်စောင့်ကြည့်စခန်းများ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၉ ရွာတို့တွင် လက်ဆေးဘေစင်၊ ရေပုံး၊ ရေခွက်များ၊ ဆပ်ပြာနှင့် ဆပ်ပြာခွက်များ၊လက်သန့်ဆေးရည်များ၊ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရန် ရှောင်ရန်အချက်များပါရှိသော ပညာပေးဗီနိုင်းပိုစတာ စသည်တို့ကို ဖြန့်ဝေတပ်ဆင်ပေးခဲ့ကြောင်း ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက ပြောသည်။

**ငြိမ်းသူ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**လှိုင်းဘွဲ့ မေ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအသင်းတို့ ပူးပေါင်း၍ မဲလောင်းလေးကျေးရွာတွင် ပိုးသတ်ဆေးဖျန်းခြင်းကို မေ ၁၉ ရက် ညနေ ၃ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပိုးသတ်ဆေးများ ပက်ဖျန်းရာတွင် ပြည်သူများကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် လှိုင်းဘွဲ့မြို့ အဝင်မှစတင်၍ မဲလောင်းလေးကျေးရွာအတွင်းရှိလူစည်ကားရာ နေရာများ၊ စာသင်ကျောင်းများ၊ ကန့်သတ်စောင့်ကြည့်နေရာများ၊ နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းတို့တွင် ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေး

**ရေး မေ ၂၀**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို မေ ၁၉ ရက် နံနက်ပိုင်းက ရေးမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အောင်သီတာဈေး(ရွာကလေးဈေး)၌ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအသိပညာပေးလုပ်ငန်းတွင် ဈေးအတွင်း ဈေးရောင်းချသူများ၊ ဈေးဝယ်သူများအား လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်ပေးခြင်း၊ ဈေးသို့လာချိန်၊ အပြင်ထွက်သော အချိန်တိုင်းတွင် နှာခေါင်းစည်းတပ်ရန် စည်းရုံးလှုပ်ရှားမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အောင်မင်္ဂလာရပ်ကွက် လူငယ်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဖြိုး(ပြန်/ဆက်)**

## နွားထိုးကြီးမြို့အဝင်ဂိတ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စစ်ဆေးဆောင်ရွက်

**နွားထိုးကြီး မေ ၂၀**

နွားထိုးကြီးမြို့နယ် မြို့အဝင်ဂိတ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အတွင်း ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များတွင် ယာဉ်မောင်းနှင့်ပြည်သူများ၊ ဈေးဝယ်လာပြည်သူများအား ကိုယ်အပူချိန်တိုင်းခြင်း၊ သွားရောက်သည့်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များ မှတ်တမ်းရယူခြင်း လုပ်ငန်းများကို ဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းအောင်ဇော်**

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ထောက်ပံ့ပစ္စည်းနှင့်ထောက်ပံ့ငွေများ ပေးအပ်



**မိုင်းယောင်း ဧပြီ ၂၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့်အတူ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ဧပြီ ၁၉ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ထပ်လုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းယောင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် အထောက်အကူပြုပစ္စည်းများဖြစ်သော နှာခေါင်းစည်း ၁၀ ဖာ၊ လက်သန့်ဆေးရည် ၁၀ ဘူး၊ Non Contact အပူချိန်တိုင်းကိရိယာ ခြောက်ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၃၀၊ မျက်မှန်ခြောက်ခု၊ Gloves ၁၀ စုံ၊ Rapid Test For COVID-19 တစ်ဖာတို့ကို ပေးအပ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဟန်စိုး နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**
**(ပြန်/ဆက်)**

## ဘားအံမြို့နယ်အတွင်း ရေရှားပါးလျက်ရှိသည့် ကျေးရွာများသို့ သောက်သုံးရေများသွားရောက် လှူဒါန်း



**ဘားအံ ဧပြီ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း မိုးရွာသွန်းမှုနည်းပါးပြီး ရာသီဥတုပူပြင်းသောကြောင့် ကျေးရွာတချို့တွင် လတ်တလော ရေရှားပါးမှုများကြုံတွေ့နေရခြင်းကြောင့် ဧပြီ ၁၉ ရက် ညနေပိုင်းက ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာအုပ်စုရှိ ကျေးရွာများတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းက "ဘားအံမြို့နယ်မှာ ၂၀၁၆ ခုနှစ်က ကျေးရွာ ၂၀ ရေရှားပါးမှုအတွက် ရေတိုရေရှည် ရေရရှိရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ နောက်ပိုင်းနှစ်တွေမှာ ရေရှားပါးမှုကြုံတွေ့ခြင်းနည်းပြီး ဒီနှစ်မှာတော့ မိုးရွာသွန်းမှုကာလစောတာရယ်၊ ရာသီဥတုပူပြင်းတာရယ်၊ မိုးအကြိုကာလမိုးမရွာတာရယ်ကြောင့် တချို့ရွာတွေ ရေရှားပါးမှုများ ကြုံတွေ့ရခြင်း ဖြစ်ပါတယ်၊ ၁၀ ရွာလောက် ရေရှားပါးနေတယ်လို့ ခန့်မှန်းရပြီး ဆက်သွယ်လာပါက လိုအပ်သလို လှူဒါန်းပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထိုသို့ သောက်သုံးရေများလှူဒါန်းရာတွင် ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာအုပ်စု နောင်လုံအနောက်ကျေးရွာအုပ်စုတို့၏ ဆက်စပ်ဧရိယာတွင် ကော့သင်းရှူး၊ ကော့ဒိုင်း၊ ကော့ဒူး၊ နောင်လုံအနောက်ကျေးရွာများတည်ရှိကာ အိမ်ခြေ ၁၃၃အိမ်၊ လူဦးရေ ၆၆၅ ဦး နေထိုင်လျက်ရှိရာ လတ်တလောတွင် နွေရာသီရေရှားပါးမှုများ ကြုံတွေ့နေရခြင်းကြောင့် ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၃၂၀၀ ကို ကော့ဒိုင်းကျေးရွာအများသုံး ယာယီရေလှောင်ကန်အတွင်း သွားရောက် ပို့ဆောင်လှူဒါန်းခဲ့သည်။

**နေမျိုးလွင် (ပြန်/ဆက်)**

## မင်းဘူးခရိုင်အတွင်းရှိ ကျေးရွာ ၇၂ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ရှိ ကျေးရွာ ၇၂ ရွာကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ စီဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို မင်းဘူးခရိုင်တွင် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်မှ စတင်ကာ ပံ့ပိုးငွေများပေးအပ်ခဲ့သည်။ ယင်းစီမံကိန်းကို ကျေးရွာနေပြည်သူများက ရွေးချယ်တင်မြှောက်သော ကော်မတီဝင်များ၏ ကြီးကြပ်ဦးဆောင်မှုဖြင့် စီမံကိန်းထောက်ပံ့ငွေနှင့် ကျေးရွာလူထုမှ လှူဒါန်းငွေများဖြင့် ပေါင်းစပ်ပြီး ကျေးရွာများတွင် အဓိကဆောင်ရွက်ရန်လိုအပ်သော လမ်းတံတား၊ ရေရရှိရေး၊ မီးလင်းရေးနှင့် ခန်းမဆောင်ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများကို ဦးစားပေး အဆင့်အလိုက် အကောင်အထည်ဖော် ဆောက်ရွက်လျက်ရှိသည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း လိုအပ်သော နည်းပညာအထောက်အပံ့များကို ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာ ၇၂ ရွာကို အတည်ပြုရွေးချယ်ခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် ကွန်ကရစ်လမ်းလေးလမ်း၊ မြေနီကျောက်စရစ်လမ်း ၃၆ လမ်း၊ တံတားနှစ်စင်း၊ ရေပေးဝေရေးလုပ်ငန်းနှစ်ခု၊ မီးလင်းရေးလုပ်ငန်း ၁၈ ခု၊ စာကြည့်တိုက်နှစ်ခု၊ KG ကျောင်းဆောင်တစ်ဆောင်၊ စုရပ်ဆောင်တစ်ဆောင်နှင့် ခန်းမဆောင်ခြောက်ဆောင် စုစုပေါင်းလုပ်ငန်း ၇၂ ခုတို့အား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ငွေနှင့် ကျေးရွာလူထုမှ လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၈၂၅ ဒသမ ၃ သန်းကျော်ဖြင့် မတ်လ ဒုတိယပတ်မှ စတင်ကာ လုပ်ငန်းများစတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင့်လွင်ဦးက ပြောသည်။

**သူရိန်(မင်းဘူး)**

## ကောလင်းမြို့နယ်၌ ဈေးများတွင် နှာခေါင်းစည်းများ ဖြန့်ဝေရန် ချုပ်လုပ်လျက်ရှိ

**ကောလင်း ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို



အထောက်အကူပြုစေရန်အတွက် ဈေးများတွင် အခမဲ့ဖြန့်ဝေရန် ပြည်သူ့အားကစားခန်းမ၌ စေတနာ့ဝန်ထမ်းလူငယ်များဖြင့် နှာခေါင်းစည်းများကို ချုပ်လုပ်လျက်ရှိကြောင်းသိရသည်။

မြို့နယ်အတွင်းရှိ လူတိုင်းနှာခေါင်းစည်းတပ်ဆင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျော့နည်းစေရန် တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းသည့်အနေဖြင့် ချုပ်လုပ်ခြင်းဖြစ်သည်။

"အခု ကျွန်တော်တို့ ချုပ်စက် ၁၀ လုံးနဲ့ ချုပ်လုပ်ပြီး တစ်ရက်ကို နှာခေါင်းစည်း အခု ၃၀၀ ရရှိပါတယ်။ ရရှိလာတဲ့ နှာခေါင်းစည်းများကို အားကစားကွင်း (ယာယီဈေး)၊ သီရိမင်္ဂလာဈေး၊ မြို့မဈေး၊ အရှေ့ဈေး စသည့်ဈေးများအတွင်းရှိ ဈေးသည်များ၊ ဈေးဝယ်များ လုံလောက်တဲ့ နှာခေါင်းစည်း ပမာဏရရှိသည်အထိ ချုပ်လုပ်ပြီး အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ရာ ဖြန့်ဝေရာမှာလည်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရန် ပညာပေးအစီအစဉ်များနှင့်အတူ လှည့်လှည် ဖြန့်ဝေသွားမှာဖြစ်ပါတယ်"ဟု ကသာခရိုင် လူငယ်ရေးရာကော်မတီမှ ကိုကျော်ဇင်သန့်က ပြောသည်။

ယင်းအပြင် ကောလင်းမြို့နယ်အတွင်းမှ စက်ချုပ်သော ညီအစ်ကို မောင်နှမများအနေဖြင့် အချိန်ပိုင်းလုပ်အားဒါနပြုနိုင်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

## ဟိုင်းကြီးကျွန်းမြို့သို့ ထောက်ပံ့ပေးရန်ကျန်ရှိနေသည့် အခြေခံစားသောက်ကုန်(၁)မျိုးထပ်မံရောက်ရှိ

**ဟိုင်းကြီးကျွန်း ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းဒေသရှိ ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ပေးအပ်ရန်ကျန်ရှိနေသည့် အခြေခံစားသောက်ကုန်ပစ္စည်း (၁) မျိုးဖြစ်သည့်ကြက်သွန်နီများကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ထပ်မံရောက်ရှိလာခဲ့သည်။

ဟိုင်းကြီးကျွန်းမြို့၌ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၂၂ အုပ်စု၊ အိမ်ထောင်စုပေါင်း ၁၀၃၁၆ စုရှိကြောင်း သိရသည်။

ယနေ့အချိန်ထိ ဆန် ၃၄၃၈၊ ဆီ၊ ဆားနှင့် ပဲတို့ကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်။ ထောက်ပံ့ရန် ကျန်ရှိနေသည့် ကြက်သွန်နီများအား ကျေးရွာအုပ်စုကိုးစုရှိ အုပ်ချုပ်ရေးအဖွဲ့များ လာရောက်ထုတ်ယူလျက်ရှိကြောင်း ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ဆီဆိုင် ဧပြီ ၂၀**

ကျေးလက်နေပြည်သူများ လတ်တလောသောက်သုံးရေ အဆင်ပြေစေရေးအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာတွင် ရေအခက်အခဲကြုံတွေ့နေသည့်အတွက် ဧပြီ ၁၉ ရက်က သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သောက်သုံးရေသွားရောက်လှူဒါန်းရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်မိသားစုနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့က လွယ်ပွတ်ကျေးရွာရှိ အိမ်ခြေ ၃၀၀ ခန့် လူဦးရေ ၁၅၀၀ ခန့်အတွက် သောက်သုံးရေအဆင်ပြေစေရန် ရေဂါလန် ၃၂၀၀ အား စနစ်တကျဖြန့်ဝေလှူဒါန်း ပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဧပြီ ၂၀**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

ကြေးမုံ

မေ ၂၁၊ ၂၀၂၀

## သရက်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး ဗိုလ်ချုပ်အားကစားကွင်းအတွင်း ယာယီဈေး ဖွင့်လှစ်ရောင်းချလျက်ရှိ

**သရက် မေ ၂၀**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးရှိ ပျံကျဈေးသည်များအား ဗိုလ်ချုပ်အားကစားကွင်းအတွင်း ယနေ့ နံနက်ပိုင်းမှ စတင်ကာ ယာယီဈေးအဖြစ်သတ်မှတ်၍ ရောင်းချလျက်ရှိသည်။

ထိုသို့ရောင်းချနေမှုကို သရက်မြို့ရှိ တာဝန်ရှိသူအသီးသီးက သွားရောက်ကြည့်ရှုခဲ့သည်။

**အသိပညာပေး**

အဆိုပါ ပြောင်းရွှေ့ထားသော ဈေးတွင် ယာယီဈေးဆိုင်များကို ခြောက်ပေအကွာ နေရာသတ်မှတ်ထားကာ ဈေးရောင်းသူများအပြင် ဈေးဝယ်သူများ အဆင်ပြေစေရန် စီစဉ်ပေးထားပြီး မြို့နယ်ကျန်းမာရေးအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် နှာခေါင်းစည်းများ တပ်ဆင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ယာယီဈေးတွင် စနစ်တကျရောင်းချနိုင်ရန် စည်ပင်သာယာရေး ဝန်ထမ်းများက ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်**
**(သရက်)**



## အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံသို့ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ကန်ကြီးထောင့် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် အထောက်အကူပြုပစ္စည်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ညွန့်ဝင်းဆွေနှင့်အဖွဲ့က ယနေ့ နံနက် ၈ နာရီက လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်ညွန့်ဝင်းဆွေက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် မြို့နယ်ပြည်သူ့ဆေးရုံသို့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ အစုံ ၂၀၊ နှာခေါင်းစည်းများနှင့် Eyes Protection Goggles များကို ပေးအပ်လှူဒါန်းရာ မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရီရီခင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ကန်ကြီးထောင့်မြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ စေတနာရှင်ပြည်သူများကလည်း ရောဂါကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို လာရောက်လှူဒါန်းကြကြောင်း မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ သိရသည်။

**နန်းထိုက် (ကန်ကြီးထောင့်)**



## ဒဂုံမြို့နယ် ဒဂုံရိပ်သာဈေး၌ ပြည်သူများအား လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ ပေးဝေ

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက် ဒဂုံရိပ်သာဈေး၌ ကိုဗစ် -၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ပြည်သူများအားသိရှိလိုက်နာကြစေရန်အတွက် ဈေးအတွင်း လူစုလူဝေးဖြင့် ဈေးဝယ်ရောင်းချခြင်း မပြုရန် အသိပညာပေးခြင်းနှင့် လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းတို့ကို ယနေ့ နံနက် ၇ နာရီက ဒဂုံရိပ်သာဈေးတာဝန်ခံ ဦးအောင်ကိုလတ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောမင်းသန်းတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်ပေးခြင်းအားဖြင့် လတ်တလောဖြစ်ပွားနေသည့် ကိုဗစ် – ၁၉ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ခြင်းဖြစ်ပြီး ကူးစက်ပြန့်ပွားမှု မရှိစေရန် ပြည်သူများအနေဖြင့် မဖြစ်မနေ အပြင်သို့သွားရောက်ရမည့်ကိစ္စရပ်များတွင် နှာခေါင်းစည်းများ တပ်ဆင်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ပေးသော ကျန်းမာရေးအသိပညာပေးခြင်းတို့ကို တိကျစွာလိုက်နာကြစေခြင်းဖြင့် ပူးပေါင်းကူညီကြစေရန် အသိပညာပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ စနစ်တကျ ဝတ်ဆင်မှု သရုပ်ပြ

**မိုင်းပန် မေ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင်မိုင်းပန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ စနစ်တကျ ဝတ်ဆင်မှု သရုပ်ပြလေ့ကျင့်မှုကို ယနေ့ ညနေ ၄ နာရီက မိုင်းပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက်ရည်ရွယ်၍ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံပြည့် ဝတ်နည်း၊ ချွတ်နည်း ဗီဒီယိုဖိုင်များကို ပရိုဂျက်တာဖြင့် ပြသပေးခဲ့သည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူများအား ကြုံတွေ့လာခဲ့ပါက ကိုင်တွယ်ကုသရာတွင် ရောဂါကူးစက်မှုမရှိစေရေးအတွက် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ဝတ်ဆင်မှုကို လက်တွေ့သရုပ်ပြခဲ့ခြင်းဖြစ်သည်။ ဝတ်ဆင်ရာတွင် သတိထားရမည့်အချက်များအား တာဝန်ရှိသူများက သေချာစွာ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သရုပ်ပြလေ့ကျင့်မှုကို မိုင်းပန်မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းခွဲမှအဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းရှိ လူငယ်များက လက်တွေ့သရုပ်ပြ ဝတ်ဆင်မှုကို စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုခဲ့ကြပြီး မိုင်းပန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ယနေ့ရက် နံနက် ၈ နာရီအထိ ကိုဗစ်-၁၉ ရောဂါ သံသယလူနာနှင့် စောင့်ကြည့်လူနာတစ်ဦးမျှမရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံမှ သိရသည်။

**ကိုဆန်း(မိုင်းပန်)**

## ရေကြောင်းရဲတပ်ဖွဲ့ဝင်များအား နှာခေါင်းစည်းများနှင့် စားသောက်ကုန်များလှူဒါန်း

**မန္တလေး မေ ၂၀**

အမှတ်(၁) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲမှူးရုံး (မန္တလေး)နှင့် တပ်ဖွဲ့ဝင်များ၊ ကင်းလှည့်ရေယာဉ်များမှ တပ်ဖွဲ့ဝင်အိမ်ထောင်စု ၈၄ စုနှင့် လူပျိုတပ်ဖွဲ့ဝင် ၁၆ ဦးတို့အား မေ ၁၉ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် ကမ်းနားလမ်းရှိ ရေကြောင်းရဲတပ်ဖွဲ့ခွဲမှူးရုံး (မန္တလေး) တွင် ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးက ဆန်၊ ဆီ၊ အာလူး၊ ကြက်ဥ၊ ယမ်ယမ်ခေါက်ဆွဲခြောက်တို့အား လည်းကောင်း၊ မန္တလေးမြို့နေ ဦးဝင်းနိုင်မိသားစုတို့က တစ်ခါသုံး နှာခေါင်းစည်းများနှင့် ကြက်သွန်များအားပေးအပ်ရာ တပ်ဖွဲ့ဝင်များနှင့် မိသားစုများက လက်ခံရယူကြသည်။

**မောင်ပြည်သူ**
**(မန္တလေး)**

## နတ်မောက်မြို့ ဗိုလ်တေဇ အားကစားကွင်း၌ စားသုံးသူများအဆင်ပြေစေရန် ယာယီဈေးဖွင့်လှစ်

**နတ်မောက် မေ ၂၀**

မကွေးခရိုင် နတ်မောက်မြို့ မြို့မဈေးအတွင်း လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် ပျံကျဈေးသည်များအား နတ်မောက်မြို့ ဗိုလ်တေဇ အားကစားကွင်း၌ ယနေ့မှ စတင်ကာနေရာသတ်မှတ်၍ ဈေးရောင်းချစေခြင်းဖြင့် စားသုံးသူများအဆင်ပြေစေရန်နှင့် ဈေးရောင်းချသူများ ပုံမှန်ဝင်ငွေရရှိစေရန် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့က ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

အဆိုပါ ပျံကျဈေးအတွင်း ဈေးရောင်းချသူနှင့်ဈေးဝယ်သူများအား ကော်မတီက ချမှတ်ထားသည့် စည်းကမ်းချက်များအတိုင်း ဝယ်ယူရောင်းချစေပြီး လူစုလူဝေး မဖြစ်ပေါ်စေရန် တစ်ဦးနှင့်တစ်ဦး ပူးကပ်ဝယ်ယူရောင်းချမှုမရှိစေရေး စည်းကမ်းချက်များထုတ်ပြန်ထားရာ ဈေးအတွင်း ဝင်ရောက်ပါက နှာခေါင်းစည်းများတပ်ဆင်ပြီးမှ ဝင်ရောက်ကြရန်နှင့် လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောနိုင်ရန် လက်ဆေးဘေစင်များထားရှိပေးခြင်း၊ ဈေးရောင်းချချိန်ကို နံနက် ၅ နာရီမှ ၉ နာရီခွဲအတွင်းသာ ဝယ်ယူရောင်းချခွင့်ပြုပေးထားကြောင်း သိရသည်။

**ဖြိုးအိအိဇော်(ပြန်/ဆက်)**

## ရေနံချောင်းနှင့် နတ်မောက်မြို့နယ်တို့တွင် မန်ကျည်းမှည့်အသစ်ပေါ်ချိန် ဝယ်လက်အေးနေ

**ရေနံချောင်း မေ ၂၀**

ရေနံချောင်းနှင့် နတ်မောက်မြို့နယ်တို့တွင် မန်ကျည်းမှည့်အသစ်ပေါ်ချိန်ဖြစ်သော်လည်း ဝယ်လက်အေးလျက်ရှိကြောင်း မန်ကျည်းပင်ပိုင်ရှင်များနှင့် ပွဲစားများ ထံက သိရသည်။

ယခုအခါ မန်ကျည်းသီးများ အသစ်ပေါ်နေပြီဖြစ်သည်။ ယခင်နှစ်က ယခုအချိန်တွင် ပွဲစားများက ရပ်ကွက်၊ ကျေးရွာများရှိ မန်ကျည်းပင်ပိုင်ရှင်များထံ လိုက်လံဝယ်ယူသော်လည်း ယခုအခါ ဝယ်ယူသူမရှိကြောင်း သိရသည်။

''ယခင်နှစ်မှာ မန်ကျည်းအတောင့်က ပွဲစားတွေကလာဝယ်တယ်။ မြို့ တက်ပြီး ရောင်းစရာမလိုဘူး။ အခုမန်ကျည်းမှည့်ဈေးကွက်က ဝယ်သူပွဲစားမရှိတော့ လက်လီရောင်းနေရတယ်။ ဒီတော့အပင်ပေါ်မှာထားလို့ကမဖြစ်ဘူး။ မိုးရွာရင် မန်ကျည်းသီးမည်းပြီး ပျက်စီးမှာ ကြောက်တဲ့အတွက် ဆွတ်ခူးနေရတာပေါ့'' ဟု ဒေသခံမန်ကျည်းပင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ယခုနှစ် မန်ကျည်းသီးအထွက်မှာ ယခင်နှစ်များထက် အထွက်ကောင်းခဲ့ကြောင်း သိရသည်။။

**ဆန်းညွန့်**
**(ရေနံချောင်း)**

## ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ရွှေဘို**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၉ ရက် နံနက် ၈ နာရီက ရွှေဘိုမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆာမူအဲလ် ဦးဆောင်သော ခရိုင်၊မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့သည် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ရွှေဘိုခရိုင်လမ်းဦးစီးဌာန၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးနှင့် ဥသျှစ် ကန်ကျေးရွာအုပ်စု ရန်ကြီးအောင်ကွက်သစ်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာတွင် ဧပြီ ၁၉ ရက် နံနက် ၈ နာရီက ဆိပ်ခွန်နယ်မြေမီးသတ်စခန်းမှ တာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ထက် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက နေအိမ်များ၊ ဘုန်းကြီးကျောင်းများအား ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့သည်။

**မိုးသောက်(ရွှေဘို)**

**ဟားခါး**

ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဟားခါးမြို့နယ် မီးသတ်ဦးစီးဌာနက ဟားခါးမြို့ပေါ်ရှိဌာနဆိုင်ရာရုံးများ၊ အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများအား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသျှန်းနွှန်းမောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၉ ရက် ညနေပိုင်းက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၏ ရုံးခန်းများ၊ အစည်းအဝေးခန်းမနှင့် ဧည့်ခန်းများ၊ ဝန်ထမ်းများ၏ရုံးခန်းများ၊ ရေအိမ်နှင့် သန့်စင်ခန်းများနှင့် လှေကားလက်ရန်းများကို ဆေးဖျန်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

**နမ့်ဆန်**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နယ်မြေခံတပ်မှတပ်ဖွဲ့ဝင်များက ယနေ့မွန်းလွဲ ၁ နာရီတွင် ဌာနဆိုင်ရာရုံးများသို့ ပိုးသတ်ဆေးများ ဖျန်းပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှေ့တန်းအမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အရာရှိနှင့် တပ်ကြပ်စစ်သည်များက ဌာနဆိုင်ရာရုံးများအသီးသီးသို့ ပိုးသတ်ဆေးဖျန်းခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအား အပူချိန်တိုင်းတာခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဧပြီ ၁၉ ရက်တွင်လည်း ကန့်သတ်စောင့်ကြည့်နေရာပြုလုပ်ထားရှိသည့် နတလ လူငယ်သင်တန်းကျောင်းတွင် ပိုးသတ်ဆေး၊ ကာကွယ်ဆေးဖျန်းပေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မိုး**
**(နမ့်ဆန် ပြန်/ဆက်)**

## ပဲခူးမြို့နယ်အတွင်းရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများ ဆွမ်း၊ ဆွမ်းဟင်းအဆင်ပြေစေရန် လိုက်လံလှူဒါန်း

**ပဲခူး ဧပြီ ၂၀**

ပဲခူးမြို့ ပရဟိတညီအစ်ကိုများနှင့် အလှူရှင်များ၏ သဒ္ဓါတရားတို့စုပေါင်းကာ ပဲခူးမြို့နယ် သံဃာတော်များနှင့် သီလရှင်ဆရာလေးများ ကူညီထောက်ပံ့ရေးအဖွဲ့မှ ဧပြီ ၁၉ ရက် နံနက်ပိုင်းက ကိုဗစ်–၁၉ ကာလအတွင်း ပဲခူးမြို့နယ်အတွင်းရှိ သီလရှင်ကျောင်းများရှိ သီလရှင်ဆရာကြီး၊ ဆရာလေးများ ဆွမ်း၊ ဆွမ်းဟင်းအဆင်ပြေစေရန် လိုက်လံလှူဒါန်းမှုများ ပြုလုပ်ကြကြောင်း သိရသည်။



ပဲခူးမြို့နယ်အတွင်း၌ သီလရှင်ကျောင်းတိုက်ပေါင်း ၁၀၆ ကျောင်း၊ သီလရှင်ဆရာကြီး၊ ဆရာလေး ၁၈၂၈ ပါးရှိပြီး ယင်းနေ့တွင် ကသစ်ဝိုင်ရိပ်သာ၊ ဓမ္မမေသကကျောင်း၊ ရတနာဆင်ဖြူကျောင်း၊ အောင်ဇေယျာသိဒ္ဓိကျောင်း၊ ဓမ္မသိဒ္ဓိကျောင်းစသည့် သီလရှင်ကျောင်းတိုက်များရှိ B Planအတွင်းပါရှိသည့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား တစ်ပါးချင်းစီအလိုက် လှူဖွယ်ပစ္စည်းများကို သွားရောက်လှူဒါန်းပေးကြကြောင်းသိရသည်။

ပဲခူးမြို့ဝန်းရံပရဟိတညီအစ်ကိုများအဖွဲ့စုပေါင်း၍ ပဲခူးမြို့နယ်သံဃာတော်များနှင့် သီလရှင်ဆရာလေးများကူညီထောက်ပံ့ရေးအဖွဲ့အနေဖြင့် A Plan အတွက် ဧပြီ ၁၁ ရက်တွင် သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၃၈၅ ပါးအား တစ်ပါးလျှင် ငွေကျပ် ၁၅၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ အချိုမှုန့်၊ အာလူး၊ ကြက်သွန်၊ ကြာဆံ၊ ဆပ်ပြာမှုန့်၊ ငါးသေတ္တာ၊ အစိမ်းမှုန့်၊ ကြက်ဥ၊ ပဲဆန် ၊ ပဲငံပြာရည်နှင့် Hand Gel လက်သန့်စင်ဆေးရည်ဘူး စသည့်လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြပြီးဖြစ်သည်။ B Planအတွက် သီလရှင်တစ်ပါးလျှင် တန်ဖိုးငွေကျပ် ၁၀၀၀၀ ရှိ လှူဖွယ်ပစ္စည်းများကို သီလရှင်ဆရာကြီး၊ ဆရာလေး ၃၈၅ ပါးအတွက် ယင်းနေ့မှစတင်ကာ ကျောင်းတိုက်များသို့ သွားရောက်၍ လှူဒါန်းပေးခြင်းဖြစ်ပြီး ကျန်အပါး ၁၃၀၁ ပါးအတွက်လည်း C PLan အတွက် ဆက်လက်လှူဒါန်းပေးရန် စီစဉ်ထားရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ Mobile Portable X- Ray စက်တစ်လုံးလှူဒါန်း



**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးအတွက် Mobile Portable X–Ray တစ်လုံးကို ဧပြီ ၁၉ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါ အထွေထွေရောဂါကုဆေးရုံ ဆေးရုံကြီးကြပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။

ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် မြန်မာရွှေဥဒေါင်းမင်းနှင့် မဟာနဝရတ်မြေဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဦးနိုင်ဝင်း၊ ဦးမင်းမင်းနှင့် ဦးမင်းသိန်းကျော်တို့က လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Mobile Portable X– Ray စက်အား ပေးအပ်လှူဒါန်းရာ သန်လျင်အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ထို့နောက် သန်လျင်အထွေထွေရောဂါကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင်က အထွေထွေရောဂါကုဆေးရုံကြီးအတွက် လိုအပ်နေသောစက်ကို လှူဒါန်းပေးခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေး ပြည်တွင်းဖြစ် နှာခေါင်းစည်းများ ထုတ်လုပ်လျက်ရှိ

**မုံရွာ ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဆည်ကြီးတောကျေးရွာတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်နိုင်ရေး တန်ဖိုးနည်း ပြည်တွင်းဖြစ် နှာခေါင်းစည်းများ ထုတ်လုပ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ တိုင်းဒေသကြီး အမှုဆောင်အရာရှိ



ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်၏ ပြောကြားချက်များအရ သိရသည်။

“ချည်မျှင်နှင့် အထည်လုပ်ငန်းရှင်များအသင်းက ထုတ်လုပ်တဲ့ နှာခေါင်းစည်းတွေကို သုံးစွဲတဲ့ ပြည်သူတွေ ဘေးအန္တရာယ်မဖြစ်စေဖို့ ပိုးသတ်တဲ့ လုပ်ငန်းကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး လုပ်ဆောင်တယ်၊ စနစ်တကျထုပ်ပိုးပြီး မြို့နယ်တိုင်းက စည်ပင်သာယာရေး ကော်မတီတွေဆီ ပေးပို့ပြီး ဖြန့်ဝေ ရောင်းချပေးသွားမှာ ဖြစ်ပါတယ်၊ တစ်ခုကို ငွေကျပ် ၁၅၀ နဲ့ လူတစ်ဦးကို နှစ်ခုနှုန်းနဲ့ ရောင်းချပေးနိုင်ဖို့ လုပ်ဆောင်နေတာဖြစ်ပါတယ်၊ နောက်ပြီး ပြန်လည်လှူဒါန်းလိုတဲ့သူတွေ၊ လူမှုရေးအသင်းအဖွဲ့တွေကို လိုသလောက်ရောင်းပေးမှာဖြစ်ပေမယ့် တစ်ဆင့်ပြန်လည်ရောင်းချမယ့်သူတွေကိုတော့ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးနိုင်မယ်ဆိုတဲ့ အာမခံချက်ပေးနိုင်မှရောင်းချပေးမှာဖြစ်ပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့တိုင်းဒေသကြီး အမှုဆောင်အရာရှိညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောကြားသည်။

ပြည်တွင်းဖြစ် နှာခေါင်းစည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ချည်မျှင်နှင့် အထည်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ ထုတ်လုပ်ခြင်းဖြစ်ပြီး ယင်းတန်ဖိုးနည်း ပြည်တွင်းဖြစ် နှာခေါင်းစည်းများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်ရှိ စည်ပင်သာယာရေးကော်မတီများမှတစ်ဆင့် ပြည်သူများသို့ ဖြန့်ဝေရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး**
**(ဇေယျာတိုင်း)**

## တန့်ဆည်မြို့၌ ယာယီဈေး ဖွင့်လှစ်ရောင်းချနိုင်ရေး နေရာသတ်မှတ်

**တန့်ဆည် ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှု မဖြစ်ပေါ်စေရန်၊ ကျန်းမာရေးနှင့်အညီ ဈေးရောင်းချနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသက်နိုင်မျိုး၊ မြို့နယ်အမှုဆောင်အရာရှိ ဒေါ်သက်သက်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက တန့်ဆည်မြို့ ရွှေကတော့မြတ်စွာဘုရားဝင်းတွင် ဧပြီ ၂၀ ရက် နံနက်ပိုင်းက နေရာများ သတ်မှတ်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာသတ်မှတ်ခြင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမင်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ပြီး ဈေးရောင်းသူများအား တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ ရောင်းချရန် နေရာများသတ်မှတ်ပေးခြင်း၊ လက်ဆေးဘေစင်များတပ်ပေးခြင်း၊ အမှိုက်စွန့်ပစ်နေရာ သတ်မှတ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဈေးဝယ်ဈေးရောင်းများအား နှာခေါင်းစည်းတပ်ရန် ကြပ်မတ်သွားမည်ဖြစ်ကြောင်းနှင့် ဈေးသည်များအား နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းမင်းထွန်း(တန့်ဆည်)**

# ရိခေါဒါရ်မြို့၌ စေတနာအလှူရှင်များလှူဒါန်းသည့် စားနပ်ရိက္ခာများ ပြည်သူများထံ အိမ်တိုင်ရာရောက်ဖြန့်ဝေ

**ရိခေါဒါရ် ဧပြီ ၂၀**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကာကွယ်၊ တားဆီးရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေချိန်တွင် ပြည်သူများ စားနပ်ရိက္ခာပြတ်လပ်မှု မရှိစေရေးအတွက် ရိခေါဒါရ်မြို့ အမှတ်(၂) ရပ်ကွက်နေ စေတနာအလှူရှင် ဒေါ်ပြေအေး (ရိရွှေပြည် ဧည့်ရိပ်မွန် မိသားစု)က အခြေခံစားသောက်ကုန်ပစ္စည်း(၅)မျိုးကို ရပ်ကွက်ပြည်သူများထံ လှူဒါန်းပေးခဲ့သည်။

စေတနာအလှူရှင်၏ လှူဒါန်းပေးသည့် အခြေခံစားသောက်ကုန်(၅)မျိုးဖြစ်သည့် ပြောင်းဖူးကော်ဖီထုပ်၊ ကြာဆံထုပ်နှင့် မုန့်မျိုးစုံတို့ကို ရပ်ကွက် အတွင်းရှိ စားနပ်ရိက္ခာခက်ခဲသည့် မိသားစုများ၊ သက်ကြီးရွယ်အို ဘိုးဘွားများနှင့် ကလေးငယ်များထံသို့ ရပ်ကွက်လူငယ်အဖွဲ့တို့က ဧပြီ ၁၉ ရက်က အိမ်တိုင်ရာရောက် တာဝန်ယူကာ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့မိသားစုအနေနဲ့ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုဖြစ်ပွားနေချိန်မှာ ယခုလို စေတနာ အလှူရှင်မိသားစုက စားသုံးကုန်ပစ္စည်းများ လာရောက်လှူဒါန်းပေးမှုအပေါ် အထူးကျေးဇူးတင်မိပါတယ်။ စားသုံးကုန်များ လှည့်လည် ဖြန့်ဝေပေးတဲ့ ရပ်ကွက်လူငယ် ပရဟိတအဖွဲ့များကိုလည်း ကျေးဇူးတင်မဆုံးဖြစ်မိပါတယ်။ အလှူရှင်မိသားစုနဲ့ ရပ်ကွက်လူငယ်များ ကောင်းချီးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်" ဟု ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

ရိခေါ်ဒါရ်မြို့၌ နိုင်ငံတော်မှ ထောက်ပံ့သည့် အခြေခံစားသောက်ကုန်(၅)မျိုးကို ရပ်ကွက် အိမ်ထောင်စု ၂၂၀ ထံသို့ ဧပြီ ၁၆ ရက်က ဖြန့်ဝေပေးခဲ့ပါကြောင်း၊ ပြည်သူများ စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေ



ရေးအတွက် မြို့အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေး ကော်မတီနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း များပူးပေါင်းကာ ကြိုတင်စီမံဆောင်ရွက်ထားရှိပြီး အခြားစားသောက်ကုန်ပစ္စည်းများကို စုဆောင်းသိုလှောင်ထားရှိကာ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ထားကြောင်းသိရသည်။

**ပက်ကာ**

**(ပြန်/ဆက်)**

## သုံးခွဘဏ်ခွဲ၌ ပင်စင်စားများအား သတ်မှတ်ရက်များတွင် ပင်စင်ထုတ်ပေးမည်

**ရန်ကုန် ဧပြီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ မြန်မာ့စီးပွားရေးဘဏ် သုံးခွဘဏ်ခွဲတွင် ပင်စင်လစာထုတ်ယူနေကြသော အငြိမ်းစားများအား ပင်စင်ထုတ်ပေးသည့်ရက်များတွင် ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက် လူစုလူဝေး မဖြစ်စေရန် ကျေးရွာများရှိ ပင်စင်စားများသည် ဧပြီ ၂၁ ရက်မှ ၂၃ ရက်အထိတွင်လည်းကောင်း၊ မြို့ပေါ်ရပ်ကွက်များရှိ ပင်စင်စားများအနေဖြင့် ဧပြီ ၂၄ ရက်မှ ၂၉ရက်အထိ လည်းကောင်း သတ်မှတ်ရက်များတွင် နံနက် ၈ နာရီခွဲမှ လာရောက်ထုတ်ယူကြပါရန်နှင့် လာရောက်ထုတ်ယူသည့် အခါတွင်လည်း နှာခေါင်းစည်းများ တပ်ဆင်လာကြပါရန် အသိပေးနှိုးဆော်ထားကြောင်းသိရသည်။ အဆိုပါရက်များတွင် လစာထုတ်ယူနိုင်ခြင်းမရှိပါက နောက်လတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရကာ သုံးခွမြို့နယ်တွင် ပင်စင်စား ၁၃၀၀ ကျော်ရှိကြောင်း သုံးခွဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးက ဧပြီ ၁၉ ရက် မွန်းလွဲ ၂ နာရီက ပြောကြားသည်။

**ကျော်ဆန်း**



ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ သံဃာတော်များ ဆွမ်းအာဟာရပြည့်စုံစေရေးအတွက် ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီခွဲက ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်နေ ဦးဝင်း(ဝင်းမေတ္တာ မိသားစု)က ဆန် ၃၁ အိတ်၊ ဆီ ၆၂ ပိဿာ၊ ရေသန့်ဘူးကြီး ၃၁ ဘူး သွားရောက်လှူဒါန်းရာ ရုံးအဖွဲ့ လက်ခံရယူစဉ်။

တင်ဝင်းတင်

## ရေတာရှည်မြို့နယ် ကျေးလက်ဒေသများအထိ အခြေခံစားသောက်ကုန်(၅)မျိုး အခမဲ့ဖြန့်ဝေ

**ရေတာရှည် ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နေရသည့် ကာလအတွင်း ပုံမှန်ဝင်မရှိသော အိမ်ထောင်စုများ အခက်အခဲမရှိစေရေးအတွက် နိုင်ငံတော်မှထောက်ပံ့သော အခြေခံစားသောက်ကုန်(၅)မျိုးကို ကျေးလက်ဒေသများအထိ အိမ်တိုင်ရာရောက်အခမဲ့စနစ်ဖြင့် ပေးအပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရှိရသည်။

ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ မြို့ပေါ်ရပ်ကွက်ပေါင်း ၁၇ ခု၊ ကျေးရွာအုပ်စုပေါင်း ၄၈ အုပ်စုရှိ အိမ်ထောင်စုပေါင်း ၁၈၀၅၃ စုတို့အား ဆန် (၈)ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁)ပိဿာ၊ ကြက်သွန်နီ (၁)ပိဿာနှုန်းဖြင့် အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့မြို့နယ်မှာတော့ အခြေခံစားသောက်ကုန်တွေကို ဆင့်ကဲကြီးကြပ်မှုတွေနဲ့ သတ်မှတ်ချက်နဲ့အညီ စနစ်တကျပေးနိုင်တဲ့အတွက် ဘာပြဿနာမှမရှိပါဘူး။ အားလုံးအဆင်ပြေပြေ ပေးနိုင်ခဲ့ပါတယ်" ဟု မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



## မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**မန္တလေး ဧပြီ ၂၀**

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို သင်္ကြန်မတိုင်မီနှင့် သင်္ကြန်အပြီးကာလတွေမှာ ကျွန်မတို့ဌာနအနေဖြင့် အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါတယ်၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးလည်း ဆောင်ရွက်ပါတယ်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း မိုဘိုင်းယာဉ်သွားရောက်တဲ့နေရာများမှာ စာငှားခြင်းနှင့်အတူ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်တဲ့ အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေပေးတာတွေ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြောသည်။



ထို့သို့ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရုံးအသီးသီးရှိ ရုံးရှေ့မြေစိုက်နံရံကပ်ဘုတ်များတွင် အသိပညာပေးဆိုင်းဘုတ်၊ ပိုစတာများ ချိတ်ဆွဲခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမိုဘိုင်းယာဉ် သွားရောက်ရာနေရာများတွင် စာငှားခြင်းနှင့်အတူ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပင်စင်လစာငွေများ နေရာပြောင်းလဲထုတ်ပေးမည်

**မန္တလေး ဧပြီ ၂၀**

ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်(၁)တွင် ပင်စင်လစာငွေများကို လစဉ် ၂၁ ရက် တစ်ရက်တည်းစုပြုံထုတ်ယူခြင်းအစား ဧပြီ ၂၁ ရက်မှ ၂၉ ရက်အတွင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ ပင်စင်လစာငွေကို ဘဏ်တွင်ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါ ငွေစာရင်းမှထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှထုတ်ယူ၍လည်းကောင်း၊ Myanmar Mobile Moneyနှင့် Wave Moneyစနစ်တို့ အသုံးပြု၍လည်းကောင်း ထုတ်ယူနိုင်ရန် စီစဉ်ထားရှိပြီး ကိုယ်တိုင်လာရောက်ထုတ်ယူသူများ အပူဒဏ်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်(၁)နေရာမှ ကျယ်ဝန်းပြီး အရိပ်ကောင်းသော အောင်မြေသာစံမြို့နယ် ၂၄လမ်းနှင့်စ၁လမ်းထောင့်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်းတွင် ထုတ်ပေးရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

သက်ကြီးရွယ်အိုပင်စင်စားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျောင်းဝင်းအတွင်း Hand Sanitizer များ၊ လက်ဆေးဘေစင်များ၊ သောက်ရေသန့်များ စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ပြီး ပင်စင်လစာများကို နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# အလုပ်ရှင်၊ အလုပ်သမားအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရောဂါကူးစက်မှုမရှိအောင် ဆောင်ရွက်နိုင်မည်

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဧပြီလ ၁၉ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက်တစ်စောင်ထုတ်ပြန်ထားပြီး ယင်းကြေညာချက်တွင် ကိုဗစ် – ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်နိုင်ရန် တစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။**

**ခင်ရတနာ**

အဆိုပါ ထုတ်ပြန်ကြေညာချက်နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က "ဒါက ကြေညာချက်တင် မဟုတ်ပါဘူး။ နောက်က လိုက်ပါဆောင်ရွက်ရမယ့်အရာတွေ ပါဝင်ပါတယ်။ ဒီနေ့မှာ စစ်ဆေးရေးအဖွဲ့တွေကနေ အလုပ်ရုံအချို့ကို စတင်စစ်ဆေးတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနနဲ့ အလုပ်ရုံ၊ အလုပ်သမား ဥပဒေစစ်ဆေးရေးဌာနတို့ ပူးပေါင်းစစ်ဆေးတာဖြစ်ပါတယ်။ အဓိက တာဝန်ယူစစ်ဆေးတာကတော့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကနေ ကျွန်တော်တို့ဝန်ကြီးဌာနကို အကြောင်းကြားလာတာမှာ ပထမတော့ အကြောင်းကြားချက်တွေက အများကြီးပဲ။ ဝန်ကြီးဌာနချင်း ပြန်လည်ညှိနှိုင်းပြီး အပြီးသတ်ကြေညာချက် ထွက်လာရခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

### လိုအပ်ချက်အရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် စက်ရုံ၊ အလုပ်ရုံများနှင့် ပတ်သက်၍ လိုက်နာသင့်သည့် အချက်များကို ထုတ်ပြန်ရန်နှင့် အလုပ်ရှင်၊ အလုပ်သမားနှင့် စက်ရုံ၊ အလုပ်ရုံများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်ချက်အရ ယခုကဲ့သို့ ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း သိရှိရသည်။

"ဒီကြေညာချက်ရဲ့ အဓိကဆိုလိုရင်းက ကိုဗစ်–၁၉ ရောဂါကို တတ်နိုင်သလောက် ကာကွယ်၊ ထိန်းချုပ်ပေးနိုင်အောင်ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ အလုပ်သမားတွေက အလုပ်ပိတ်ရက်မှာ မိမိတို့အရပ်ဒေသကို ပြန်သွားကြတယ်။ ဒီကာလမှာ စက်ရုံအများစုက ပိတ်ကြပြီး မရှိသလောက်နီးပါးပဲ။ ဖွင့်ဖြစ်တဲ့စက်ရုံကလည်း ပြန်ပိတ်ထားကြတာ တွေ့ရတယ်။ အခုဖွင့်မယ့်ရက် လုပ်ငန်းခွင်ရှိရာကို ပြန်လာတဲ့အချိန်မှာ အလုပ်သမားတွေကို မစိစစ်နိုင်ရင် ရောဂါကူးစက်ဖို့ အတော်လေးနီးစပ်သွားနိုင်ပါတယ်။ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် အဓိကရည်ရွယ်ပြီး ထုတ်ပြန်ရခြင်းဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

### ရည်ရွယ်ထုတ်ပြန်ရခြင်းဖြစ်

ဝန်ထမ်းများက အလုပ်ဖွင့်မည့်ရက် ရောက်ရှိလာသဖြင့် အလုပ်ဌာနရှိရာများသို့ လာရောက်ကြသည်ကိုလည်းတွေ့ရှိရကြောင်း၊ ကြေညာချက်သည် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများ ပြန်လည်ဖွင့်မည်ဟု ကြေညာထားသည့်ရက်နှင့်လည်း နီးကပ်သွားရသည်မှန်သော်လည်း ကြေညာချက်သည် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများအား ကိုဗစ်–၁၉ ရောဂါ စနစ်တကျ ကာကွယ်တားဆီးမှုများ မလုပ်နိုင်သေးမီ မဖွင့်စေလိုသေးသည့် သဘောနှင့် ကျန်းမာရေးအစစ်အဆေးခံယူပြီး စိတ်ချရမှသာ ဖွင့်လှစ်ခြင်းအားဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်မှုအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထုတ်ပြန်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါစစ်ဆေးမှုကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ပါဝင်သည့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များက မေ ၂၀ ရက် (ယနေ့)မှ စတင်၍ မေ ၃၀ ရက်အထိ ပူးပေါင်းစစ်ဆေးကြီးကြပ်သွားမည်ဟု သိရသည်။

"အဆင်သင့်ဖြစ်နေတဲ့ စက်ရုံ၊ အလုပ်ရုံတွေက အကြောင်းကြားပါ။ အကြောင်းကြားတာနဲ့ အမြန်ဆုံး စစ်ဆေးပေးနိုင်အောင် စီစဉ်ထားပါတယ်။ စစ်ဆေးမှုတွေကို ဒီကနေ့မှာ စတင်စစ်ဆေးပေးတာဖြစ်ပါတယ်။ ယနေ့မှာ ပထမဆုံးရက်ဖြစ်တဲ့အတွက် အဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းပြီး စက်ရုံတွေကို လိုက်လံစစ်ဆေးမှုစတင်ပါတယ်။ မနက်ဖြန်ဆိုရင်တော့ အဖွဲ့ ၆၀ ကျော်၊ ၇၀ လောက်အထိခွဲပြီး အစစ်ဆေးခံမယ့်စက်ရုံ၊ အလုပ်ရုံတွေကို သွားရောက်စစ်ဆေးပေးသွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက စက်ရုံ၊ အလုပ်ရုံတွေကို စစ်ဆေးပေးနေပြီး အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း စတင်လုပ်ဆောင်ဖို့ ပြင်ဆင်နေပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

### ကြိုတင်ပြင်ဆင်ချိန်

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများကို မေ ၃၀ ရက်အထိ ပိတ်ထားသဖြင့် ကြိုတင်ပြင်ဆင်ချိန်ရရှိသော်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အမိန့်ကြေညာစာကို မဖတ်မိသဖြင့် အလုပ်သွားရောက်ကြသူများနှင့် အလုပ်ဖွင့်ကြသူများ ရှိနေသေးသည်ကိုလည်း သိရှိရသည်။

"ထုတ်ပြန်ကြေညာချက်ကို မသိရှိလိုက်တဲ့ အလုပ်ရှင်တွေနဲ့ အလုပ်သမားတွေကို ဌာနတွေကလည်း ပြန်လည်ရှင်းပြနေတာ ရှိပါတယ်။ အားလုံးစနစ်တကျနဲ့ သတ်မှတ်ချက်တွေ လိုက်နာနိုင်ဖို့ ပြင်ဆင်ပြီးမှ ဖွင့်ကြဖို့လိုပါတယ်"ဟု ၎င်းက ပြောသည်။

ဝန်ကြီးဌာနမှ စက်ရုံ၊ အလုပ်ရုံများကို စစ်ဆေးရန်အတွက် ဒုတိယဦးစီးမှူးအဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့်အထိ ပါဝင်ဖွဲ့စည်းထားပြီး အဖွဲ့ငယ်များခွဲကာ စစ်ဆေးပေးမည်ဖြစ်ကာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစီး၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးတို့နှင့် ဦးဆောင်ဖွဲ့စည်းထားပြီး စစ်ဆေးပေးလျက်ရှိကြောင်း သိရှိရသည်။

### စစ်ဆေးပေးသွားမှာဖြစ်

"အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနက ဝန်ထမ်းတွေတင်မကဘဲ အခြားဌာနအသီးသီးက ဝန်ထမ်းတွေပါ ပူးပေါင်းဆောင်ရွက်ပြီး ဝန်ထမ်းလုံလောက်အောင် ဆောင်ရွက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့အတူ လက်တွဲစစ်ဆေးပေးသွားမှာဖြစ်ပါတယ်" ဟု အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။

စက်ရုံ၊ အလုပ်ရုံနှင့်အလုပ်ဌာနများအနေဖြင့် ဝန်ထမ်းကြို/ပို့ ကိစ္စရပ်များတွင် အလုပ်သမားများအား ကြို/ပို့ ယာဉ်များ လုံလောက်အောင်စီစဉ်ထားရန်၊ ဝန်ထမ်းကြို/ပို့ ယာဉ်များပေါ်တွင် လက်သန့်စင်ဆေးရည်၊ တစ်ခါသုံးတစ်ရှူး၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)များ ထားရှိပေးရန်တို့ ပါဝင်သည်။



အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်

လုပ်ငန်းခွင်ဝင်ပေါက်များတွင် အလုပ်တက်၊ အလုပ်ဆင်းချိန်များ၌ လူစုလူဝေး မဖြစ်ပေါ်စေရန် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ အဝင်အထွက်ပြုလုပ်ရန်နှင့် အလုပ်ဌာနအလိုက် အလုပ်တက်ချိန်၊ အလုပ်ဆင်းချိန်များကို ခွဲခြားသတ်မှတ်ထားရန်၊ ကိုယ်အပူချိန် တိုင်းတာသည့်စက်များ တပ်ဆင်ထားရန် သို့မဟုတ် တိုင်းတာပေးရန်၊ အလုပ်သမားများ အလုပ်တက်ရောက်ခြင်း ရှိ၊ မရှိ ဆန်းစစ်ရာ၌ စာရွက်ပေါ်တွင် စုရုံးလက်မှတ်ထိုးခြင်း၊ လက်ဗွေစနစ်အသုံးပြုခြင်းကို ရှောင်ရှားရန်နှင့် ကြီးကြပ်ရေးမှူးများထားရှိ၍ အလုပ်တက်ရောက်ခြင်း ရှိ၊ မရှိ စစ်ဆေးကြီးကြပ်ရမည်ဟု စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် ဆောင်ရွက်ရမည့် အချက်များအရ သိရှိရသည်။

### အလုံအလောက်ထားရှိပေးရမည်

အလုပ်သမားများအတွက် နှာခေါင်းစည်းများ၊ လက်အိတ်များ အလုံအလောက်ထားရှိပေးရမည်ဖြစ်ပြီး လုပ်ငန်းခွင်သို့လာရောက်သော အလုပ်သမားအရေအတွက်ကို နေ့စဉ်မှတ်တမ်းတင်ထားခြင်း၊ အလုပ်သမားများ၏ ဆက်သွယ်ရန် လိပ်စာနှင့် ဖုန်းနံပါတ်များကို လိုအပ်ပါက အချိန်မရွေး ဆက်သွယ်နိုင်ရန် အဆင်သင့်ပြုစုထားခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

လုပ်ငန်းခွင် ဝင်ပေါက်၊ ထွက်ပေါက်များနှင့် လုပ်ငန်းခွင်အတွင်း ထမင်းစားခန်း၊ နားနေခန်းတို့တွင် လက်ဆေးရမည့်နေရာများ ထားရှိခြင်းကို လုံလောက်စွာ စီစဉ်ပေးရန် လိုအပ်ပြီး လက်ဆေးရန် လိုအပ်သောပစ္စည်းများဖြစ်သည့် ဆပ်ပြာ၊ ရေနှင့် လက်သန့်ဆေးရည်၊ တစ်ရှူးစက္ကူများကို အလုံအလောက်ထားရှိပေးရန်လည်း လိုအပ်ကြောင်း သိရှိရသည်။

ထို့ပြင် ဝန်ထမ်းများအတွက် စနစ်တကျ လက်ဆေးနည်းပိုစတာများ ကပ်ထားပေးခြင်း၊ လေဝင်လေထွက်ကောင်းမွန်အောင် တတ်နိုင်သမျှ စီစဉ်ဆောင်ရွက်ခြင်းနှင့် အလုပ်သမား တစ်ဦးနှင့်တစ်ဦး ခြောက်ပေခန့်အကွာတွင် အလုပ်လုပ်နိုင်ရန်၊ နားနေနိုင်ရန် ၊ ထမင်းစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိရမည်ဖြစ်သည်။

ပိုးသတ်သန့်စင်ခြင်းကိစ္စရပ်များအတွက် အလုပ်သမားများ နေ့စဉ်ထိတွေ့ကိုင်တွယ်သော နေရာများနှင့် ပစ္စည်းကိရိယာများအား စနစ်တကျပိုးသတ်သန့်စင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းနှင့် သံသယဖြစ်ဖွယ် လက္ခဏာများ ခံစားနေရပြီး ဆေးကုသမှု ခံယူနေရသော ဝန်ထမ်းများ၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိထားသော အလုပ်သမားများစာရင်းကို သက်ဆိုင်ရာ ကြီးကြပ်ရေးမှူးများမှတစ်ဆင့် အထက်အကြီးအကဲအဆင့်ဆင့်နှင့် ကျန်းမာရေးဌာနသို့ သတင်းပို့ရမည်ဖြစ်ကြောင်း၊ အလုပ်သမားများနှင့် ဝန်ထမ်းမိသားစုများ ရောဂါဖြစ်ပွားသည်ဟု သံသယရှိသည်နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ အကြောင်းကြားရမည်ဖြစ်ကြောင်း ကိုဗစ်– ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်များအတွင်း ဆောင်ရွက်ထားရမည့် အချက်များတွင် ထည့်သွင်းထားသည်။

### စက်ရုံ၊ အလုပ်ရုံကြီးပေါင်း ၇၀၀၀ ကျော်ခန့်ရှိ

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များ၌ အလုပ်သမားများစွာရှိသည့် စက်ရုံ၊ အလုပ်ရုံကြီးပေါင်း ၄၀၀၀ နီးပါးရှိပြီး တစ်နိုင်ငံလုံးတွင် စက်ရုံ၊ အလုပ်ရုံကြီးပေါင်း ၇၀၀၀ ကျော်ခန့်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။

လူမှုဖူလုံရေးအကျုံးဝင်သည့် အာမခံအလုပ်သမားများကို မေ ၂၀ ရက်မှ ၃၀ ရက်အတွင်း စက်ရုံ၊ အလုပ်ရုံများအား ကျန်းမာရေးကန့်သတ်ချက်စစ်ဆေးနေစဉ် ၁၁ ရက်ကာလကို ဥပဒေများနှင့်အညီ ထည့်ဝင်ကြေးနှုန်း၏ ၆၀ ရာခိုင်နှုန်း ပေးအပ်နိုင်ရန်ပြင်ဆင်လျက်ရှိပြီး ငွေရေးကြေးရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားရန် စီစဉ်နေကြောင်းလည်း ဦးမျိုးအောင်က ပြောကြားသည်။

"လူမှုဖူလုံရေးဆိုတာက အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ငွေသာဖြစ်ပြီး ဝန်ကြီးဌာနအနေနဲ့ကတော့ ထိန်းသိမ်းထားပေးခြင်းသာဖြစ်ပါတယ်။ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ လူမှုဖူလုံရေးအကျိုးခံစားခွင့်ရှိတဲ့အလုပ်သမားအတွက် ထောက်ပံ့ပေးနိုင်ဖို့ အလျင်မြန်ဆုံးရရှိနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်"ဟု အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်ဖို့လို

"အလုပ်ရှင်ရော၊ အလုပ်သမားရော အားလုံး ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ရောဂါပိုးတွေ့ရှိပုံကလည်း အမျိုးမျိုးဖြစ်တဲ့အတွက် စက်ရုံထဲမှာကူးစက်နိုင်သလို အဆောင်နေစဉ်မှာလည်း ကူးစက်နိုင်ပါတယ်။ ဒါကြောင့် ထိန်းချုပ်လိုတဲ့အတွက် အခုလို သတ်မှတ်ဆောင်ရွက်တာကို ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုပါတယ်။ တိကျတဲ့ လမ်းညွှန်ချက်တွေကို လိုက်နာဖို့လိုပါတယ်။ သက်ဆိုင်ရာဌာနဆိုင်ရာတွေဆီမှာ စစ်ဆေးခံနိုင်ဖို့အတွက် အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ဖို့လိုပြီး ဒါမှသာ လျင်လျင်မြန်မြန် ပြန်လည်ဖွင့်လှစ်နိုင်မှာဖြစ်ပါတယ်လို့ အလုပ်ရှင်တွေအားလုံးကိုရော၊ အလုပ်သမားတွေအားလုံးကိုရော ပြောကြားလိုပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

# YBS ယာဉ်လိုင်းများအား ခရီးသည်သွားလာမှုအပေါ်မူတည်၍ အဆင်ပြေအောင်ပြေးဆွဲပေးနေ

**ရန်ကုန် မေ ၂၀**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ရန်ကုန်၌ ခရီးသည်သွားလာမှုအခြေအနေပေါ်မူတည်ပြီး YBS ယာဉ်လိုင်းများအား အဆင်ပြေအောင်ပြေးဆွဲပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)တွဲဖက်အတွင်းရေးမှူး ဦးလှအောင်ထံမှ သိရသည်။

"ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကာလမှာ လိုအပ်ချက်အရ ပြောင်းလဲလုပ်ကိုင်ရတာရှိပါတယ်။ အဓိကကတော့ ခရီးသည်စီးနင်းမှုအခြေအနေပေါ်ကြည့်ပြီး အဆင်ပြေအောင်ပြေးဆွဲပေးနေပါတယ်။ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ညွှန်ကြားထားတဲ့အတိုင်း ဆောင်ရွက်နေပါတယ်။ ယာဉ်မောင်းသူတွေ လက်ဆေးရမယ်၊ နှာခေါင်းစည်းတပ်ရမယ်။ ထို့အတူ ခရီးသည်တွေအနေနဲ့လည်း နှာခေါင်းစည်းတပ်ရမယ် စသည်ဖြင့် ယာဉ်လိုင်းတွေကို ကျွန်တော်တို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ခရီးသည်တွေအနေနဲ့လည်း ယာဉ်တွေမှာလိုက်ပါစီးနင်းတဲ့အခါ တစ်ကိုယ်ရေလိုက်နာဆောင်ရွက်ရမယ့်အချက်တွေကို လိုက်နာခြင်းအားဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးမှာ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ယနေ့(မေ ၂၀ ရက်)တွင် YBS ယာဉ်လိုင်း ၉၂ လိုင်းမှ မော်တော်ယာဉ်စီးရေ ၁၂၆၉ စီးဖြင့် ခရီးသွားပြည်သူ ၁၃၅၈၇၇ ဦးကို သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း၊ နေ့စဉ်ပြေးဆွဲလျက်ရှိသော ယာဉ်လိုင်းအရေအတွက်နှင့် မော်တော်ယာဉ်စီးရေမှာ နေ့စဉ် ခရီးသွားလာမှုရှိသော ပြည်သူများ၏အခြေအနေအရလည်းကောင်း၊ ယာဉ်မောင်းများ၏ ပါဝင်ဆောင်ရွက်နိုင်မှုအခြေအနေအရလည်းကောင်း စီမံပြေးဆွဲရခြင်းဖြစ်ကြောင်း YRTA ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

**ကိုထက်**

# လဲချားမြို့နယ်အတွင်း သောက်သုံးရေရရှိရေး ဆောင်ရွက်

**လဲချား မေ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် လဲချားမြို့နယ်အတွင်း သန့်ရှင်းသောသောကသုံးရေရရှိရေးလုပ်ငန်းများကို မတ်လ တတိယပတ်က စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တင်ဒါအောင်မြင်သော ကောင်းလှသော်ကုမ္ပဏီက ဟဲဆိုင်ကျေးရွာနှင့် ဟိုနောင်ကျေးရွာတို့၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို ငွေကျပ် ၄၃ ဒသမ ၇၉ သန်းဖြင့်လည်းကောင်း၊ ဆွေမွန်သစ်ကုမ္ပဏီက ကုန်းမိုက်ဟိုင်းကျေးရွာနှင့် ဝမ်မိုင်နမ့်မင်ကျေးရွာတို့၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ငွေကျပ် ၄၃ ဒသမ ၇၉ သန်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် ကျေးရွာများမှ နွေရာသီသောက်သုံးရေဖူလုံပြည့်ဝစွာဖြင့် စောလျင်စွာ အကျိုးခံစားခွင့်များရရှိနိုင်ရေး လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးမြင့်နှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်

**ကျောက်မဲ မေ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၁၀၀ စီဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကျောက်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးက်ရေးဦးစီးဌာနမှ သိရသည်။

ကျောက်မဲမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ပန်ပေါင်း၊ ကန့်ကန်၊ ညောင် မောင်း၊ ကလောင်းဝိုင်း၊ မန်ပေါက်၊ မန်ဝိန်း၊ ပန်သပြေ၊ အက်ကြီး၊ မန်ဝိန်း(ရွာဟောင်း)၊ နမ့်ဆော့၊ ကောင်းမုလိန်၊ ပန်းမ(တောင်)၊ နမ့်ဟူးဟန်လီ၊ နောင်သျှင်၊ ကောင်းဟုန်း ကျေးရွာ ၁၅ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုတာ ကျေးရွာရဲ့ ပကတိလိုအပ်ချက်တွေကို စီမံကိန်းရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကြီးကြပ်ဦးဆောင်ပြီး စီမံကိန်းထောက်ပံ့ငွေ၊ ကျေးရွာလူထု ထည့်ဝင်ငွေများနဲ့ ပေါင်းစပ်ပြီး ကျေးရွာပြည်သူများကိုယ်တိုင် မိမိတို့ကျေးရွာရဲ့ အဓိက ဆောင်ရွက်ရန်လိုအပ်တဲ့ လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေးနဲ့ ခန်းမဆောင် စတဲ့ လုပ်ငန်းတွေကို ဦးစားပေးအဆင့်အလိုက် ထည့်သွင်းကာ စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ရတဲ့ စီမံကိန်းဖြစ်ပါတယ်" ဟု ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က ပြောကြားသည်။

အဆိုပါ ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအနေဖြင့် ကွန်ကရစ်လမ်းလေးလမ်း၊ ကျောက်ချောလမ်း လေးလမ်း၊ ရေပေးရေးလုပ်ငန်း လေးခု၊ ဘက်စုံသုံးခန်းမနှစ်ခု၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း လုပ်ငန်းတစ်ခု စုစုပေါင်းလုပ်ငန်း ၁၅ ခုအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းထောက်ပံ့ငွေနှင့်ကျေးရွာပြည်သူများထည့်ဝင်ငွေ စုစုပေါင်းငွေကျပ် ၁၆၁ ဒသမ ၃ သန်းဖြင့် ယခုနှစ်မတ်လမှ စတင်ကာ လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ကြောင်း ကျောက်မဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်ထံမှ သိရသည်။

**ဖြိုးထက်အောင်**
**(ပျော်ဘွယ်)**



# တိုင်းဒေသကြီးရုံးသုံးရုံးမှ ကြာကန်ကျေးရွာသို့ ရေဂါလန် ၆၀၀၀ လှူဒါန်း

**မကွေး မေ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့အသေးစားအလတ်စားစက်မှုလက်မှုဦးစီးဌာန တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် တိုင်းဒေသကြီးအလုပ်ရုံနှင့်အလုပ်သမား စိစစ်ရေးဦးစီးဌာနတို့က မကွေးမြို့နယ် ကြာကန်ကျေးရွာအရှေ့ တစ်မိုင်ကျော်အကွာရှိ ကြားကုန်းထန်းတောတိုက်အပါအဝင် နေရာလေးနေရာခွဲကာ သောက်သုံးရေဂါလန် ၆၀၀၀ ကို မေ ၁၈ ရက် နံနက်ပိုင်းက စုပေါင်းလှူဒါန်းခဲ့ပြီး ကြာကန်ကျေးလက်မြေပရဟိတအဖွဲ့မှ နှာခေါင်းစည်းများတပ်ဆင်ရန် အခမဲ့ ဝေငှပေးခဲ့သည်။

"နေရာလေးနေရာခွဲပြီး မကွေးမြို့မှာရှိတဲ့ဌာနကြီးသုံးဌာနက တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများကိုယ်တိုင် အိမ်ခြေ ၁၀၇ အိမ်၊ လူဦးရေ ၅၃၅ ဦး၊ အိမ်ထောင်စု ၁၂၄ စု အတွက်ကို လာရောက်ကာ လှူဒါန်းသွားပါတယ်။ အညာနွေနဲ့ ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကို ဂရုမစိုက်ဘဲ လူအများအကျိုးကို ဖြူစင်တဲ့စေတနာနဲ့ လာရောက်လှူဒါန်းခဲ့ကြတဲ့ မိသားစုဝင်များအားလုံး ရေလိုအေးမြပါစေလို့ ဆုတောင်းပေးပါတယ်၊ ရွာသူရွာသားတွေကလည်း ကျေးဇူးတင်ကြပါတယ်"ဟု ကြာကန်ကျေးလက်မြေအဖွဲ့မှ ကိုဇော်မင်းထိုက်က ပြောသည်။

**မကြာခဏ လက်ဆေး**

"ကိုဗစ် - ၁၉ ရောဂါကို ကာကွယ်ဖို့ လက်ကို ဆပ်ပြာနဲ့ မကြာခဏ လက်ဆေးဖို့၊ နှာခေါင်းစည်းတပ်ဖို့ ပြောကာ နှာခေါင်းစည်းများလည်း ဝေငှပေးပါတယ်။ ရောဂါကာကွယ်ရေးအသိပညာလည်းပေး၊ သောက်ရေလည်း လှူဒါန်းပေးတဲ့ အလှူရှင်များ ကျန်းမာချမ်းသာပါစေလို့ ပြောပါရစေ"ဟု ကြားကုန်းတဲတိုက်မှ ဒေသခံတစ်ဦးက ပြောသည်။

**ဝင်းမောင်(မကွေး)**

# နွေစပါးဖြိုင်ဖြိုင်ပေါ်ချိန် စပါးအစို တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းအောက်ကျဆင်း

**ရေတာရှည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာဆည်တမံရေသောက် နွေစပါးစိုက်ခင်းများ ရိတ်သိမ်းလျက်ရှိပြီး ယခုလက်ရှိစပါးဖြိုင်ဖြိုင်ပေါ်ချိန်တွင် စပါးအစို တင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀ အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

"တောင်သူတွေ စပါးပေါ်ရင် ထုံးစံလိုပါပဲ ဈေးနှုန်းဖွင့်တာက ကုန်သည်တွေဆိုတော့ ခုသူတို့ ဆန်စက်တွေမှာ စပါးတွေပုံနေတယ်၊ ရောင်းလိုအားကများတော့ ဈေးနှုန်းက ဖမ်းထိန်းလိုက်တဲ့သဘောပါပဲ"ဟု အင်းပက်လက်ကျေးရွာနေ စပါးအရောင်းအဝယ်လုပ်သူတစ်ဦးက ပြောသည်။

တောင်သူများအနေဖြင့် လက်ရှိစပါးများရိတ်သိမ်းလျက်ရှိရာ ရိတ်ခြွေစက်ဖိုးနှင့် သွင်းအားစုဓာတ်မြေဩဇာအကြွေးများကို အမြန်ဆုံးပေးဆပ်နိုင်ရန် စက်ကျအစိုကိုသာ စပါးအရောင်းအဝယ်လုပ်သူနှင့်ချိတ်ဆက်ကာ ရောင်းချကြခြင်းနှင့် ပတ်သက်၍ "ကျွန်တော်တို့တောင်သူတွေအနေနဲ့ စပါးကိုခြောက်အောင်အထိ မစောင့်နိုင်ကြဘူးလေ စပါးသယ်ယူရတာ၊ အခြောက်လှန်းဖို့အတွက် လူငှားရတာက ငွေကြေးထပ်ကုန်မယ့်အပြင် စပါးကလည်း လျော့သွားဦးမှာ၊ နောက် ဓာတ်မြေဩဇာဖိုး အကြွေးတွေကလည်း အတိုးတက်နေတာရယ်၊ ရိတ်ခြွေခက စပါးရောင်းပြီးတာနဲ့တန်းပေးရတာဆိုတော့ အစိုဈေးနှုန်းအတိုင်းပဲရောင်းရတာပဲ"ဟု ဆွာမင်းလမ်းကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။



စပါးစိုက်ပျိုးရာတွင် နှစ်စဉ်လိုလို အရှုံးပေါ်နေကြရသည့် တောင်သူများအနေဖြင့် လက်ရှိစပါးအစို တင်း ၁၀၀ လျှင် ကျပ် ငါးသိန်းဖြင့် ရောင်းချရသည့်အခါ အဆင်ပြေကြသော်လည်း ဈေးနှုန်းထပ်မံကျဆင်းလျှင် အခက်အခဲများ ကြုံတွေ့နိုင်သည်ဖြစ်ရာ လက်ရှိနွေစပါးများထွက်ရှိခြင်းကြောင့် မိုးစပါးမတိုင်မီ ဆန်ရိက္ခာလိုအပ်မှုများကို ဖြည့်တင်းနိုင်မည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



# နဂါးမောက်သီးအရောင်းအဝယ် လက်ကားဈေးထက် လက်လီဈေးကွက်ကို အဓိကထားရောင်းနေရ

**ချောက် မေ ၂၀**

အညာဒေသ ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့တွင် နဂါးမောက်သီးအရောင်းအဝယ် ယခင်ကထက် အရောင်းအဝယ်အေးနေသောကြောင့် လက်လီဈေးကွက်ကို အဓိကထားရောင်းနေရကြောင်း စိုက်ပျိုးသူများနှင့် ရောင်းဝယ်သူများထံမှ သိရသည်။

"သင်္ကြန်ပြီးနောက်ပိုင်းမှာ သစ်သီးအရောင်းဆိုင်တွေက မရောင်းတော့ဘူးပေါ့။ နောက်ပြီး သစ်သီးဆိုင်ဆိုတာ ပျားလိမ္မော်၊ ဖရဲသီး၊ စပျစ်သီး၊ ပန်းသီးစတာတွေရောင်းတာပါ။ ယခုနဂါးမောက်သီး တစ်မျိုးပဲရှိတာ၊ ကျန်အသီးတွေက လမ်းခရီးကြောင့်မလာဘူး။ ဒါကြောင့် ဘာအသီးမှမရောင်းတော့ပါဘူး"ဟု သစ်သီးဝလံရောင်းသူတစ်ဦးက ရှင်းပြသည်။။

"နဂါးမောက်သီးက ပုံမှန်ပဲစိုက်ခဲ့တာပါ။ အသီးကလည်း နှစ်တိုင်းမှာအအေးဆိုင် လက်ကားရောင်းရတာ အရောင်းသွက်တယ်။ ဒီနှစ်ကတော့ ကိုဗစ်-၁၉ ရောဂါကြောင့် လက်ကားဝယ်သူအေးတယ်။ ယခင်ကလိုမမှာတော့ဘူး။ ဒါကြောင့် လက်လီပဲ အဓိကထားရပါတယ်"ဟု အညာဒေသမှ နဂါးမောက်စိုက်သူ ဦးသိန်းက ပြောကြားသည်။

နဂါးမောက်သီးဈေးကွက်အနေနှင့် ယခင်နှစ် နွေရာသီတွင် လက်ကားနှင့် လက်လီဈေးအရောင်းအဝယ်ကောင်းခဲ့၍ ခြံစိုက်တောင်သူများ တွက်ချေကိုက်ခဲ့ကြောင်း ခြံစိုက်တောင်သူများထံမှ သိရသည်။ **ဆန်းညွှန့်(ရေနံချောင်း)**

## သောက်သုံးရေ အခက်ကြုံနေသော ကျေးရွာသို့ ရေများ သွားရောက်လှူဒါန်း

**ပုဗ္ဗသီရိ မေ ၂၀**

ပူပြင်းခြောက်သွေ့သောနွေရာသီတွင် သောက်သုံးရေအခက်ကြုံနေသော ကျေးရွာများအား သောက်သုံးရေရရှိစေရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ သောက်သုံးရေများလှူဒါန်းပေးခြင်းကို မေ ၂၀ ရက် နံနက် ၁၀ နာရီက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာအုပ်စု စက်ကုန်းကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့လှူဒါန်းရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမင်းဇော်ဦးနှင့်တာဝန်ရှိသူတို့က ရေဂါလန် ၄၀၀၀ ကို စက်ကုန်းကျေးရွာရှိ သောက်သုံးရေအခက်ကြုံနေသောပြည်သူများအား အိမ်ထောင်စုအလိုက် သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သယ်ဆောင်၍ စနစ်တကျခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ကံချွန်(ပြန်/ဆက်)**

# ကျိုတိုမှပေးစာများ - ၂၃
# ကိုဘေးအမဲသား အတွေ့အကြုံများ

■ အောင်အောင် IR

အိုဆာကာမြို့ဆီ သွားရောက်လည်ပတ်စဉ်မှာ အနီးက ကိုဘေးမြို့ဆီပါဝင်လည်ဖို့ ခရီးစဉ်ထဲ ထည့်သွင်းခဲ့ပါတယ်။ ကိုဘေးမြို့ကို လည်ပတ်ချင်တဲ့ အဓိကအကြောင်းရင်းက နှစ်ချက် ရှိပါတယ်။ ပထမတစ်ချက်က လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်က ကိုဘေးမှာ ငလျင်ကြီးလှုပ်ခတ်လို့ လူတွေထောင်နဲ့ချီပြီး သေပါတယ်။ အဆောက်အဦတွေလည်း သောင်းနဲ့ချီပြီး ပျက်စီးခဲ့ပါတယ်။ အဲဒီတုန်းက ထိခိုက်သေဆုံးသူတွေထဲမှာ မြန်မာနိုင်ငံသား အချို့လည်းပါခဲ့တယ်။ အဲဒီငလျင်ကြီးကြောင့် စာရေးသူ ကိုဘေးဆိုတဲ့နာမည်ကို ငယ်စဉ်ကတည်းက ကြားသိရင်းနှီးနေခဲ့ပါတယ်။ နောက်တစ်ချက်က အမဲသားကြောင့်ပါ။ စာရေးသူက အမဲသားကြိုက်ပါတယ်။ ကိုဘေးအမဲသားဆိုတာ ကမ္ဘာပေါ်မှာ အကောင်းဆုံးလို့ နာမည်ကြီးပါတယ်။ အမဲပေါ်မယ့်နွားတွေကို နှစ်နဲ့ချီပြီး ဂရုတစိုက် ကျွေးမွေးပြုစုကြရပါတယ်။ အဲဒီနာမည်ကျော် ကိုဘေးအမဲသား ဌာနချုပ်ရှိရာဆီ သွားမှာပါ။ နောက် အင်တာနက်မှာ ရှာကြည့်တော့ အမဲသားပြခန်းဆိုပြီး ပြတိုက်ပုံစံ ဖွင့်ထားတာတွေ့တယ်။



ကိုဘေးမြို့မှ အမဲသားပြခန်း။

**ကိုဘေးအမဲသား (Kobe Beef)**


ကိုဘေးအမဲသားဆိုတာ ဂျပန်နိုင်ငံမှာ သာမက ကမ္ဘာတစ်လွှားမှာ အထူးကျော်ကြားတဲ့ ဂျပန်အမဲသား ဖြစ်ပါတယ်။ ကိုဘေးအမဲသားသမိုင်းကို လေ့လာမယ်ဆိုရင် ၁၈၆၈ ခုနှစ်လောက်ဆီ ပြန်သွားရပါမယ်။ ၁၈၆၈ ခုနှစ်မှာ ကိုဘေးဆိပ်ကမ်းကို နိုင်ငံတကာနဲ့ကုန်သွယ်ဖို့ စတင်ဖွင့်လှစ်ပါတယ်။ အဲဒီမှာ အနောက်နိုင်ငံသားတွေ စတင်ရောက်ရှိလာပါတယ်။ အဲဒီတုန်းက ဂျပန်လူမျိုးတွေဟာ အသားစားသုံးလေ့ သိပ်မရှိလှဘူးလို့ ဆိုပါတယ်။ အင်္ဂလိပ်လူမျိုးတစ်ဦးဟာ လယ်ယာလုပ်ကိုင်တဲ့ ဂျပန်လယ်သမား အချို့ထံမှ နောင်တစ်ချိန် ကိုဘေးအမဲသားလို့ ကမ္ဘာကျော်လာမယ့် တာဂျီးမ ဂရူး (Tajima-gyu) တစ်ကောင်ကို လက်ခံရရှိခဲ့ပါတယ်။ Gyu ဆိုတာ ဂျပန်လို နွားလို့ အဓိပ္ပာယ်ရပါတယ်။ တစ်နေ့ အဲဒီနွားသားကိုစားရင်း အရသာကို အင်မတန် နှစ်သက်သွားခဲ့ပါတယ်။ နောက်ပိုင်းမှာ ကိုဘေးဆိပ်ကမ်းကိုလာတဲ့ အနောက်နိုင်ငံတွေက ကုန်သည်တွေ၊ သင်္ဘောသားတွေဟာ ကိုဘေးနွားတို့၊ အမဲသားတို့ကို မှာယူလာကြပါတော့တယ်။

ကိုဘေးအမဲသားရဲ့ ကျော်ကြားမှုက အမေရိကန်သမ္မတ အိမ်ဖြူတော်အထိ ရောက်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ အမေရိကန်သမ္မတ ဘာရက်အိုဘားမားဟာ သူဂျပန်နိုင်ငံ ရောက်ရှိခိုက် ကိုဘေးအမဲသားကို တကူးတက မှာယူသုံးဆောင်ခဲ့ပါတယ်။ ဒီလို ကိုဘေးအမဲသားကို မှာယူတာ အမေရိကန်သမ္မတတစ်ဦးတည်း မဟုတ်ပါဘူး။ အခြားထင်ရှားတဲ့ နိုင်ငံရေးသမားတွေ၊ အနုပညာရှင်တွေ၊ တော်ဝင်မင်းမျိုးမင်းနွယ်တွေ ဂျပန်ကို ရောက်ရှိလာတဲ့အခါ ဒီလိုပဲ ကိုဘေးအမဲသား မှာယူလေ့ရှိပါတယ်။ အချို့ ဟောလီဝုဒ် သရုပ်ဆောင်တွေ၊ နာမည်ကြီးအနုပညာရှင်တွေဆို သူတို့ဂျပန်နိုင်ငံရောက်ရှိခိုက် ကိုဘေးအမဲသားထွက်တဲ့ နွားမွေးမြူရေးခြံတွေဆီ ရုပ်ဖျက်သွားရောက်ကာ တာဂျီးမ နွားတွေကို ဘယ်လိုမွေးမြူတယ်ဆိုတာ ကိုယ်တိုင်လေ့လာချင်ပါတယ်ဆိုပြီး ဂျပန် တာဝန်ရှိသူတွေကို မေတ္တာရပ်ခံတာမျိုးတွေအထိ ရှိပါတယ်။ ကိုဘေးအမဲသားနဲ့ပတ်သက်ပြီး ထင်ရှားတဲ့ ကိစ္စတစ်ခုက ကမ္ဘာကျော် အမေရိကန် ဘတ်စကက်ဘော အားကစားသမား ကိုဘေး ဘရိုင်ယန့် (Kobe Bryant)နဲ့ ပတ်သက်ပါတယ်။ ကိုဘေးဘရိုင်ယန့်ရဲ့ မိဘတွေဟာ ဂျပန်ကိုလာလည်ခိုက် ကိုဘေးအမဲသားကို စားသုံးခဲ့ပြီး အင်မတန်နှစ်သက်သဘောကျခဲ့ကြပါတယ်။ သူတို့ဟာ အဲဒီ ကိုဘေးအမဲသားနဲ့အတူ ကိုဘေးမြို့အမည်ကို စိတ်မှာ မှတ်သားစွဲလမ်းသွားခဲ့ပြီး သူတို့သားလေးကို နာမည်ပေးတဲ့အခါ ပထမနာမည်စာလုံး ကိုဘေးမြို့အသံထွက်ကို ထည့်သွင်းမှည့်ခေါ်ခဲ့တယ်လို့ သိရပါတယ်။ ကဲ ဒီလိုဆို အမဲသားကြိုက်တဲ့ စာရေးသူအနေနဲ့ ကိုဘေးအမဲသားစားချင်လို့ ကိုဘေးမြို့ကို တကူးတက သွားခဲ့တယ်ဆိုတာ မလွန်ပါဘူးနော်။


မန်စီရီတစ်ခုအတွင်း ပြသထားသည့် ကိုဘေးအမဲသား အသားစိုင်၊ အသားခဲကြီးများကို တွေ့ရစဉ်။

ကိုဘေးအမဲသား ထုတ်လုပ်မှုနဲ့ပတ်သက်ပြီး လေ့လာမယ်ဆိုရင် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုဘေးအမဲသား ထုတ်လုပ်မယ့် နွားမွေးမြူသူများ၊ လုပ်ငန်းရှင်များကို သေသေချာချာ စိစစ်ရွေးချယ်ပါတယ်။ နွားမွေးမြူရေးခြံများကို ကိုဘေးမြို့တည်ရှိတဲ့ ရှူးဂိုခရိုင် (Hyōgo Prefecture) မှာ ထားရှိပါတယ်။ ဆိုလိုတာက ကိုဘေးအမဲသားဟာ ရှူးဂိုဒေသကပဲ လာရပါမယ်။ ကိုဘေးအမဲသား ထုတ်မယ့်နွားမျိုးဟာ တာဂျီးမ ဂရူးဆိုတဲ့ နွားမျိုး ဖြစ်ရပါမယ်။ တာဂျီးမ နွားတွေဟာ အမည်းရောင် ဖြစ်ပါတယ်။ ဂျပန်မှာ Japanese Black Cattle (Kuroge Washu), Japanese Brown Cattle (Akage Washu), Japanese Polled Cattle (Mukaku Washu) နဲ့ Japanese Shorthorn Cattle (Nihon Tankaku Washu) ဆိုပြီး ယေဘုယျ နွားမွေးမြူရေး လေးမျိုး ရှိတယ်လို့သိရပါတယ်။ ဂျပန်အမဲသားစစ်စစ်ကို ယေဘုယျ ဝါဂျူးလို့ခေါ်ပါတယ်။ ဝါဂျူးဆိုတာ ဂျပန် အမဲသား၊ ဂျပန်နွား၊ ဂျပန်နွားမွေးမြူရေးခြံ စသဖြင့် အဓိပ္ပာယ်ရပါတယ်။ တာဂျီးမ (ဂရူး) နွားဟာ Japanese Black Cattle (Kuroge Washu) နွားမွေးမြူရေးအမျိုးအစားထဲမှာ ပါဝင် ပါတယ်။ ဂျပန်မှာ အမဲသားစားခဲ့တိုင်း ဂျပန် အမဲသား မဟုတ်ပါဘူး။ ကိုဘေးမှာ အမဲသားစားခဲ့တိုင်း ကိုဘေးအမဲသား (Kobe Beef) မဟုတ်ပါဘူး။ ဂျပန်အမဲသားစစ်ရင် ဈေးများပါတယ်။ ကိုဘေးအမဲသားမှန်ရင် ဈေးကြီးပါတယ်။ ကိုဘေးအမဲသားစစ်စစ် စားချင်ရင် တာဂျီးမ နွားသားဖြစ်ရပါမယ်။ တစ်နည်းဆိုရရင် တာဂျီးမအမဲသား (Tajima) ဆိုတာ ကိုဘေး အမဲသားပဲဖြစ်ပါတယ်။ တာဂျီးမနွားမျိုးတွေကို အဲဒိုခေတ်ကာလ ၁၆၀၃ - ၁၈၆၈ ခုနှစ်ကတည်းက ယနေ့အထိ သီးသန့်စနစ်တကျ မွေးမြူလာခဲ့တာ ဖြစ်ပါတယ်။

မွေးမြူပုံကိုရေးရမယ်ဆိုရင် တာဂျီးမ နွားမျိုးက မွေးဖွားတဲ့ နွားပေါက်ကလေးတွေကို တာဂျီးမနွားအဖြစ် မှတ်ပုံတင်ပါတယ်။ မှတ်ပုံတင်ပြီးနောက် သူတို့နားတွေမှာ ဒစ်ဂျစ်တယ်နံပါတ် ၁၀ လုံးပါဝင်တဲ့ အမှတ်အသားကတ်ပြား ချိတ်ဆွဲပေးပါတယ်။ နွားမွေးမြူပျိုးထောင်ရေးခြံတွေရဲ့ တာဝန်က အဲဒီနွားလေးတွေထဲက ဘယ်နွားတွေကို ကိုဘေးအမဲသားထုတ်မယ့် နွားအဖြစ် မွေးမြူပျိုးထောင်မလဲဆိုတာ ရွေးချယ်စိစစ်ရပါမယ်။ မိတ်လိုက်မျိုးပွားနိုင်မယ့် အခြေအနေတွေ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရပါမယ်။ ဒီနွားပေါက်တွေကို အသက်ကိုးလထိတိုင် ကျန်းမာလန်းဆန်းအောင် ဂရုတစိုက် မွေးမြူရပါမယ်။



ကိုဘေးအမဲသားထုတ်လုပ်မည့် တာဂျီးမ ဂရူးနွားမျိုးများ။

ဒီနောက် နွားငယ်များကို အသားတိုးအောင်ကျွေးမွေးမယ့် စနစ်တကျသတ်မှတ်ထားတဲ့ နွားကျွေးမွေးပြုစုရေးခြံတွေဆီ ပို့ဆောင်ပါတယ်။ ကျွေးမွေးတဲ့နေရာဟာ နွားတွေ ကျန်းမာတဲ့ ဝန်းကျင်ဖြစ်ရပါမယ်။ နွားတွေကို ကျွေးမွေးတဲ့အခါ အကောင်းဆုံး အာဟာရဖြစ်စေတဲ့ စပါးရိုးပြတ်၊ ပြောင်းဖူး၊ မုယောစပါး၊ အခြား အန့်အစေ့တွေကို ကျွေးမွေးပါတယ်။ အရေးကြီးတာက နွားတွေကို ရေတိုက်တဲ့အခါ ကြည်လင်သန့်စင်တဲ့ရေသန့်ကိုသာ ဂရုတစိုက် တိုက်ကျွေးရပါမယ်။ အနည်းဆုံး အသက် ၂၈ လကနေ ပျမ်းမျှ ၃၂ လဆိုရင် ဒီစနစ်တကျ မွေးမြူထားတဲ့ တာဂျီးမနွားတွေဟာ ကိုဘေးအမဲသား ထုတ်လုပ်ဖို့ အသင့်ဖြစ်နေပါပြီ။ အသားထုတ်ဖို့ အသင့်ဖြစ်နေတဲ့ နွားတွေကို ရှူးဂိုခရိုင်မှာရှိတဲ့ သားသတ်ရုံတွေမှာ သတ်ပါတယ်။ ဒီနောက်ထွက်လာတဲ့ အသားကို ဈေးကွက်ကိုမပို့ခင် ကိုဘေးအမဲသားအဖြစ် အရည်အသွေးမီ၊ မမီ အဆင့်လေးဆင့်နဲ့ ဂျပန်အသား အရည်အသွေးအဆင့် သတ်မှတ်မှုအသင်းက အမှတ်ပေး အကဲဖြတ် စစ်ဆေးပါတယ်။ အဲဒီလို အကဲဖြတ်စစ်ဆေးရာမှာ အမဲသားမှာ ကောက်ကြောင်း၊ အစင်းကြောင်း ပါဝင်မှုများပြားမှု၊ အမဲသားအရောင်နဲ့ တောက်ပမှု၊ အမဲသား တင်းရင်းပြည့်ဖြိုးသိပ်သည်းမှု၊ အမဲသားနူးညံ့ဖွံ့ဖြိုး အရသာရှိမှုစတဲ့ စံချိန်လေးမျိုးအပေါ် အခြေခံပါတယ်။ စံချိန်မီတယ်၊ အဆင့်များ သတ်မှတ်ပြီးပြီဆိုရင် ဒီအမဲသားတွေဟာ ကိုဘေးအမဲသား တစ်နည်း 'ရှူးဂိုခရိုင်က ထုတ်လုပ်တဲ့ တာဂျီးမ (ဂရူး) အမဲသား' အဖြစ် တံဆိပ်ကပ်ပြီး အသားဈေးကွက်ကို တင်ပို့ရောင်းချနိုင်ပါပြီ။

ကိုဘေးအမဲသားထုတ်တဲ့ တာဂျီးမ ဂရူး နွားတွေကို အရသာပိုမိုကောင်းမွန်စေဖို့အတွက် မွေးမြူချိန်မှာ နွားတွေကို ဘီယာတိုက်တယ်၊ နွားတွေကို ဂျပန်ဆာကေး အရက်နဲ့ နှိပ်နယ်ပေးတယ်၊ နွားသဘောကျမယ့် တေးသီချင်းတွေ ဖွင့်ပေးထားတယ် စသဖြင့် ကောလာဟလသဘောမျိုး လူတွေက ပြောကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကိုဘေးနွားမွေးမြူရေးနဲ့ သက်ဆိုင်တဲ့ တရားဝင်ဝက်ဘ်ဆိုက်တစ်ခုမှာ "ဒီလိုကိုဘေးအမဲသား ထုတ်လုပ်မယ့် နွားတွေကို မွေးမြူရာမှာ ဘီယာ၊ ဆာကေး၊ သီချင်းတွေ အသုံးပြုတယ်ဆိုတာ မဟုတ်ပါဘူး၊ အချို့နွားမွေးမြူရေးသမား အနည်းအကျဉ်းကတော့ လုပ်ချင်လုပ်မယ်၊ အဓိကက ကိုဘေးအမဲသား အရည်အသွေး စံချိန်မီဖို့ပဲဖြစ်တယ်၊ ဒီလိုစံချိန်မီဖို့ နွားတွေကိုကျွေးမွေးပြုစုရမယ့် နည်းစနစ်တွေထဲမှာ ဒီ ဘီယာတို့၊ ဆာကေးတို့၊ တေးသီချင်းတွေဆိုတာ မပါဘူး။ ဒါပေမဲ့ ဒီလို ဘီယာ၊ ဆာကေး၊ တေးဂီတ အသုံးပြုခြင်းဟာ နွားတွေပိုပြီး ရွှင်လန်းစေတယ်၊ ပေါ့ပါးလန်းဆန်းစေတယ်၊ အစားအစာပိုစားလိုစိတ် ဖြစ်စေတယ်ဆိုတဲ့ အယူအဆတွေရှိတယ်၊ ဒါပေမဲ့ အဲဒီလိုလုပ်လို့ အသားအထွက်တိုးတာ၊ အသားအရည်အသွေး တိုးတက်ကောင်းမွန်တာမျိုး အခုအချိန်အထိတော့ အတည်မပြုနိုင်သေးပါဘူး" ဆိုပြီး နည်းနည်း မတင်မကျ ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။ ဒီလို နာမည်သတင်း ကြီးမားလှတဲ့ ကိုဘေးအမဲသားတွေကို ဂျပန်နိုင်ငံမှာသာမက တစ်ကမ္ဘာလုံးမှာပါ နှစ်ခြိုက်စွာ စားသုံးကြပေမယ့် ကိုဘေးအမဲသား ထုတ်လုပ်မှုဟာ ဂျပန်တစ်နိုင်ငံလုံး အမဲသား ထုတ်လုပ်မှုရဲ့ သုည ဒသမ ၂ ရာခိုင်နှုန်းသာ ရှိတာမို့ ကိုဘေးအမဲသားဟာ ဈေးကြီးလှပါတယ်။

စာမျက်နှာ ၂၆ သို့ ○

○ စာမျက်နှာ ၂၅ မှ

## ကိုယ်တွေ့ကိုဘေးအမဲသား

ကိုဘေးမြို့ရောက်ရောက်ချင်း အဲဒီမြို့မှာရှိတဲ့ ကိုဘေးဘုရားကြီးကို ဝင်ဖူးပါတယ်။ ဒီနောက် အမဲသားပြခန်းရှိရာဆီ သွားခဲ့ပါတယ်။ ကိုဘေးအမဲသားပြခန်းဟာ ရှင်းကိုဘေးဘူတာနဲ့ဆက်စပ်တဲ့ ဈေးဝယ်စင်တာတစ်ခုအတွင်းမှာ တည်ရှိပြီး ဘူတာရုံထဲကနေ သုံးထပ်ကို ဓာတ်လှေကားနဲ့ တက်သွားရုံပါပဲ။ ပြခန်းဆိုပေမယ့် ကြီးကြီးမားမားတော့ မဟုတ်ပါဘူး။ စားသောက်ဆိုင်နဲ့ တွဲဖွင့်ထားတဲ့ ပြခန်းငယ်တစ်ခုသာ ဖြစ်ပါတယ်။ သို့သော် အတွင်းမှာ ကိုဘေးအမဲသား ရရှိစေတဲ့ တာဂျီးမ ဂျပန်နွားမျိုးနဲ့ပတ်သက်တဲ့ သတင်းအချက်တွေ ရုပ်တုရုပ်လုံးငယ်တွေ၊ သတင်းစာစောင်တွေ၊ တီဗွီသတင်းတွေ၊ ကိုဘေးအမဲသားနမူနာပုံစံတွေ စုံလင်စွာ ပြသထားပါတယ်။ ပြခန်းက သေးပေမယ့် စာရေးသူ အဲဒီမှာ အချိန်အတော်ကြာကြာ လေ့လာခဲ့ပြီး ကိုဘေးအမဲသားလည်း စားသုံးခဲ့ပါတယ်။

ပြခန်းဝင်ဝင်ချင်းမှာ နွားဦးခေါင်းပါရှိတဲ့ ကြေးအမှတ်တံဆိပ်တစ်ခုကို ပြသထားပြီး ဒီအမှတ်တံဆိပ်ဟာ တရားဝင် ကိုဘေးအမဲသား ရောင်းချသူ၊ ဝယ်ယူသူတွေကို ကိုယ်စားပြုတယ်လို့ သိရပါတယ်။ နံရံမှာလည်း ကိုဘေးအမဲသားပြခန်း ဖွင့်ပွဲသို့ ရှူးဂိုခရိုင် အုပ်ချုပ်ရေးမှူးဖြစ်သူ Toshizo Ido က ပေးပို့တဲ့ သဝဏ်လွှာကိုလည်း မှန်ဘောင်ချိတ်ဆွဲ ပြသထားပါတယ်။ ပြခန်းအဝင်ဝမှာ အဆင့်သတ်မှတ်ချက်တွေနဲ့အတူ ကိုဘေးအမဲသားတုံးပုံစံ ၁၀ တုံးကို အလျားလိုက် မှန်ဗီရိုတစ်ခုအတွင်းမှာ ကျောက်မျက်ရတနာတွေ၊ ကျောက်စိမ်းတုံးတွေ ခင်းကျင်းပြသထားသလို ပြသထားပါတယ်။ ဘေးဒေါင်လိုက်မှန်ဗီရိုတစ်ခုအတွင်း အဆင့်သုံးဆင့်မှာ ကိုဘေးအမဲသား အသားစိုင်၊ အသားခဲကြီးများ ထည့်သွင်းပြသထားပါတယ်။ ပြခန်းအတွင်းမှာ ကိုဘေးနွားတွေကို ခြံခတ်မွေးမြူပုံ၊ အစားအစာကျွေးမွေးပုံ၊ နွားတွေရွေးချယ်ပုံ၊ အသားထုတ်လုပ်ပုံ၊ ရောင်းချပုံ အဆင့်အသီးသီးကို ပုံစံတူ ဖယောင်းရုပ်တုငယ်လေးတွေနဲ့ ပြသထားပါတယ်။ ပြခန်းအတွင်းမှာ ကိုဘေးနွား (တာဂျီးမနွား) တစ်ကောင်လုံးရဲ့ ရုပ်ပုံကားချပ်ကြီးနဲ့တကွ အသားထုတ်ယူတဲ့ အစိတ်အပိုင်းအသီးသီးကို Neck, Chuck Roll, Shoulder Clod, Brisket, Ribeye Roll, Striploin, Top Serloin Butt, Tenderloin, Short Rib & Short Plate, Knuckle Top Round, Bottom Round, Shank စသဖြင့် စာသားများ ရေးထိုးခွဲခြား ဖော်ပြထားတာ စိတ်ဝင်စားဖွယ် လေ့လာတွေ့ရှိရပါတယ်။

ပြခန်းအတွင်း တီဗွီဖန်သားပြင်မှ တစ်ဆင့် ကိုဘေးအမဲသားနဲ့ ပတ်သက်တဲ့ မှတ်တမ်းရုပ်ရှင်များ အဆက်မပြတ်ပြသနေသလို အခန်းအလယ် စားပွဲပေါ်မှာလည်း ဂျပန်ဘာသာအပြင် အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်ဘာသာစကားတွေနဲ့ ရေးသားဖော်ပြထားတဲ့ ကိုဘေးအမဲသားနဲ့ ပတ်သက်တဲ့ လက်ကမ်းစာစောင်အများအပြား တွေ့ရပြီး အဲဒီစာစောင်ကြော်ငြာတွေမှာ ကိုဘေးအမဲသားစစ်စစ်ရရှိနိုင်တဲ့ စားသောက်ဆိုင်တွေ၊ ကိုဘေးအမဲသား ထုတ်လုပ်ခွင့်ပြုထားတဲ့ လုပ်ငန်းအမည်စာရင်းတွေ၊ ကိုဘေးအမဲသားနဲ့ ပြုလုပ်ထားတဲ့ အမဲသားဆူရှီတွေ၊ အမဲသားဟင်းလျာတွေကို ဖော်ပြထားပါတယ်။ ဒီအမဲသားပြခန်းလောက်နဲ့ မတင်းတိမ်ဘူး၊ ကိုဘေးအမဲသားကို ထပ်မံလေ့လာလိုသေးတယ်ဆိုရင် ရှူးဂိုခရိုင်အတွင်းမှာ နောက်ထပ် အမဲသားပြတိုက်တစ်ခု ရှိပါသေးတယ်။ Tajima Cattle Museum လို့ ခေါ်ပါတယ်။ အဲဒီမှာတော့ တကယ့်ပြတိုက်ပုံစံ သီးသန့် တွေ့မြင်ရမှာဖြစ်ပါတယ်။ သို့သော် ကိုဘေးကနေ ရထားနဲ့သွားမယ်ဆိုရင်တောင် သုံးနာရီ ကျော်လောက် ကြာမြင့်မှာဖြစ်ပါတယ်။

ပြခန်းအတွင်း ဘေးတစ်ဖက်မှာ ကိုဘေးအမဲသားသီးသန့်ရောင်းတဲ့ စားသောက်ဆိုင် တစ်ဆိုင်ရှိပြီး အဲဒီစားသောက်ဆိုင်ဟာ ကိုဘေးမြို့မှာ ဈေးအကြီးဆုံး ကိုဘေးအမဲသား ဆိုင်တွေအနက်မှ တစ်ဆိုင်ဖြစ်ပါတယ်။ ဈေးနှုန်းက သုံးမျိုးသုံးစားရှိပြီး နေ့လယ်စာ တစ်ပွဲကို ယန်း ၃၀၀၀၊ ယန်း ၄၅၀၀ နဲ့ ယန်း ၆၀၀၀ တို့ ဖြစ်ပါတယ်။ အနည်းဆုံး ယန်း ၃၀၀၀ တန် စားမယ်ဆိုရင်တောင် မြန်မာငွေ ၅၀၀၀၀ ကျပ်နီးပါးကျသင့်မှာဖြစ်ပြီး အခွန်ပါ ထပ်ပေးရရင် နေ့လယ်စာ တစ်နပ်ကို ငွေကျပ် ၅၀၀၀၀ ကျော်မယ့် သဘောရှိပါတယ်။ လာရင်းကိစ္စက ကိုဘေးအမဲသားစစ်စစ် စားလိုရင်းဖြစ်ပြီး အချိန်ကလည်း မွန်းတည့် ၁၂ နာရီ ကျော်နေပြီမို့ ကိုဘေးအမဲသားပြခန်းထဲက စားသောက်ဆိုင်မှာ ယန်း ၃၀၀၀ တန် ကိုဘေးအမဲသား ဟင်းလျာတစ်ပွဲ မှာလိုက်ပါတယ်။ စားသောက်ဆိုင်ပုံစံက အဖွင့်ဖြစ်ပြီး စားဖိုမှူးက ကိုယ့်ရှေ့မှာပဲ ကိုယ်စားမယ့် နေ့လယ်စာ ပြင်ဆင်ချက်ပြုတ်နေတာကို မြင်တွေ့နေရပါတယ်။ စားမယ့်သူတွေက ခုံတန်းမြင့် ထိုင်ခုံများပေါ်မှာ စီတန်းထိုင်နေကြပြီး ရှေ့မှာ စားဖိုမှူးက ပြင်ဆင်ချက်ပြုတ်ပါတယ်။ ကိုယ်စားမယ့် အမဲသားအစိမ်းတုံးကို မကင်မီ၊ မကြော်မီ စားမယ့်သူ ရှေ့မှာ ပန်းကန်ချပ်တစ်ခုနဲ့ အရင် ကြိုတင်ပြသပါတယ်။ ပြီးမှ အဲဒီအသားကိုယူပြီး ခုတ်ထစ်ကြော်လှော်တာ ဖြစ်ပါတယ်။ စာရေးသူလည်း ဂျပန်စားဖိုမှူးက ကိုယ့်နေ့လယ်စာ ပြင်ဆင်ချက်ပြုတ်နေတာကို အသေးစိတ်ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ ရိုက်ယူမှတ်တမ်းတင်ပါတယ်။ ကိုယ့်ရှေ့ရောက်လာတဲ့ ယန်း ၃၀၀၀ တန် နေ့လယ်စာ တစ်ပွဲမှာ ထမင်း၊ အရည်သောက်၊ အသီးအရွက်၊ အမဲသား ခြောက်တုံး ပါဝင်ပါတယ်။ အမဲသားစားကြည့်တော့ ကောင်းပါတယ်။ အသားတုံးတွေက လှပြီး နူးညံ့ပါတယ်။ ဒိန်ချဉ်စိမ်ထားတဲ့ အမဲသားတစ်တုံး စားရသလို ခံစားရပါတယ်။ ထူးထူးခြားခြား ကြီးတော့ အင်မတန်ကောင်းတယ်လို့ မခံစားရပါဘူး။ ထည့်ပေးတဲ့ အမဲသားက နည်းလှတာမို့ နေ့လယ်စာသာ စားပြီးသွားတယ်။ ဗိုက်မဝချင်ပါဘူး။ နောက်ထပ်တစ်ပွဲ မှာရင်လည်း ဈေးကြီးလှပါတယ်။ ဒါနဲ့ စားဖိုမှူး နောက်ကျောနံရံမှာ ရေးဆွဲထားတဲ့ ကိုဘေးအမဲသား ထုတ်လုပ်ပေးတဲ့ အမည်းရောင် တာဂျီးမ ဂျပန် နွားပုံကြီးကိုသာ ကြည့်လိုက်၊ စားလိုက်နဲ့ နွားတစ်ကောင်လုံး စားဘိသကဲ့သို့ တင်းတိမ်ခဲ့ရပါတယ်။ နေ့လယ်စာ စားပြီး ငွေရှင်းတော့ အခွန်အတွက်ပါ ငွေထပ်ပေးရတာမို့ ယန်း ၃၃၀၀ ကျသင့်ပါတယ်။ ပြခန်းစားသောက်ဆိုင်မှာ စားတာ၊ မစားတာ ကိုယ့်အပေါ်မှာပဲ မူတည်ပါတယ်။ ကိုဘေးအမဲသားပြခန်းက မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာနိုင်ပါတယ်။

ကိုဘေးအမဲသားပြခန်းက အပြန်မှာ ကိုဘေးမြို့ထဲဆက်ပြီး လျှောက်လည်ပါတယ်။ မြို့အနှံ့ စားသောက်ဆိုင်အများအပြား ရှေ့မှာ ကြီးမားလှတဲ့ အမည်းရောင် တာဂျီးမနွားရုပ်တုတွေကို ပုံစံအမျိုးမျိုးနဲ့တွေ့ရပြီး ကိုဘေးအမဲသား နေ့လယ်စာ၊ ညစာတွေကို အပြိုင်အဆိုင် ရောင်းချနေကြတာ တွေ့ရပါတယ်။ ဆိုင်ပေါင်းများစွာကို လေ့လာပြီးနောက် ကိုဘေးအမဲသား နေ့လယ်စာတစ်ပွဲကို ယန်း ၂၅၀၀ ကစပြီး ရောင်းချကြတာ တွေ့ရပါတယ်။ ကိုဘေးမှာရှိတုန်း တစ်ည ကိုဘေး တရုတ်တန်းဘက် ရောက်ပါတယ်။ တရုတ်တန်း အလယ်ဗဟို ရင်ပြင်လေးထောင့်မှာ ကိုဘေးအမဲသားဆိုပြီး ကြေညာရောင်းချနေတဲ့ ဆိုင် တစ်ဆိုင်ရှိပါတယ်။ ဈေးနှုန်းကြည့်တော့ အနည်းဆုံး ယန်း ၁၀၀၀ ကစပြီး အမဲသား ချည်းပဲ မှာလို့ရတယ်လို့ ဆိုပါတယ်။ ဒါနဲ့ ယန်း ၁၀၀၀တန် အမဲသားတစ်ပွဲမှာပါတယ်။ ထိုင်ခုံ မရှိပါဘူး။ မတ်တတ်ရပ် စားရပါတယ်။ ဆိုင်ခန်းနဲ့ဆိုပေမယ့် လမ်းထောင့်မှာ ဖွင့်ထားတဲ့ လမ်းဘေးဆိုင်သဘောမျိုးပါ။ အမဲသားအနည်းငယ်နဲ့ နာနတ်သီးစိတ်ပါတဲ့ ပန်းကန်တစ်ချပ် လာချပေးပါတယ်။ ကိုဘေးအမဲသား စစ်၊ မစစ်တော့ မသိပါဘူး။ အရွတ်တွေ၊ အကြောတွေ ပါပါတယ်။ စားရတာလည်း ပုံမှန်ပါပဲ။ မစားခင် အဲဒီ အမဲသားပန်းကန်ကို ပတ်ချာလည် ဓာတ်ပုံရိုက်တုန်း စားဖိုမှူးဖြစ်သူက စာရေးသူကို လာနှုတ်ဆက်ပြီး ဓာတ်ပုံထဲမှာ ဒီဆိုင်ရဲ့ ကိုဘေးအမဲသား အသိအမှတ်ပြုလက်မှတ်ကို ထည့်ရိုက်နိုင်ပါတယ်ဆိုပြီး ပန်းကန်အနားမှာ သစ်သားဘောင်ခတ်ထားတဲ့ အသိအမှတ်ပြုလက်မှတ် လာချထားပါတယ်။ တရုတ်တန်းကိုဘေးအမဲသားဆိုင်ကပြန်ထွက်လာတော့ ည ၈ နာရီကျော်နေပါပြီ။ ကိုဘေးအမဲသား အတွေ့အကြုံများ ခရီးစဉ်ဆောင်းပါးရေးသားဖို့ လိုအပ်တဲ့ ကုန်ကြမ်းများလည်း ထိုက်သင့်သလောက် ရခဲ့ပါပြီ။

ကိုဘေးမြို့ အမဲသားပြခန်းကို သွားရောက်လေ့လာလိုတယ်၊ အဲဒီမှာ ကိုဘေးအမဲသားစစ်စစ် စားသုံးချင်တယ်ဆိုရင် လိပ်စာမှာ 〒650– 0002 KOTO no HAKO Kobe 3F, 1 Kitano–cho, Chuo–ku, Kobe, HYOGO ဖြစ်ပြီး အနီးဆုံးရောက်ရှိနိုင်သည့် ဘူတာမှာ Shin Kobe station (North Exit) ဖြစ်ပါတယ်။ အမဲသားပြခန်းနှင့်ပတ်သက်ပြီး ပိုမိုသိရှိလိုပါက https://en. kobebeef.gallery/ တွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါတယ်။ ။



## ချောင်းဦးမြို့ ပြည်သူ့အားကစားကွင်း၌ ယာယီဈေး ဖွင့်လှစ်ရောင်းချ

**ချောင်းဦး မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် လူစုလူဝေး မဖြစ်ပေါ်စေရန် မြို့မစည်ပင်သာယာဈေးမှ ဥပုသ်ဈေးအား မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ယာယီဈေးအဖြစ် ယနေ့ နံနက်ပိုင်းက စတင်ဖွင့်လှစ် ရောင်းချလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ယာယီဈေး ဖွင့်လှစ်နိုင်ရေးအတွက် ဈေးဆိုင်ခန်းများကို ခြောက်ပေ ပတ်လည်အကွက် သတ်မှတ်ပေးခြင်းနှင့် လမ်းအကျယ် ၁၀ ပေခြားစီ ရောင်းဝယ်နိုင်ရေး၊ သတ်မှတ်နေရာများတွင် ဈေးရောင်းဈေးဝယ်ပြုလုပ်နိုင်ရေး၊ ပြည်သူ့အားကစားကွင်း အဝင်ဝတွင် အများသုံးလက်ဆေးရေကန်များကို ဆောင်ရွက်ပေးခြင်း၊ ယာယီဈေးသို့ လာရောက်ကြသည့် ဈေးရောင်းချသူ၊ ဈေးဝယ်သူများကို နှာခေါင်းစည်းတပ်ဆင် အသုံးပြုပြီး လက်ဆေးပြီးမှသာ ဈေးအတွင်း ဝင်ရောက်စေခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန့်ဝင်းက ပြောသည်။

**ဖွင့်လှစ်ရောင်းချ**

အခြေခံစားသောက်ကုန်များနှင့် အဝတ်အထည်များ ဝယ်ယူနိုင်ရန်အတွက် မြို့မစည်ပင်သာယာဈေးကို နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဖွင့်လှစ်ပေးထားပြီး ပြည်သူ့အားကစားကွင်းအတွင်း ဖွင့်လှစ်သည့် ယာယီဈေးကို နံနက် ၄ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပြုမည် ဖြစ်သည်။

ပြည်သူ့အားကစားကွင်းအတွင်းဖွင့်လှစ်သည့် ယာယီဈေးတွင် ကုန်စိမ်း၊ ကုန်ခြောက်နှင့် သားငါး ရောင်းချသည့် ဈေးသည်ပေါင်း ၄၀၀ ကျော်ရှိကြောင်း သိရသည်။

**အိအိအောင်**
**(ချောင်းဦး)**

## မင်းဘူးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေး ကာကွယ်ရေးအစီအမံများနှင့် ပိုးသတ်ဆေးဖျန်း

**မင်းဘူး မေ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ကိုဗစ်-၁၉ ရောဂါကူးစက် ပျံ့နှံ့မှုမရှိစေရေးအတွက် ကာကွယ်ရေးအစီအမံများနှင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယမန်နေ့ ညနေ ၄ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ယခုကဲ့သို့ လစဉ်ဆောင်ရွက်လျက်ရှိရာတွင် ဘဏ်လုပ်ငန်းများ ရေရှည်လည်ပတ်နိုင်စေရန်၊ လူစုလူဝေး မဖြစ်စေရန်၊ ပြည်သူများကို လစဉ်ရုံးဖွင့်ရက် ၂၁ ရက် တစ်ရက်တည်းကို လာရောက်စုပြုံပြီး မထုတ်ယူကြရန်၊ ပင်စင်လစာငွေများကို ဘဏ်စာအုပ်ဖွင့်လှစ်ထည့်သွင်းပြီး လိုအပ်သည့်အချိန်မှသာ ထုတ်ယူကြရန်နှင့် ATM စာရင်းဖွင့်ပြီး ATM စက်များမှလည်း ထုတ်ယူနိုင်ပါကြောင်း၊ Myanmar Mobile Money စနစ်၊ Wave Money စနစ်များကို အသုံးပြုပြီး နီးစပ်ရာ Mobile Agents များမှာလည်း ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ အငြိမ်းစားလစာများ ထုတ်ပေးသည့်အချိန်တွင် ကောင်တာသုံးခုဖြင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ထုတ်ပေးသည့်အခါမှာလည်း မင်းဘူးမြို့နယ်အနေဖြင့် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများကို အုပ်စုလိုက်ခွဲပြီး သူ့ရက်နှင့်သူ နံနက် ၆ နာရီခွဲမှ ညနေ ၃ နာရီအထိ ထုတ်ယူကြရမည် ဖြစ်ကြောင်း၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံ ပြည်သူများအတွက် ပန်ကြားစာထုတ်ပြီး အကြောင်းကြား၍ အသံချဲ့စက်များနှင့် လှည့်လည်ကြေညာထားပြီး ဖြစ်ပါကြောင်း၊ ဘဏ်ဝန်ထမ်းများအတွက် ရောဂါကြိုတင် ကာကွယ်ရေးသုံး အထောက်အကူပြု ပစ္စည်းများကိုလည်း အရန်သင့် ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း မင်းဘူးမြို့ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်အေးအေးကြိုင်က ပြောသည်။

လစဉ် ပင်စင်လာရောက် ထုတ်ယူသူများ၊ ဌာနဆိုင်ရာ ငွေကြေးကိစ္စ ဆောင်ရွက်ကြသူများ၊ ဘဏ်ဝန်ထမ်းများနှင့် ဘဏ်သို့လာရောက်ကြသော ပြည်သူများအားလုံး ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေး ရုံးဝင်ပေါက်မှစ၍ လက်ဆေးခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ ခြောက်ပေကွာမှ နေထိုင်ခြင်းများနှင့် အသိပညာပေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ရုံးအတွင်း/အပြင်၊ ငွေတိုက်နှင့် လူဝင်၊ လူထွက်များသော နေရာအားလုံးကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ၊ နေပူခံအရိပ်များနှင့် ခြောက်ပေခြား စည်းဝိုင်းများကို မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများနှင့် ခရိုင်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**




## ဒေါ့မွန်တောင်ပံကစားသမား ဂျာဒန်ဆန်ချို မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီထား

မန်ယူအသင်းဟာ ဒေါ့မွန်တောင်ပံကစားသမား ဂျာဒန်ဆန်ချိုကို ခေါ်ယူရေးအတွက် လက်ရှိအချိန်မှာ သဘောတူညီမှုရရှိထားတယ်လို့ သတင်းထုတ်ပြန်ထားပါတယ်။

အသက် ၂၀ အရွယ်ရှိတောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ အခုနှစ်ဘောလုံးရာသီမှာ သွင်းဂိုး ၁၅ ဂိုးသွင်းယူပေးထားပြီး ဂိုးဖန်တီးမှု ၁၆ ကြိမ်ပြုလုပ်ထားနိုင်ခဲ့တာကြောင့် ဘွန်ဒက်လီဂါမှာ ဒေါ့မွန်အသင်းနဲ့အတူ အတောက်ပဆုံးကစားသမားစာရင်းမှာ ထည့်သွင်းခံခဲ့ရတာဖြစ်ပါတယ်။

လန်ဒန်နွယ်ဖွား တောင်ပံကစားသမား ဂျာဒန်ဆန်ချိုဟာ အသက် ၁၇ နှစ်အရွယ်က မန်စီးတီးအသင်းကနေ ထွက်ခွာခဲ့တာဖြစ်ပြီး လက်ရှိမှာ မန်ယူအသင်းကို ပြောင်းရွှေ့လာဖို့ရှိနေတာကြောင့် ပရီမီယာလိဂ်မှာ တစ်ကျော့ပြန်ခြေချတော့မှာလည်းဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့လည်း ဂျာဒန်ဆန်ချိုကို ခေါ်ယူတဲ့နေရာမှာ လုပ်ခလစာအပြင် အပိုဆုကြေးတွေ ပေးဖို့ရှိနေပြီး ကာလရှည်စာချုပ်တစ်ရပ်ချုပ်ဆိုဖို့လည်း စီစဉ်ထားတယ်လို့ဆိုပါတယ်။ ဒေါ့မွန်အသင်းကတော့ လွန်ခဲ့တဲ့လေးနှစ်က ကွင်းလယ်ကစားသမား ပေါ့ဘာအတွက် မန်ယူအသင်းက ဂျူဗင်တပ်အသင်းကို ပေးလိုက်ရတဲ့ ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းလောက် ဂျာဒန်ဆန်ချိုရဲ့ပြောင်းရွှေ့ကြေးကို မန်ယူအသင်းဆီကနေ လိုချင်တယ်လို့ ဆိုပါတယ်။

## ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအကူအညီပေးရန် ရိုးမားအသင်းကစားသမားများ လေးလစာမယူဖို့ သဘောတူညီ

ရိုးမားအသင်းမှ ကစားသမားတွေနဲ့ နည်းပြအဖွဲ့ဝင်တွေဟာ ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး အကူအညီပေးဖို့အတွက် ကျန်ရှိနေတဲ့ ဘောလုံးရာသီအတွင်း သူတို့ရဲ့လုပ်ခလစာကို လေးလစာမယူဖို့ သဘောတူညီခဲ့ကြတယ်လို့ သိရပါတယ်။

ရိုးမားအသင်းဟာ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုတွေကို ထိန်းချုပ်ဖို့ ဥရောပမှာ ဘောလုံးပြိုင်ပွဲတွေ ရပ်နားခဲ့ပြီးနောက် အီတလီစီးရီးအေအမှတ်ပေးဇယားရပ်တည်မှုမှာ အဆင့် ၅ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ ပြိုင်ပွဲတွေမရပ်နားမီ ရိုးမားအသင်း နောက်ဆုံးကစားခဲ့ရတာကတော့ မတ် ၁ ရက်ကပဲ ဖြစ်ပါတယ်။

ရိုးမားအသင်းမှ ကစားသမားတွေ၊ ပထမအသင်းနည်းပြ ဖွန်ဆီကာနဲ့ သူ့ရဲ့နည်းပြအဖွဲ့ဝင်တွေဟာ အခုနှစ်ဘောလုံးရာသီမှာ လေးလစာကို စွန့်လွှတ်ဖို့ သဘောတူညီခဲ့ကြပြီဖြစ်ကြောင်းနဲ့ အဲဒါဟာ စည်းလုံးညီညွတ်မှုကို ပြသခြင်းပဲဖြစ်တယ်လို့ ရိုးမားအသင်းရဲ့အမှုဆောင်ချုပ် ဂူအီဒိုဖီယန်ဂါက ပြောကြားခဲ့ပါတယ်။

## ကမ္ဘာ့အဆင့်ကစားသမားဖြစ်လာဖို့ ဆန္ဒရှိနေတာကြောင့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ် မန်ယူအသင်းကနေ ထွက်ခွာဖို့ရှိနေ

မန်ယူအသင်းရဲ့ တိုက်စစ်မှူး မားကက်စ်ရက်ရှ်ဖို့ဒ်ဟာ ကမ္ဘာ့အဆင့်တောင်ပံကစားသမားတစ်ဦး ဖြစ်လာဖို့ ဆန္ဒရှိနေတာကြောင့် မန်ယူအသင်းကနေ ထွက်ခွာဖို့ရှိနေတယ်လို့ အခိုင်အမာပြောကြားထားပါတယ်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ မန်ယူအသင်း ကစားသမားဘဝတစ်လျှောက်လုံး ဗဟိုတိုက်စစ်မှူးအဖြစ်နဲ့ ကစားနေခဲ့ရတာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာတော့ နည်းပြ ဆိုးရှားက တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို ဘယ်တောင်ပံကစားသမားအဖြစ် အသုံးပြုသွားဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ဘယ်တောင်ပံကစားသမားအဖြစ် ကစားခွင့်ရချိန်မှာ မန်ယူအသင်းအတွက် ၁၉ ပွဲပါဝင်ကစားပေးခဲ့ရာ ၁၅ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး လေးဂိုးဖန်တီးပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဗဟိုတိုက်စစ်မှူးအနေနဲ့ ကစားခဲ့ရချိန်ကတော့ ၁၀ ပွဲကစားပြီးချိန်မှာ လေးဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်ဂိုးသာဖန်တီးပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်အနေနဲ့ တောင်ပံကစားသမားအဖြစ်သာ ကစားလိုတဲ့အတွက် ဗဟိုတိုက်စစ်ကစားသမားအဖြစ် ကစားရမယ်ဆိုရင် မန်ယူအသင်းကနေ ထွက်ခွာဖို့ရှိနေတာဖြစ်ပါတယ်။ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ဇန်နဝါရီလအတွင်းက ကျောဒဏ်ရာရရှိခဲ့လို့ မန်ယူအသင်းရဲ့ ပွဲစဉ်အချို့လွဲချော်ခဲ့ပေမယ့် လက်ရှိမှာ ပြန်လည်သက်သာလာပြီဖြစ်လို့ ဘောလုံးရာသီပြန်စတင်ချိန် မှာ မန်ယူအသင်းနဲ့အတူ ပါဝင်လာဖို့ အသင့်ရှိနေတယ်လို့ သိရပါတယ်။





## ဂါရတ်ဘေးလ်နဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်အပါအဝင် ကစားသမားခြောက်ဦးအထိ ရောင်းချရန် ရီးယဲလ်စီစဉ်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဟာ တိုက်စစ်မှူး ဂါရတ်ဘေးလ်၊ ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့အပါအဝင် ကစားသမားခြောက်ဦးအထိ ရောင်းချဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

**ဘဏ္ဍာငွေဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့**

ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် ပြိုင်ပွဲတွေ ရပ်နားထားခဲ့ရတဲ့အတွက် အသင်းရဲ့ ဘဏ္ဍာငွေဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့တာကြောင့် ဂါရတ်ဘေးလ်၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ လူးကက်ဇက်စကွက်၊ မာရီယာနိုဒိုင်ယာ့ဇ်၊ အိုဒရီဇိုလာနဲ့ နာချိုဖာနန်ဒက်ဇ်တို့ကို ရောင်းချဖို့ နည်းပြ ဇီဒန်းက စီစဉ်နေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်ဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းမှာ ၂၀၂၂ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်ရဲ့ စာချုပ်သက်တမ်းကတော့ ၂၀၂၃ ခုနှစ်မှာ ကုန်ဆုံးမှာလည်း ဖြစ်ပါတယ်။

**ရောင်းချဖို့ စီစဉ်နေ**

ရီးယဲလ်မက်ဒရစ် အသင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ယူရို ၁၉၁ ဒသမ ၅ သန်းဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့တယ်လို့ အပြောင်းအရွှေ့ဈေးကွက်ဝက်ဘ်ဆိုက်မှာ ဖော်ပြထားတဲ့အတွက် ယူရို ၁၂၁ သန်းရရှိဖို့အတွက် ကစားသမားခြောက်ဦးအထိ ရောင်းချဖို့ စီစဉ်နေတာဖြစ်တယ်လို့ သိရပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းဟာ လက်ရှိမှာ ကစားသမား ၁၁ ဦးကိုလည်း အငှားချထားတယ်လို့ သိရပါတယ်။ အဲဒါကြောင့် အငှားချထားတဲ့ ကစားသမားတွေအားလုံး ပြန်လာမည်ဆိုပါက ရီးယဲလ်မက်ဒရစ်ပထမအသင်းမှာ ကစားသမား ၃၇ ဦးအထိ ရှိလာမှာဖြစ်တဲ့အတွက် ဘဏ္ဍာရေးအခြေအနေအရ ကစားသမားခြောက်ဦးအထိ ရောင်းချဖို့ စီစဉ်နေတာဖြစ်ပါတယ်။

**ငွေကြယ်-စုစည်းသည်**

## ရှမ်းယူနိုက်တက်နှင့် လမ်းခွဲထားသည့် ရန်နိုင်ဦး ရန်ကုန်အသင်းသို့ ရောက်ရှိ

**ရန်ကုန် မေ ၂၀**

MNL ထိပ်သီးကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် လမ်းခွဲထားသည့် မြန်မာ့လက်ရွေးစင် တောင်ပံကစားသမား ရန်နိုင်ဦးသည် သတင်းများထွက်ပေါ်ခဲ့သည့်အတိုင်း ရန်ကုန်အသင်းသို့ ရောက်ရှိသွားပြီဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်တွင်းပြိုင်ပွဲအားလုံး ရပ်နားထားသော်လည်း ရန်ကုန်အသင်းသည် ပြိုင်ပွဲပြန်လည်စတင်ပါက အဆင်သင့်ဖြစ်နေစေရန် ကစားသမားသစ်အင်အား ဖြည့်တင်းခြင်းဖြစ်ပြီး လက်ရွေးစင်အဆင့် ပြည်တွင်း ကစားသမားတစ်ဦးကို ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

**နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့**

ရန်ကုန်အသင်းသည် ရန်နိုင်ဦးကို မေ ၂၀ ရက်က စာချုပ်ချုပ်ဆိုခဲ့ပြီး နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့သောကြောင့် ၂၀၂၂ ခုနှစ်အထိ ပါဝင်ကစားမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ယခုရာသီတွင် ကစားသမားသစ်များစွာ ခေါ်ယူအားဖြည့်ထားပြီး ရာသီမစမီက ပြည်တွင်းကစားသမား ခုနစ်ဦး၊ ပြည်ပကစားသမားလေးဦး ခေါ်ယူထားသလို ရာသီဝက်အပြောင်းအရွှေ့ကာလ မရောက်မီမှာပင် ပြည်တွင်းကစားသမားတစ်ဦး ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရန်နိုင်ဦးသည် မတ် ၃၁ ရက်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့သောကြောင့် သက်တမ်းမတိုးဘဲ အသင်းသစ်ရှာဖွေခဲ့ရာ နှစ်ပတ်ကျော်ကာလမှာပင် ရန်ကုန်အသင်းနှင့် အပြီးသတ်သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ ရန်နိုင်ဦးသည် ရန်ကုန်အသင်းနှင့် စာချုပ်ခဲ့သော်လည်း အသင်းနှင့်ပူးတွဲလေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ လေ့ကျင့်ရေးပြန်လည်စတင်မှသာ ပူးပေါင်းလေ့ကျင့်နိုင်မည်ဖြစ်သည်။

ရန်နိုင်ဦးသည် ၂၀၁၆ ရာသီဝက်တွင် ဇေယျာရွှေမြေအသင်းမှ ရှမ်းယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး လေးနှစ်ကစားပြီးနောက် အသင်းသစ်တစ်သင်းသို့ ထပ်မံပြောင်းရွှေ့ခြင်းဖြစ်သည်။ ရန်နိုင်ဦးသည် ရှမ်းယူနိုက်တက်အသင်းတွင် အောင်မြင်မှုများရရှိခဲ့ပြီး အမှတ်ပေးချန်ပီယံဆုနှစ်ကြိမ်၊ ရှုံးထွက်ချန်ပီယံဆုတစ်ကြိမ်ရရှိခဲ့သည်။ ရန်နိုင်ဦးသည် မြန်မာ ယူ-၁၉ အသင်းနှင့်အတူ ထွက်ပေါ်လာသည့် ကစားသမားတစ်ဦးဖြစ်ပြီး မြန်မာအသင်း ပထမဆုံးဝင်ရောက်ကစားခွင့်ရသည့် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပထမဆုံးဂိုး သွင်းယူနိုင်ခဲ့သူလည်း ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



## လိုဂိုနဲ့ စတစ်ဖန်နီတို့ ချစ်သူတွေဖြစ်ခဲ့ကြောင်း ထုတ်ဖော်ပြောကြား


တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အနုပညာကြယ်ပွင့်တွေဖြစ်ကြတဲ့ လိုဂိုနဲ့ စတစ်ဖန်နီတို့ဟာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ လတ်တလောမှာ ပေါ်ထွက်လာခဲ့ပါတယ်။ အဆိုပါသတင်းတွေအပေါ် အေဂျင်စီမှ သတင်းရင်းမြစ်တစ်ဦးက သူတို့နှစ်ဦး ချစ်သူတွေဖြစ်ခဲ့ကြကြောင်း အတည်ပြုပြောကြားခဲ့ပြီး တစ်ဆက်တည်းမှာပင် လမ်းခွဲလိုက်ပြီဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၀ ရက်မှာ လိုဂိုနဲ့ စတစ်ဖန်နီတို့ရဲ့ သတင်းနဲ့ပတ်သက်ပြီး လိုဂိုရဲ့ ဖျော်ဖြေရေးအေဂျင်စီမှ သတင်းရင်းမြစ်တစ်ဦးက သူတို့နှစ်ဦး အနုပညာလှုပ်ရှားမှုကို တွဲဖက်လုပ်ဆောင်ရင်း ရင်းနှီးကာ ချစ်သူတွေဖြစ်ခဲ့ကြကြောင်းနဲ့ နောက်ပိုင်းမှာ လုပ်ဖော်ကိုင်ဖက်တွေအဖြစ်နဲ့သာ ဆက်လက်ရှိနေချင်ကြတာကြောင့် လမ်းခွဲဖို့ဆုံးဖြတ်ခဲ့ကြကြောင်း ပြောကြားခဲ့ပါတယ်။ စတစ်ဖန်နီရဲ့ ဖျော်ဖြေရေးအေဂျင်စီကလည်း သူတို့နှစ်ဦး ချစ်သူတွေဖြစ်ခဲ့ကြပေမယ့် မကြာသေးမီကမှ လမ်းခွဲခဲ့ကြကြောင်းလည်း ပြောကြားခဲ့ပါတယ်။



## ကွာရန်တင်းဝိုင်ထုတ်လုပ်ကာ အမြတ်ငွေများကို လှူဒါန်းသွားမယ့် အက်ရှ်တွန်ကက်ချာနဲ့ မီလာကန်းနစ်

ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ အက်ရှ်တွန်ကက်ချာနဲ့ မီလာကန်းနစ်တို့ဟာ ကမ္ဘာတစ်ဝန်းဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့်



လူအများ နေအိမ်မှာပင် အသွားအလာ ကန့်သတ်နေထိုင်ရတဲ့ကာလအတွင်း သောက်သုံးနိုင်ဖို့ရာ ကွာရန်တင်းဝိုင်ကို စတင်မိတ်ဆက်ခဲ့ပါတယ်။ အဆိုပါဝိုင်ကို ဈေးကွက်အတွင်း ဖြန့်ချိပြီးနောက် ရရှိလာတဲ့အမြတ်အားလုံးကို ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်၊ ကာကွယ်၊ တိုက်ဖျက်ရေးနဲ့ပတ်သက်တဲ့ ဖောင်ဒေးရှင်းတွေထံ လှူဒါန်းသွားမှာဖြစ်ကြောင်း လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အက်ရှ်တွန်ကက်ချာနဲ့ မီလာကန်းနစ်တို့ဟာ Nocking Point Wines နဲ့ တွဲဖက်ကာ ဝိုင်ထုတ်လုပ်သွားမှာဖြစ်ပြီး အဲဒီဝိုင်ရဲ့ အမည်ကို ကွာရန်တင်းလို့ ပေးထားကာ ဝိုင်ရောင်းချလို့ရတဲ့ ငွေတွေကို ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ လုပ်ဆောင်နေတဲ့ အဖွဲ့အစည်း လေးခုထံ လှူဒါန်းသွားမှာဖြစ်ကြောင်း သိရပါတယ်။

ဒီသတင်းကို မီလာကန်းနစ်က မေ ၁၉ ရက်မှာ သူ့ရဲ့ အင်စတာဂရမ် စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာပါ။ ကန်းနစ်က ဗီဒီယိုဖိုင်တစ်ခုကို အင်စတာဂရမ်ပေါ်မှာ ဖော်ပြရင်း ဝိုင်ထုတ်လုပ်ကာ အမြတ်ငွေအားလုံး လှူဒါန်းသွားမှာဖြစ်ကြောင်း ပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

## ဂျုံးဂုရဲ့ ငယ်စဉ်ကဓာတ်ပုံများ ဖော်ပြ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျုံးဂုဟာ လှပခန့်ညားတဲ့ ရုပ်ရည်ကြောင့်လည်း ပရိသတ်တွေအကြား ရေပန်းစားသူတစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာတော့ ပရိသတ်တွေက ဂျုံးဂုငယ်စဉ်က ဓာတ်ပုံတွေကို ရှာဖွေကာ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ဖော်ပြခဲ့ပြီး ပေါ့ပ်ကြယ်ပွင့်ဟာ ငယ်စဉ်ကတည်းက ချောမောသူတစ်ဦးဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြတယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကြီးမားတဲ့ မျက်လုံးတွေ၊ အချိုးအစားကျတဲ့ မျက်နှာ၊ ကျန်းမာတောင့်တင်းတဲ့ ကိုယ်ခန္ဓာကြောင့် ကေပေါ့ပ်အမျိုးသားကြယ်ပွင့်တွေအနက် အခန့်ညားဆုံးသူအဖြစ် သတ်မှတ်ခံထားရတဲ့ ဂျုံးဂုရဲ့ ငယ်ဘဝဓာတ်ပုံတွေမှာလည်း သူ့ရဲ့ ထင်ရှားလှပတဲ့ မျက်လုံးကို တွေ့မြင်ရပါတယ်။ ဒါ့အပြင် သူ့ရဲ့ မျက်နှာကျနဲ့



နှာခေါင်းပုံစံတွေဟာလည်း လက်ရှိအချိန်အထိ ပုံစံမပြောင်းလဲဘဲ ရှိနေတာကိုလည်း တွေ့ရပါတယ်။

## GOT7 ရဲ့ တေးဗီဒီယိုသစ် ထုတ်လွှင့်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ GOT7 ဟာ အဖွဲ့ရဲ့ တေးဗီဒီယိုသစ်ကို လတ်တလောမှာ စတင်ထုတ်လွှင့်ပေးခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၀ ရက်မှာ အဖွဲ့ဟာ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာခဲ့တာပါ။ အဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မှုနဲ့အတူ ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Not By The Moon ရဲ့ တေးဗီဒီယိုကို ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။

အဆိုပါတေးဗီဒီယိုဟာ မီနီတေးအယ်လ်ဘမ်သစ် DYE မှာ ပါဝင်တဲ့ တေးသီချင်းဖြစ်ပါတယ်။ တေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးလည်းဖြစ်ပြီး အဆုံးအစမရှိတဲ့ ချစ်ခြင်းအကြောင်း ပုံဖော်ထားတဲ့ အချစ်သီချင်းတစ်ပုဒ်လည်းဖြစ်တယ်လို့ သိရပါတယ်။



## တေးဗီဒီယိုသစ်ရိုက်ကူးဖို့ ပြင်ဆင်နေတဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ မကြာမီမှာ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် အဖွဲ့အနေနဲ့ တေးဗီဒီယိုသစ်ကို ရိုက်ကူးဖို့ ပြင်ဆင်နေကြောင်း အဖွဲ့ရဲ့ အနုပညာလှုပ်ရှားမှုသစ်နဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၀ ရက်မှာ TWICE အနေနဲ့ တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာမှာဖြစ်ကြောင်း ဒေသတွင်းမီဒီယာတွေက ရေးသားဖော်ပြခဲ့ပါတယ်။ ဒီသတင်းတွေ ထွက်ပေါ်လာခဲ့ပြီးနောက် အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအင်တာတိန်းမန့်မှ သတင်းရင်းမြစ်တစ်ဦးက အဖွဲ့အနေနဲ့ တေးဗီဒီယိုသစ်ရိုက်ကူးဖို့ရာ ပြင်ဆင်နေကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။

မကြာမီ ထွက်ရှိလာမယ့် အဖွဲ့ရဲ့ တေးသီချင်းသစ်ဟာ ၂၀၂၀ ပြည့်နှစ်အတွင်း ပထမဆုံး ထုတ်လွှင့်တဲ့ အဖွဲ့ရဲ့တေးသီချင်း ဖြစ်လာမှာပါ။ ဒါ့အပြင် ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ထုတ်လွှင့်ပေးခဲ့တဲ့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ် Feel Special ပြီးနောက် ပထမဆုံးပြန်လည်ထုတ်လွှင့်ပေးတဲ့ အဖွဲ့ရဲ့ တေးသီချင်းလည်း ဖြစ်လာမှာပါ။



## တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် တွေ့မြင်ရတော့မယ့် နက်တီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ Sixteen မှာ ပါဝင်ခဲ့တဲ့ တေးသံရှင်တစ်ဦးဖြစ်သူ နက်တီဟာ မကြာမီမှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တေးဂီတလောကအတွင်း ပြန်လည်ဝင်ရောက်လာမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နက်တီဟာ စွန်းအင်တာတိန်းမန့်နဲ့ စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် လှုပ်ရှားသွားမှာဖြစ်ပါတယ်။ လာမယ့် မေ ၇ ရက်မှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် နက်တီကို စတင်တွေ့မြင်ရတော့မှာဖြစ်ကြောင်းလည်း သိရပါတယ်။

နက်တီဟာ Sixteen မှာ ပါဝင်စဉ်က ၁၄ နှစ်အရွယ်သာ ရှိပါသေးတယ်။ အဆိုနဲ့ အကပညာရပ်တွေကို လေ့လာခဲ့ပြီးနောက်မှာ နက်တီဟာ ယခုလို တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် ပါဝင်လှုပ်ရှားဖို့ အသင့်ရှိနေခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

## စံချိန်သစ် တင်နိုင်ခဲ့တဲ့ Once Again

လတ်တလော တောင်ကိုရီးယားမှာ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ရုပ်သံဇာတ်လမ်းတွဲ Once Again ဟာ ကြည့်ရှုသူအများဆုံးအဖြစ် ယခင်စံချိန်တင်ထားတဲ့ စံချိန်ကို ကျော်လွန်ကာ စံချိန်သစ် တင်နိုင်ခဲ့ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲကို KBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသလျက်ရှိပြီး ယခင်သီတင်းပတ်အတွင်းကလည်း အပြိုင်ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအများဆုံးဖြစ်ခဲ့ပါတယ်။ ဒီသတင်းပတ်အတွင်းမှာလည်း ကြည့်ရှုသူအများဆုံးဖြစ်ခဲ့ပြီး ယခင်တင်ထားခဲ့တဲ့ စံချိန်ကို ကျော်လွန်ကာ စံချိန်သစ်တင်နိုင်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။

အေးပြည့် - ရေးသားသည်



လော့စ်အိန်ဂျလိစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် အသွားအလာကန့်သတ်ထားသည့်ကာလအတွင်း အစားအစာလိုအပ်နေသူများထံ မင်းသားဟယ်ရီနဲ့ ဇနီးဖြစ်သူ မက်ဂန်မာကယ်လ်တို့ မေ ၁၇ ရက်က အစားအစာလိုက်လံဝေငှပေးပြီးနောက် တွေ့ရစဉ်။

## ဦးရဲထွန်း(လေထီး-Force 136)

လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)

(နာယက၊ ဇီဝိတဒါနသံဃာ့ဆေးရုံ)

### အသက် (၉၈) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(၁၄၆-$N^2$)၊ ခေမာသီရိလမ်း၊ (၉)မိုင်နေ ဦးအောင်ကျော်စိုး-ဒေါ်ဝါဝါ၊ ဦးနေဝင်း-ဒေါ်သီရိအောင်၊ ဦးမင်းဇော်-ဒေါ်ခင်အေးလွင်တို့၏ဖခင်၊ မသက်ဇံဖြူ၊ မပြည့်ပြည့်မင်းဇော်၊ မောင်သီဟမင်းဇော်တို့၏အဘိုး၊ ဒေါ်ခင်မာမာ၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၄-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၀-၄-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှမောင်

### အသက်(၁၀၁)နှစ်

ဦးအိုင်ထွန်း (Fu Xing Brothers Group of Companies-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း-ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်နန်းခင်ညွန့် (Director-Myanmar Educare Co.,Ltd. ISM)၊ ဦးအိုက်စန်း(Fu Xing Brothers Group of Companies ဒု-ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်ခင်သန်းသန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးလှမောင် အသက်(၁၀၁)နှစ်သည် ၁၅-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအင်စိုး-ဒေါ်နိုင်နိုင်မွန် မိသားစု**

**Minn Tun Trading Co.,Ltd.**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဖွားရွှေ

### အသက် (၇၉) နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)၊ ကြံ့ခိုင်ရေးစံပြကွက်သစ်၊ ၃၅ x ၃၆လမ်းကြား၊ ၆၈ x ၆၉ လမ်းကြား၊ အမှတ်(၃၉/၂၃)နေ (ဦးစံသောင်း)၏ဇနီး၊ ဦးသောင်းမြင့်-ဒေါ်ကောင်းကြည်၊ (ဦးဝင်းအေး-ဒေါ်ခင်မိမိ)၊ ဗိုလ်မှူးမြင့်အေး(တပ်မတော်-ရေ၊ ငြိမ်း)၊ [ဦးကျော်သီဟ (ခ) တရုတ်ကြီး]-ဒေါ်မြမြစန်းတို့၏မိခင်၊ မယုနန္ဒာဝင်း၊ မောင်ကျော်ဇေယျာမြင့်၊ မောင်သန့်ဇင်တို့၏အဘွား ဒေါ်ဖွားရွှေသည် ၁၉-၄-၂၀၂၀ ရက် ည ၁၀ နာရီတွင် (၇၉) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂၀-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဖွားရွှေ

### အသက် (၇၉) နှစ်

သူငယ်ချင်း ဗိုလ်မှူးမြင့်အေး (တပ်မတော်-ရေ) (ငြိမ်း)၏မိခင်ဖြစ်သူ ဒေါ်ဖွားရွှေသည် ၁၉-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၃၂)မှ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကျော်ညိန်း (ငြိမ်း)

ကြည်း-၁၀၄၄၉၊ O.T.S (၃၁)

### အသက် (၈၀)

ဒေါ်တင်တင်ဦး၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကျော်ညိန်း (ငြိမ်း)သည် ၁၃-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများနှင့် မိသားစုများ**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၁) သီဟတပ်ခွဲ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မောင်

ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)

ပြည်ထောင်စုရှေ့နေချုပ်ရုံး

### အသက် (၇၄) နှစ်

သူငယ်ချင်းဦးတင်မောင်သည် ၂-၄-၂၀၂၀ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သင်တန်းဆင်းသူငယ်ချင်းများ**

**အောင်ဆန်း-၆၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)**

## အနိစ္စ

# သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ဆရာမကြီး ဒေါ်အေးဘုံ

ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)

အထက(၁) ပဲခူး

### အသက် (၉၇) နှစ်

ပဲခူးမြို့၊ ဥသျှမြို့သစ်၊ ဦးပုညလမ်း၊ ၉/၂၂၆နေ (ဦးဘစံ-ဒေါ်ကျင်နု)တို့၏သမီး၊ ဒေါ်ခင်စန်းလွင်(ပဲလှော်)(အထက်တန်းပြ-ငြိမ်း၊ အထက-၃၊ ပဲခူး)၊ ဒေါက်တာထူးမြင့်အောင်-ဒေါက်တာသီသီနွယ်(ကွာစိ)တို့၏မိခင်၊ မချောကေခိုင်ထူး၏အဘွားသည် ၁၉-၄-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းဝင်း (မြန်အောင်)

အလပြ (ငြိမ်း)

### အသက် (၆၀)

မြန်အောင်မြို့၊ နေခြည်တာလေးလမ်းနေ ဦးချစ်လှိုင်-ဒေါ်အုန်းရီတို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃)၊ ဗဟိုလမ်းနေ ဦးနေဝင်း(အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီး ကိုနေအောင်ကို-မအိအိသိုက်၊ ကိုအေးချမ်းကို၊ ကိုဝင်းသက်ထွေး-မမေသကြဲန်တို့၏မိခင်၊ မောင်ဘုန်းနေမင်း(ခ) ဖောင်းဖောင်း၏အဘွား ဒေါ်စန်းစန်းဝင်း အသက်(၆၀) သည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၄၅နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၁-၄-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းစန်းဝင်း (မြန်အောင်)

အလပြ (ငြိမ်း)

### အသက် (၆၀)

မြန်အောင်မြို့၊ နေခြည်တာလေးလမ်းနေ ဦးချစ်လှိုင်-ဒေါ်အုန်းရီတို့၏သမီးကြီး၊ ဦးမျိုးမြင့်(တံဆိပ်လုပ်ငန်း)-ဒေါ်အေးသန္တာ၊ ဦးလွင်လွင်ထွန်း(ပြည်တွင်းအခွန်၊ ရန်ကုန်)-ဒေါ်မော်မော်လှိုင်(လမင်းသာဖျော်ရည်)၊ ဒေါက်တာသန်းမင်းထွဋ် (ပုသိမ်ပြည်သူ့ဆေးရုံအုပ်ကြီး)-ဒေါ်မင်းမင်းလှိုင်တို့၏အစ်မကြီး၊ ရန်ကုန်မြို့နေ ဦးနေဝင်း (အထွေထွေမန်နေဂျာ၊ အင်ဂျင်နီယာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီး ဒေါ်စန်းစန်းဝင်း အသက် (၆၀) သည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၄၅နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၁-၄-၂၀၂၀ (အင်္ဂါ နေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်

## နိုင်ငံတော်၏သိပ္ပံကျော်စွာဘွဲ့

ကျွန်တော်တို့အသင်း၏ ချစ်ခင်လေးစားအားထားရသည့် အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာမြင့်မောင်မောင် ရုတ်တရက်ကွယ်လွန်သွားရှာသဖြင့် အထူးပင် ဝမ်းနည်းကြေကွဲရပါသည်။ နိုင်ငံတော်အတွက် ဘက်ပေါင်းစုံ စေတနာဖြင့် ဆောင်ရွက်ပေးသည်များကို အောက်မေ့တမ်းတ ကျေးဇူးတင်နေကြပါသည်။

**မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (ဘီဒီအေ)**

## ဦးသောင်းရွှေ (လ/ထ ဘဏ္ဍာရေးမှူး-ငြိမ်း)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

### အသက်(၈၁)နှစ်

နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ကံ့ကော်အိမ်ရာ၊ တိုက်(၁၂)၊ အခန်း(၁၆)နေ ဒေါ်ခင်စမ်းရီ (မြန်မာ့မီးရထား)၏ခင်ပွန်း၊ ဦးနေသူရိန်စိုး(ကာကွယ်ရေး)-ဒေါ်စုစုမာ(ပို့/ဆက်)၊ ဦးတင်ကိုကိုလွင်-ဒေါ်အိအိခင် (ပြည်သူ့လွှတ်တော်)တို့၏ ဖခင်၊ မောင်ဘုန်းမင်းခန့်၊ မထက်ဆုသဒ္ဒါ၊ မောင်ကောင်းနေခန့်တို့၏ အဘိုး ဦးသောင်းရွှေသည် ၂၀-၄-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံမှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်ပြီး မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကျင်စန်း

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်လမ်း၊ အမှတ်(၁၆)နေ (ဦးပူးဝါး-ဒေါ်ကျင်ပု)တို့၏ သမီးကြီး၊ (ဦးတင်ဝင်း)၏ဇနီး၊ ဦးအေးလွင်-ဒေါ်ယဉ်ယဉ်၊ ဦးနေဝင်း-ဒေါ်တင်တင်ဝေ၊ ကိုထွန်းလွင်၊ ကိုကျော်နိုင်-မနိုင်နိုင်မော်၊ ကိုဇေယျာမင်း-မဝါဝါငြိမ်း တို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၄-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း အလှူဒါယကာကြီး

## ဦးဇော်ဝင်း (၆၂)နှစ်

ပြည်တွင်းရေကြောင်း (ငြိမ်း)

ပဲခူးတိုင်းဒေသကြီး၊ သပြုကျေးရွာနေ (ဦးဘကြိုင်-ဒေါ်မှတ်ကြီး)တို့၏ သား၊ (ဦးကျော်ညွန့်-ဒေါ်တင်စိန်)တို့၏ သားသမက်၊ (ဦးထွန်းမြို့-ဒေါ်မြင့်မြင့်စိန်)၊ (ဦးမောင်မောင်ကြည်)-ဒေါ်အေးမြင့်၊ ဦးစိုးမြင့်-ဒေါ်ခင်ရီ၊ ဦးအေးပိုင်-ဒေါ်လှမြင့်၊ ဦးထွန်းအောင်ကျော်-ဒေါ်ခင်ဝင်းတို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဘုရားလမ်း(၁)၊ အမှတ်(၂၇၀)နေ ဦးအေးမင်းဇော်-ဒေါ်အေးအေးသင်း(ထ-၁၊ ဒေါပုံ)၊ ဦးသုတဝင်း-ဒေါ်မီမီခင်(ကြယ်တံခွန်စာသင်ဝိုင်း)၊ ဦးကျော်ဇေယျာ-ဒေါ်ဇာဇာလင်း(မ-၃၊ ဒေါပုံ)၊ ဒေါ်အိအိချို (ထ-၃၊ ဗိုလ်တထောင်)တို့၏ မွေးသဖခင်၊ မောင်ဇေယျာဟိဏ်းသန့် (G-10 ဗိုလ်-၃)၊ မရွှန်းပုလဲအိမ် (G-5 ဗိုလ်-၃)၊ မောင်အောင်ကျော်လင်းသန့်(G-1 ဗိုလ်-၃)တို့၏အဘိုး၊ ဒေါ်အေးအေးကြူ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၄-၂၀၂၀ (သောကြာနေ့) နံနက် ၁၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သန်းအေး (ဒလ)

### အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အမှတ်(၁၈၁)၊ စံပြ(၃)လမ်းတို၊ တံတားချောင်း၊ စံပြရပ်ကွက်နေ (ဦးရွှေခ-ဒေါ်လှမြင့်)တို့၏ သမီး၊ (ဦးမြဆန်း-ဒေါ်မြစိန်)တို့၏ သမီးချွေးမ၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်တင်တင်ဝင်းတို့၏ ညီမ၊ ဒေါ်တင်တင်အေး၊ ဦးဇော်ဝင်းနိုင်တို့၏အစ်မ၊ ဦးကျော်ဝင်းနိုင်၏ဇနီး၊ မောင်အောင်သူစိုး၊ မောင်ကျော်သူစိုး-မခင်စန္ဒာအောင်၊ မောင်သန်းထိုက်ဇော်တို့၏ မွေးသမိခင်သည် ၂၀-၄-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် အုံ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှမောင်

### အသက်(၁၀၁)နှစ်

ဦးအိုင်ထွန်း (Fu Xing Brothers Group of Companies-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း-ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်နန်းခင်ညွန့် (Director-Myanmar Educare Co.,Ltd. ISM)၊ ဦးအိုက်စန်း(Fu Xing Brothers Group of Companies ဒု-ဥက္ကဋ္ဌ)နှင့် ဇနီး ဒေါ်ခင်သန်းသန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး ဦးလှမောင် အသက်(၁၀၁)နှစ်သည် ၁၅-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors နှင့် ဝန်ထမ်းမိသားစုများ**

**Myanmar Educare Co.,Ltd.**

# ပြည်သူသို့ အသိပေးပန်ကြားလွှာ

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အများပြည်သူနှင့် စက်မှုလက်မှု လုပ်ငန်းများ ဓာတ်အားသုံးစွဲမှုများအတွက် လစဉ်ဓာတ်အားခများကို သက်ဆိုင်ရာ မြို့နယ်ရုံးများတွင် ကောက်ခံဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွက် ကျသင့်သည့် လျှပ်စစ်မီတာခများကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် သတ်မှတ်မြို့နယ်ရုံးများ၌ မီတာခများအား (၂၀-၄-၂၀၂၀)၊ (၂၂-၄-၂၀၂၀)၊ (၂၄-၄-၂၀၂၀)၊ (၂၆-၄-၂၀၂၀) နှင့် (၂၈-၄-၂၀၂၀) တို့၌ နောက်ဆုံးထား၍ အသီးသီးပေးသွင်းကြရန် မီတာဘေလ်များတွင် ရေးသားသတ်မှတ်ခဲ့ပါသည်။

၃။ လက်ရှိတွင် Coronavirus Disease 2019 (COVID-19) အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားရှိသဖြင့် ကူးစက်မှုအား ထိန်းချုပ်နိုင်ရန် ဌာနမှ လာရောက်ပေးသွင်းသူများအား အပူချိန်တိုင်းတာခြင်း၊ လက်ဆေးရည်၊ လက်ဆေးကန်များ၌ ဆေးကြောစေခြင်း တို့အား ပြုလုပ်ရသဖြင့် အချိန်နှောင့်နှေးမှုဖြစ်ကာ လူစုလူဝေးဖြစ်ပေါ်ခဲ့ရပါသည်။

၄။ ထို လူစုလူဝေးဖြစ်ပေါ်မှုကို အထိုက်အလျောက် လျော့နည်းစေရန်အတွက် ကျသင့်သည့် မီတာခများအား စာပိုဒ်(၂)ပါ သတ်မှတ်ရက်များအပြင် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်နေ့အထိ နောက်ဆုံးထား ပေးသွင်းကြပါရန် အသိပေး ကြေညာအပ်ပါသည်။

၅။ ထိုသို့ အပိုဒ်(၂)ပါ သတ်မှတ်ရက်များအတိုင်း ပေးသွင်းခြင်းမရှိခဲ့မှု အတွက် နောက်ကျကြေး ကောက်ခံခြင်း၊ လျှပ်စစ်မီးဖြတ်တောက်ခြင်းများ ပြုလုပ်မည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၆။ ငွေလက်ခံကောင်တာများကို နေ့စဉ် (စနေ၊ တနင်္ဂနွေ) ပိတ်ရက်မရှိ ဖွင့်လှစ်လက်ခံသွားမည်ဖြစ်ပါသဖြင့် တတ်နိုင်သမျှ သတ်မှတ်ရက်များအတိုင်း လာရောက်ပေးသွင်းနိုင်ပါရန်နှင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွက် ကျသင့်သည့် လျှပ်စစ်မီတာခ နောက်ဆုံးပေးသွင်းရမည့်ရက်ကိုလည်း ထပ်မံထုတ်ပြန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# နေပြည်တော်ရေိယာအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း



**နေပြည်တော် မေ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အမှတ်(၁၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်)၊ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက် အထက(၂၀)နှင့် တပင်ရွှေထီးရပ်ကွက် စစ်မှုထမ်းဟောင်းအိမ်ရာ၊ နေပြည်တော်ဘူတာကြီးတို့တွင် ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

**ဆေးဖျန်း**

ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ စစ်သည်များနှင့် နေပြည်တော်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက အဆိုပါနေရာများတွင် ဖွင့်လှစ်ထားသော ကန့်သတ်စောင့်ကြည့်နေရာများ၊ စစ်မှုထမ်းဟောင်းအိမ်ရာရှိ လမ်းမကြီးများ၊ လူနေထူထပ်သောနေရာများနှင့် ဈေးများအတွင်း ကာကွယ်ဆေးဖျန်းခြင်း လုပ်ငန်းများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အဆင့်မြင့်မီးသတ်ယာဉ် လေးစီး၊

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❑**

# မကွေးမြို့တွင် နှာခေါင်းစည်းတပ်ရေး လှုပ်ရှားမှုပြုလုပ်

**မကွေး မေ ၂၀**

မကွေးမြို့ ရန်ကင်းဈေးနှင့် ဆုံမကျီးပင်အဝိုင်း(တောင်တွင်းလမ်းအထွက်) နေရာများတွင် လမ်းသွားလမ်းလာပြည်သူများအား ယနေ့ နံနက်ပိုင်းက နှာခေါင်းစည်း အခု ၂၀၀၀ ကျော် မျှဝေပြီး နှာခေါင်းစည်းတပ်ရေးလှုပ်ရှားမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပူးပေါင်းပါဝင်**

အဆိုပါလှုပ်ရှားမှုတွင် မကွေးမြို့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပရဟိတအသင်းအဖွဲ့များ၊ အောင်မင်္ဂလာ၊ အောင်ချမ်းသာရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့ကြသည်။

တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တက်ကြွလှုပ်ရှားသူများ၊ အသင်းအဖွဲ့များစုစည်းကာ မေ ၁၉ ရက်ကလည်း ဗိုလ်ချုပ်လမ်းဆုံ၌ နှာခေါင်းစည်းတပ်ရေးလှုပ်ရှားမှုတစ်ခုကို လုပ်ဆောင်ခဲ့ကြောင်း မကွေးမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဒေါ်ကြူကြူခိုင်ထံမှ သိရသည်။

ဇေယျာတု(မကွေး)

ကြေးမုံ အထူးကဏ္ဍ

နိုင်ငံတော်အစိုးရ၏

ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

**ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ ယနေ့ ဖတ်စရာ

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၉

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၅



**ကိုဗစ်-၁၉ ခြိမ်းခြောက်မှုမှ ပြည်သူ့ကျန်းမာရေးနှင့်စီးပွားရေးကို အကာအကွယ်ပေးရန် အာဒိုဂန်နှင့် ထရမ့်တို့ သဘောတူညီ**

စာမျက်နှာ » ၁၂

**အသွားအလာ တားမြစ်ကန့်သတ်ခြင်း၏ သက်ရောက်မှုကို အကဲဖြတ်ရေး စိတ်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ရန် အီတလီ စဉ်းစား**

စာမျက်နှာ » ၁၃

**ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေး အကူအညီပေးရန် ရိုးမားအသင်းကစားသမားများ လေးလစာ မယူဖို့ သဘောတူညီ**

စာမျက်နှာ » ၂၇



ကြေးမုံ အထူးကဏ္ဍ
မေ ၂၁၊ ၂၀၂၀ (အင်္ဂါနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ရေရှည်တည်တံ့သည့် လူမှုအဖွဲ့အစည်းတစ်ရပ်အဖြစ် ဝင့်ထည်စွာ ရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**ဆောင်းပါး - နန္ဒာဝင်း၊ ဓာတ်ပုံ - တာရာ**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောနှင့် သတ္တုသယံဇာတများ ရေရှည်တည်တံ့ရေး၊ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို သဟဇာတဖြစ်အောင် ထိန်းညှိဆောင်ရွက်လျက်ရှိသည်။**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

သဘာဝသယံဇာတများမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများကို စဉ်ဆက်မပြတ် ခံစားနိုင်စေရန် ဥပဒေများ၊ မူဝါဒများနှင့် မဟာဗျူဟာများ ရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို တိုးတက်မှုနှင့် အောင်မြင်မှုများစွာကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖော်ဆောင်နိုင်ခဲ့သည်။

သစ်တောများနှင့် သဘာဝဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် လက်ရှိအခြေအနေအရပ်ရပ်နှင့် ကိုက်ညီသည့် ဥပဒေများကို အသစ်ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သည့်အတွက် ၂၀၁၈ ခုနှစ်တွင် ဇီဝ မျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေနှင့် သစ်တောဥပဒေကိုပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့သည်။

### သစ်တောကဏ္ဍ

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် နောင်လာနောက်သား သားစဉ်မြေးဆက်များတိုင် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ၁၉၉၅ ခုနှစ် သစ်တောမူဝါဒကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ကာကွယ်ခြင်း၊ ထာဝစဉ်တည်တံ့စေခြင်း၊ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း၊ ပြည်သူတို့က ပူးပေါင်းပါဝင် ဆောင်ရွက်လာစေခြင်း၊ ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိ ရှင်သန်နေစေခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

### ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများဖွဲ့စည်း

အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁ - ၂၀၀၂) မှ (၂၀၃၀ - ၂၀၃၁) ကို ရေးဆွဲထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ သဘာဝတောတောင်ရေမြေများကို ထိန်းသိမ်းကာကွယ်နိုင်ရန် သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံ့ရေိယာ၏ သုံးရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံ့ရေိယာ၏ တစ်ရာခိုင်နှုန်း တိုးချဲ့ဖွဲ့စည်းနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ယခုအထိ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများကို နိုင်ငံ့အကျယ်အဝန်း၏ ၂၅ ဒသမ ၄၉ ရာခိုင်နှုန်း၊ ကေအနေဖြင့် ၄၂ ဒသမ ၆ သန်းကျော် ဖွဲ့စည်းခဲ့သည်။ လေးနှစ်တာကာလအတွင်း ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ၇၉ ခု၊ ကေအနေဖြင့် ၁၂၉၄၉၁၁ ကေနှင့် သစ်တော ကြိုးပြင်ကာကွယ်တော ၂၆ ခု၊ ကေအနေဖြင့် ၃၀၄၅၉၃ ကေ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။

### သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း

သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀) နှစ် စီမံကိန်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ရေးဆွဲပြီး သစ်တောများတည်ထောင်ခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း ၁၉ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထ (၁)နှစ်တာကာလအတွင်း နိုင်ငံတော်ပိုင် စီးပွားရေးစိုက်ခင်း ၁၇၂၁၅ ဧက၊ ရေဝေရေလဲစိုက်ခင်းဧက ၂၃၃၀၊ ဒီရေတောစိုက်ခင်းဧက ၂၈၅၀၊ ကျေးရွာထင်းစိုက်ခင်း ၃၆၉၈ ဧက၊ ပုဂ္ဂလိကကျွန်းစိုက်ခင်းဧက ၈၅၀ နှင့် ပုဂ္ဂလိကသစ်မာစိုက်ခင်းဧက ၁၁၉၄၀ တည်ထောင်စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသခံပြည်သူ

အထူးကဏ္ဍ [ ခ] သို့ »»



နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသည့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပထမနေ့တွင် ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို လွတ်လပ်စွာ စိတ်ကြိုက်ကြည့်ရှု ရွေးချယ်နေကြသည်ကို တွေ့ရစဉ်။

“ယခုအထိ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများကို နိုင်ငံ့အကျယ်အဝန်း၏ ၂၅ ဒသမ ၄၉ ရာခိုင်နှုန်း၊ ကေအနေဖြင့် ၄၂ ဒသမ ၆ သန်းကျော် ဖွဲ့စည်းခဲ့၊ လေးနှစ်တာ ကာလအတွင်း ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ၇၉ ခု၊ ကေအနေဖြင့် ၁၂၉၄၉၁၁ ကေနှင့် သစ်တော ကြိုးပြင် ကာကွယ်တော ၂၆ ခု၊ ကေအနေဖြင့် ၃၀၄၅၉၃ ကေ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့

»»» အထူးကဏ္ဍ [ က ] မှ

လူထု၏ ဝါးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် လုပ်ငန်းရှင် ၁၀၆ ဦးမှ ပုဂ္ဂလိက ဝါးစိုက်ခင်း ၂၂၇၆ ဧက တည်ထောင် စိုက်ပျိုးနိုင်ခဲ့သည်။

**ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း**

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသယံဇာတများ စီမံအုပ်ချုပ်ရာတွင် ဒေသခံပြည်သူများအတွက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဒေသခံပြည်သူများ ကိုယ်တိုင်စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းဖြင့် အခြေခံလိုအပ်ချက်များဖြစ်သည့် ထင်း၊ တိုင်၊ မျော စသည်တို့ကို ဖြည့်ဆည်းပေးနိုင်ရန် ယခုအခါ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အသုံးပြုသူများအဖွဲ့ ၅၄၃၂ ဖွဲ့၊ အသုံးပြုသူအဖွဲ့ဝင် ၁၃၈၂၃၇ ဦး၊ ဧကအနေဖြင့် ၇၁၄၇၂၅ ဧက တည်ထောင်ဆောင်ရွက်နိုင်ခဲ့သည်။

(၄)နှစ်တာကာလအတွင်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အသုံးပြုသူ များအဖွဲ့ ၃၀၂၉ ဖွဲ့၊ အသုံးပြုသူအဖွဲ့ဝင် ၆၂၈၆၆ ဦး၊ ဧကအနေဖြင့် ၄၀၈၆၇၀ တည်ထောင်ဆောင်ရွက်ခဲ့သည်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းအသုံးပြုသူများအဖွဲ့ ၆၄၈ ဖွဲ့၊ အသုံးပြုသူအဖွဲ့ဝင် ၁၄၇၄၄ ဦး၊ ဧကအနေဖြင့် ၈၇၃၀၂ ဧကတည်ထောင်ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရန်၊ သစ်တောဥပဒေနှင့် ကိုက်ညီမှုရှိစေရန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ဖြည့်စွက်ပြင်ဆင်ပြီး ၂၀၁၉ ခုနှစ် မေလတွင် ထုတ်ပြန်နိုင်ခဲ့သည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အခြေပြု စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်မည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၈ – ၂၀၂၀) ကို ရေးဆွဲထုတ်ဝေနိုင်ခဲ့သည်။

**ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး**

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများ ပြန်လည်တည်ထောင်ခြင်းနှင့် သစ်တောများ ပြုစုထိန်းသိမ်းခြင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ရေးလုပ်ငန်းအစီအစဉ်ကို ၂၀၁၉ – ၂၀၂၀ မှ ၂၀၂၈ – ၂၀၂၉ အထိ ရေးဆွဲအတည်ပြုထားခဲ့ပြီးဖြစ်သည်။



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ခပေါင်းကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်စိုက်ပျိုးသည့် ၁/၂၀၁၇ စီးပွားရေးကျွန်းစိုက်ခင်းကို တွေ့ရစဉ်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ရေး လုပ်ငန်းနှင့် ထိန်းသိမ်းကာကွယ် မြှင့်တင်ရေးလုပ်ငန်းများကို ၂၅ ဒသမ ၉၇ ရာခိုင်နှုန်း ဆောင်ရွက်ထားပြီးဖြစ်သည်။

သဘာဝသစ်တောကြီးများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံတော်ဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ လက်ရှိကာလအထိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၅ ခု၊ နိုင်ငံဧရိယာ၏ ၅ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဧက ၉ ဒသမ ၈ သန်း ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သည်။

(၄)နှစ်တာကာလအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေ ခြောက်ခု၊ ဧကအနေဖြင့် ၁၇၆၂၇၂ ဒသမ ဝ၇ ဧက ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပြီး စတုတ္ထ (၁) နှစ်တာကာလအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေ ၂ ခု၊ ဧကအနေဖြင့် ၄၃၆၀၅ ဧက ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ၂၀၁၇ ခုနှစ်တွင် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မုတ္တမပင်လယ်ကွေ့ (မွန်ပြည်နယ်အပိုင်း)၊ ၂၀၁၈ ခုနှစ်တွင် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေ(Ramsar Site)နှင့် ၂၀၁၇ ခုနှစ်တွင် အင်းတော်ကြီးကန်ဒေသကို လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve–MAB) အဖြစ် သတ်မှတ်နိုင်ခဲ့သည်။

ထို့အတူ ၂၀၁၉ ခုနှစ်တွင် နံ့သာကျွန်းကို ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခံရရေး၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် တနင်္သာရီ သဘာဝကြိုးဝိုင်းတို့ကို အာဆီယံအမွေအနှစ်နေရာများအဖြစ် သတ်မှတ်ခံရရေး အဆိုပြုတင်ပြထားသည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်**

ရေရှည်တည်တံ့သော သစ်တောအုပ်ချုပ်လုပ်ကိုင်မှုကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီရယူပြီး လုပ်ငန်းစီမံကိန်း ၃၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယခုအစိုးရလက်ထက် စတုတ္ထ (၁) နှစ်တာကာလအတွင်း လုပ်ငန်းစီမံကိန်း သုံးခု အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ရာ လုပ်ငန်းစီမံကိန်း အသစ်နှစ်ခု၏ MoU၊ LoA လက်မှတ်ရေးထိုးပြီး စတင်ဆောင်ရွက်နိုင်ခဲ့သည်။

**စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများ**

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများ ရေရှည်တည်တံ့အောင် စီမံအုပ်ချုပ်ခြင်းနှင့် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းများ အရည်အချင်းပြည့်ဝစေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး ပြည်တွင်းပြည်ပသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း ဒီပလိုမာ နှစ်ဦး၊ မဟာဘွဲ့ ၁၇ ဦးနှင့် ပါရဂူဘွဲ့တစ်ဦးတို့က ပြည်ပနိုင်ငံများတွင် တက်ရောက်အောင်မြင်ခဲ့ကြသည်။

သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ တောခေါင်း/ ချောင်းခေါင်းအဆင့် ဝန်ထမ်းများကို မြန်မာနိုင်ငံသစ်တောကျောင်း၌ အခြေခံသစ်တောပညာ (၂)နှစ်သင်တန်း အမှတ်စဉ် (၁၁၄)နှင့် (၁၁၅) တို့ကို ဖွင့်လှစ်ပို့ချလျက်ရှိပြီး ဝန်ထမ်း ၁၂၉ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

**တရားမဝင်သစ်ဖမ်းဆီး**

သစ်တောဦးစီးဌာနအနေဖြင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ရေးအတွက် တရားမဝင်သစ် ခိုးထုတ်သယ်ဆောင်မှုများကို နည်းလမ်းမျိုးစုံအသုံးပြု ကာကွယ်တားဆီးလျက်ရှိပြီး ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခု၊ ခရိုင် ၁၉ ခုတွင် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့များထားရှိပြီး သစ်တောဝန်ထမ်းများနှင့်ပူးပေါင်းကာ တရားမဝင် သစ်ဖမ်းဆီးရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ တရားမဝင်သစ်ခိုးထုတ်သယ်ဆောင်မှုများကို ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန် ၂၀၁၇ ခုနှစ် စက်တင်ဘာလမှစတင်၍ ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကုန်အထိ တရားမဝင်သစ် ၄၉၇၈၂ ဒသမ ၃၅ တန်၊ နိုင်ငံခြားသား ၂၈ ဦး အပါအဝင် တရားခံ ၄၅၃ ဦး၊ ယာဉ်/ယန္တရား ၂၇၁၁ စီး ဖမ်းဆီးနိုင်ခဲ့သည်။

တရားမဝင်သစ်ဖော်ထုတ် ဖမ်းဆီးရေးတွင် ယခုကဲ့သို့ တိုးတက်ဖမ်းဆီးရမိခဲ့ခြင်းသည် ပြည်သူလူထုနှင့်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အသိအမှတ်ပြု ပြောကြားသည်။

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောစီမံကိန်းများရေးဆွဲပြီး ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက် ပြည်သူများနှင့် ဌာန

အထူးကဏ္ဍ [ ဂ ] သို့ »»»




သရက်ခရိုင် မင်းတုန်းမြို့နယ်၌ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် (ပထမနှစ်) သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်း နမူနာစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းထားသည်။

**အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာစေရန် ၂၀၁၉ ခုနှစ် မိုးရာသီတွင် စိုက်ခင်းဧက ၄၀၀၀ တည်ထောင်ခဲ့ပြီး ရှင်ပင်ရေတွက်ခြင်းအရ ၉၇ ဒသမ ၂၀ ရာခိုင်နှုန်း ရှင်သန်မှုရှိခဲ့သည်။ ငါးနှစ်ပြည့်ပြီး ကျေးရွာသုံးထင်းစိုက်ခင်းများမှ ထင်း ၄၇၀ ဒသမ ၀၈ တန်၊ တိုင် ၁၀၁၆ လုံးနှင့် မျော ၃၀၇၆ လုံးတို့ကို သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းဖြန့်ဝေပေးနိုင်ခဲ့သည်။

သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းအနေဖြင့် ဧက ၄၁၀၀၀ အနက် ဧက ၄၁၀၀ ကို ဓမ္မတာမျိုးဆက်ခြင်းဆောင်ရွက်ရာမှ ထွက်ရှိလာသော ကိုင်းဖျားကိုင်းနားများကို နီးစပ်ရာကျေးရွာများသို့ ထင်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန် ထင်း ၃၁၅ ဒသမ ၃၂ တန် ဖြန့်ဝေပေးနိုင်ခဲ့သည်။

နိုင်ငံတော်၏ ရေမြေတောတောင်တို့ကို ထိန်းသိမ်းကာကွယ်နိုင်ရန် ယခုအစိုးရလက်ထက်တွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် မိုးရာသီတွင် အထူးစိမ်းလန်းစိုပြည်ရေးအတွက် အပင် ၂၆၆၁၇၅ ပင်စိုက်ပျိုးခဲ့ပြီး ၉၇ ဒသမ ၈၀ ရာခိုင်နှုန်း ရှင်သန်မှုရှိခဲ့သည်။

ထို့ပြင် အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်းများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဗောဓိတထောင်ဒေသ အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် တန့်ကြည့်တောင်ဒေသ အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်းနှင့် ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်းများကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အထိ (၅)နှစ် စီမံကိန်းရေးဆွဲပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ် မိုးရာသီတွင် ကျေးလက်ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ထင်း၊ တိုင်၊ မျော စသည်တို့ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျေးရွာတစ်ရွာလျှင် ဘက်စုံသုံးစိုက်ခင်း တစ်ဧက၊ တစ်အိမ်ထောင်လျှင် သစ်မာအပင် ၂၀ နှင့် ကျွန်း သုံးပင် စိုက်ပျိုးပေးနိုင်ခဲ့သည်။


အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများအနေဖြင့် UNDP နှင့် ပူးပေါင်းဆောင်ရွက်သည့် "မြန်မာနိုင်ငံ အပူပိုင်းဒေသတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံမှုတို့အပေါ် ထိခိုက်နိုင်ခြေများကို ကိုင်တွယ်ဖြေရှင်းခြင်း စီမံကိန်း" ကို ဆောင်ရွက်ခဲ့သည်။


ထို့ပြင် Asian Development Bank (ADB)နှင့် ပူးပေါင်းဆောင်ရွက်သည့် "အလယ်ပိုင်းဒေသ အပူပိုင်းသစ်တောကြိုးဝိုင်းများ၏ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်ရေးစီမံကိန်း"၊ ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC) နှင့် ပူးပေါင်းဆောင်ရွက်သည့် "တောင်အာရှနှင့် အရှေ့တောင်အာရှ ဖွံ့ဖြိုးဆဲနိုင်ငံများ (မြန်မာနိုင်ငံ)တွင် စွမ်းအားမြင့်မီးဖိုများ ဖြန့်ဝေရေးစီမံကိန်း" နှင့် GERES အဖွဲ့အစည်းနှင့်ပူးပေါင်း၍ "သာစည်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများနှင့် အိမ်ထောင်စုများ စွမ်းအင်ရရှိရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်း"စသည့် စီမံကိန်းများကို ဆောင်ရွက်လျက်ရှိသည်။

စွမ်းအားမြင့်မီးဖိုများသုံးစွဲခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများသုံးစွဲခြင်း၊ စိမ်းလန်းစိုပြည်ရေးသစ်ပင်များ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းစသည့်လုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုကောင်းသည့် ကျေးရွာများကို စံပြကျေးရွာအဖြစ် ထူထောင်ဆောင်ရွက်ခဲ့ရာ တတိယနှစ်အတွင်း စံပြကျေးရွာပေါင်း ၅၃ ရွာ လျာထားတည်ထောင်နိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း စွမ်းအားမြင့် အေဝမ်းမီးဖို ၃၈၁၈၂ လုံး ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ကမ္ဘာကြီးပူနွေးလာမှုသည် တစ်ကမ္ဘာလုံး၏ စိန်ခေါ်မှုတစ်ခုဖြစ်သကဲ့သို့ မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုတစ်ခုဖြစ်လာသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူချိန်မြင့်တက်မှုသည် သက်ရှိလူသားများအတွက် အကျိုးသက်ရောက်မှုရှိသကဲ့သို့ သာမန်မျက်စိဖြင့် သဘာဝပတ်ဝန်းကျင်ကို များစွာသက်ရောက်မှုဖြစ်ပေါ်လာလျက်ရှိသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများကို ပြည်သူများက ကျယ်ပြန့်သည့်အမြင်နှင့် လေးနက်သည့်အသိတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှသာ တိုးတက်မှုရှိပြီး ရလဒ်ကောင်းများကို ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ကြသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စိမ်းလန်းစိုပြည်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တို့မှ အသိပညာ




ပေးဟောပြောပွဲများကို ၈၃၇ ကြိမ် ဆောင်ရွက်ခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းစဉ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် တိုင်းဒေသကြီး သုံးခုရှိ တိုးချဲ့ပညာပေးစခန်းခြောက်ခုတွင် အသိပညာပေးလုပ်ငန်းများကို ၅၄ ကြိမ် ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း ထင်းအစား အခြားလောင်စာသုံး စံပြကျေးရွာများကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၇ ရွာ၊ မကွေးတိုင်းဒေသကြီးတွင် ၂၁ ရွာနှင့် မန္တလေးတိုင်းဒေသကြီးတွင် ၁၅ ရွာ တည်ထောင်ပြီး သဘာဝတောများ ထိခိုက်မှုလျော့နည်းစေရန်၊ ထင်းလောင်စာ လိုအပ်ချက်လျော့နည်းသက်သာစေရန် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများဖြစ်သော ပဲစင်းငုံရိုးနှင့် နှမ်းရိုး အစရှိသည်တို့ကို တိုးမြှင့်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေကန်ငယ် ၂၁ ကန်၊ ကျောက်စီနုန်းထိန်းတမံငယ် ၁၂၂ ခု၊ မြေအောက်ရေ(အဝီစိတွင်း) သုံးတွင်း၊ ဂါလန် ၅၀၀၀ ဆံ့ မိုးရေစုကန် ၁၂ ကန်နှင့် ဂါလန် ၁၀၀ ဆံ့ မိုးရေခံကွန်ကရစ်ကန် ၁၃၀၀ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။


တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် တောင်ကပာန်းချောင်းအတွင်း သတ္တုဖြစ်ထွန်းမှု လေ့လာရန်
ချောင်းသဲနမူနာယူနေသည်ကို တွေ့ရစဉ်။

**သတ္တုကဏ္ဍ**

သတ္တုကဏ္ဍတွင် မြန်မာ့သတ္တုတွင်းနည်းဥပဒေကို အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၈)နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လမှစတင်၍ လုပ်ကွက်အသစ် လျှောက်ထားမှုများကို မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ကနဦးလုပ်ကွက်စိစစ်ရေးအဖွဲ့ သုံးဖွဲ့မှ အဆိုပြုလျှောက်လွှာ ၃၁၆၉ စောင်အနက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများထံသို့ သဘောထားတောင်းခံခဲ့သည့် စောင်ရေ ၇၂၉ စောင်ရှိပြီး ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားထားသည့် စောင်ရေ ၁၅၈ စောင်ကို ခွင့်ပြုမိန့်ချထားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်ကို ပြည်ပရင်းနှီးမြှုပ်နှံမှု ငါးခု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ခုနစ်ခု၊ ပြည်ပရင်းနှီးမြှုပ်နှံမှု သက်တမ်းတိုး လေးခု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု သက်တမ်းတိုး သုံးခု၊ ဓာတ်သတ္တု အကြီးစားထုတ်လုပ်ရန်ခွင့်ပြုမိန့်သက်တမ်းတိုး သုံးခု၊ အလတ်စားခွင့်ပြုမိန့် ၄၁ ခု၊ အသေးစားခွင့်ပြုမိန့် ၄၂ ခုနှင့် သက်တမ်းတိုး ၄၇ ခု စုစုပေါင်း ၁၅၂ ခု ထုတ်ပေးနိုင်ခဲ့သည်။

**ကွင်းဆင်းစစ်ဆေးခြင်း**

ခွင့်ပြုလုပ်ကွက်များကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ခွင့်ပြုမိန့်ပါ စည်းကမ်းများ၊ စာချုပ်ပါ စည်းကမ်းများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်များ၊ ဘေးအန္တရာယ် ကင်းရှင်းမှုများ ရှိ/မရှိ စစ်ဆေးနိုင်ရန် သက်ဆိုင်ရာဌာနများဖြင့် ကွင်းဆင်းအဖွဲ့များ ဖွဲ့စည်းခဲ့ပြီး လုပ်ကွက်ပေါင်း ၂၉၈ ကွက်နှင့် ပြည်ပသို့ တင်ပို့ရောင်းချမည့် သတ္တုများ နမူနာကောက်ယူရန် ၂၀၁၉ ခုနှစ်တွင် အကြိမ် ၂၀ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အရ ပုလဲမွေးမြူရေး ကျွန်းစခန်း ငါးခုတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင် ဝင်ရောက်လေ့လာခွင့်ပြုခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ အထိ နိုင်ငံခြားခရီးသွား ၃၂ ဦးနှင့် ပြည်တွင်းခရီးသွား ၄၃ ဦးတို့မှ အမေရိကန်ဒေါ်လာ ၄၈၀ နှင့် ငွေကျပ် သုည ဒသမ ၆၄၅ သန်း ရရှိခဲ့သည်။

**နည်းပညာပူးပေါင်းဆောင်ရွက်**


နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအတွက် Germany Federal Institute for Geosciences and Natural Resources (BGR) နှင့် သတ္တုတွင်းဦးစီးဌာနတို့အကြား Minutes of Discussion (MoD) လက်မှတ်ရေးထိုးခဲ့ပြီး စီမံချက်(Phase 1) အတွက် BGR မှ Project Manager, Dr. Jurgen Vasters နှင့် Long Time Expert, Mr. Christian Heimig တို့က နည်းပညာအကူအညီများနှင့် Capacity Building Trainings သင်တန်းများကို သတ္တုတွင်း ဦးစီးဌာန၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း (၁၈) ကြိမ်မြောက် ASEAN Forum on Coal (AFOC) အစည်းအဝေး၊ ASEAN Coal Business Round Table and Conference နှင့် (၁၀)ကြိမ်မြောက်အာဆီယံကျောက်မီးသွေးစွမ်းအင်ဆု ရွေးချယ်ရေးအကဲဖြတ်အဖွဲ့ ဆွေးနွေးပွဲတို့ကို အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပလျက်ရှိသည်။

ထို့ပြင် ထိုင်းနိုင်ငံ Department of Mineral Resources (DMR) နှင့် ပူးပေါင်းပြီး နည်းပညာဖလှယ်ရေးအစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး မိုးကုတ်ရတနာနယ်မြေအတွင်းရှိ ကျောက်မျက်ရတနာ ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီလုပ်ကွက်များ သွားရောက်လေ့လာခြင်း၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာနှင့် တွင်းတောင် ဝန်းကျင်ဒေသများတွင် အတိတ်လျောင်ဆိုင်ရာ လေ့လာမှုများ ဆောင်ရွက်ခဲ့သည်။

ကိုရီးယားနိုင်ငံ ဘူမိသိပ္ပံဓာတ်သတ္တု သယံဇာတဆိုင်ရာဌာန (KIGAM)နှင့် ပူးပေါင်းပြီး ချင်းပြည်နယ် တီးတိန်မြို့နယ် ဘိုပီဘွန်းဝန်းကျင်ဒေသတွင် ခရိုမိုက်သတ္တုရိုင်းသိုက်အရင်းအမြစ် ခန့်မှန်းတွက်ချက်ခြင်း သုတေသနလုပ်ငန်းကို ၂၀၁၉ ခုနှစ် မတ်လ ၂၇ ရက်မှ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၈ ရက်အထိ နှစ်ဖက်ပညာရှင်များ ကွင်းဆင်းလုပ်ငန်း သုံးကြိမ် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အစမ်းမြောင်းရှည်များ တူးဖော်စမ်းသပ်ခြင်း၊ ကျောက်နမူနာများ၊ သတ္တုရိုင်း နမူနာများကို Petrology နှင့် Mineralogy ရှုထောင့်မှ လေ့လာခြင်း၊ Computer software အသုံးပြုပြီး ခရိုမိုက်သတ္တုရိုင်းဇုန် မြေအောက်သုံး ဘက်မြင် ဘူမိဗေဒပုံစံကို အဆင့်မြင့်ရေးဆွဲတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အထူးကဏ္ဍ [ ဃ ] သို့ »»»



Bulbophyllum putaoensis ၊ Coelogyne putaoensis နှင့် Coelogyne Magnifera သစ်ခွမျိုးစိတ်သစ် သုံးမျိုးကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

**မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်**

သတ္တုကဏ္ဍ၊ ကျောက်စိမ်းကျောက်မျက်ကဏ္ဍနှင့် ပုလဲကဏ္ဍ ပါဝင်သည့် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် စတုတ္ထအကြိမ် အစီရင်ခံစာကို နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ EITI လုပ်ငန်းများပြီးစီးနိုင်ရန်အတွက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (MSG) အစည်းအဝေး ခြောက်ကြိမ်၊ ဆပ်ကော်မတီ အစည်းအဝေး ၁၄ ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ ၁၀ ကြိမ်၊ Mining Cadastre နှင့် ဆက်စပ် အစည်းအဝေး လေးကြိမ်၊ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှုလုပ်ငန်းအဖွဲ့ Beneficiary Ownership Task Force လေးကြိမ်၊ ဦးဆောင်ကော်မတီအစည်းအဝေး တစ်ကြိမ်နှင့် လုပ်ငန်းကော်မတီအစည်းအဝေး သုံးကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့သည်။

**ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုဆိုင်ရာ ဆောင်ရွက်ချက်များ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း၌ ဒေသန္တရ ဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ ကျောက်မီးသွေး၊ ဂရက်ဖိုက်၊ ရွှေနှင့် မဂ္ဂနိဒိုင်အောက်ဆိုက် ရှာဖွေစမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာအုပ်စု သဲဖြူကုန်းမြေပြိုမှု စစ်ဆေးရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကာ နေပြည်တော် – ပင်လောင်း – လွိုင်ကော် – ဒီးမော့ဆို ကားလမ်းတစ်လျှောက်၌ Landslide Geohazard Pilot Project and Geocide Evaluation Pilot Project ကို ဆောင်ရွက်နိုင်ခဲ့သည်။

**သုတေသနလုပ်ငန်းများ**

ကမ္ဘာ့မြေသိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU)ကို ယခုနှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် Korea Institute of Geoscience and Mineral Resources – KIGAM တို့အကြား လက်မှတ်ရေးထိုးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး မိုးကုတ်ဝန်းကျင်ဒေသတွင် လစ်သီယမ် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

**ကျောက်မျက်ရတနာပြပွဲကျင်းပ**

(၄)နှစ်တာကာလတွင် နိုင်ငံခြားငွေယူရိုဖြင့် ရောင်းချပွဲ တစ်ပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ နှစ်ပွဲကျင်းပပြုလုပ်နိုင်ခဲ့ပြီး တန်ဖိုးယူရို ၅၀၆ ဒသမ ၈၁၄ သန်း၊ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲမှ တန်ဖိုးငွေကျပ် ၁၂၀၃၈၈ ဒသမ ၆၉၉ သန်း ရောင်းချခဲ့ရပြီး ပုလဲရောင်းချရမှုအနေဖြင့် ပုလဲအတွဲပေါင်း ၄၆၈ တွဲ၊ ပုလဲလုံးရေ ၁၁၁၂၈၇ လုံး၊ အလေးချိန် ၇၂၆၉၀ ဒသမ ၇၀ မိုမီ ရောင်းချခဲ့ပြီး ယူရိုငွေ ၂၆ သန်းကျော် ရရှိခဲ့သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှု (Environmental Governance) ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် မဏ္ဍိုင်ကြီး သုံးရပ် ဟန်ချက်ညီညီ ဖွံ့ဖြိုးရေးတို့အတွက် လူမှုစီးပွားဖွံ့ဖြိုးရေး စီမံကိန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းပေါင်းစပ် အကောင်အထည်ဖော်ခြင်းမှာ အဓိကကျသည့်လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည်။

ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များကို ကဏ္ဍအလိုက် စနစ်တကျ ဘက်စုံပေါင်းစပ်ပါဝင်နိုင်ရေး (Integrated Approach)အတွက် ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှု (Environmental Governance) စနစ်ကို တည်ထောင်ဆောင်ရွက်လျက်ရှိသည်။

**မူဝါဒ၊ မဟာဗျူဟာ ဖွံ့ဖြိုးရေး**

ထိုသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ချမှတ်ထားသည့် မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ မဟာဗျူဟာလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းကာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်ကို ထိန်းသိမ်းရေးဆိုသည့် ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒကို ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်နိုင်ခဲ့သည်။

ထို့အတူ အနာဂတ်မျိုးဆက်များအတွက် ရေရှည်တည်တံ့သော၊ ကြွယ်ဝချမ်းသာမှုရှိသော၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန် (ထုတ်လွှတ်မှု)လျော့နည်းသော လူမှုအဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များ၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈ – ၂၀၃၀)ကို ထုတ်ပြန်နိုင်ခဲ့သည်။

**အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးမှု**

ထိုသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး မူဝါဒနှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၁၆ ခုနှစ်တွင် တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောနှင့် သတ္တုသယံဇာတများ ရေရှည်တည်တံ့ရေး၊ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးတို့ကို အနာဂတ် နိုင်ငံသူ၊ နိုင်ငံသားများ အကျိုးဖြစ်ထွန်းအောင် ထိန်းညှိဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်သည် ကဏ္ဍစုံဆက်စပ်နေပြီး အလွန်ကျယ်ပြန့်သည့်အလျောက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ချမ်းသာကြွယ်ဝပြီး ရေရှည်တည်တံ့သည့် လူမှုအဖွဲ့အစည်းတစ်ရပ်အဖြစ် ဝင့်ထည်စွာရပ်တည်နိုင်ရန် အားလုံးပူးပေါင်းပါဝင် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

○ **မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း၌ ဒေသန္တရဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ ကျောက်မီးသွေး၊ ဂရက်ဖိုက်၊ ရွှေနှင့် မဂ္ဂနိဒိုင်အောက်ဆိုက် ရှာဖွေစမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာအုပ်စု သဲဖြူကုန်းမြေပြိုမှု စစ်ဆေးရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကာ နေပြည်တော် - ပင်လောင်း - လွိုင်ကော် - ဒီးမော့ဆို ကားလမ်းတစ်လျှောက်၌** Landslide Geohazard Pilot Project and Geocide Evaluation Pilot Project **ကို ဆောင်ရွက်နိုင်ခဲ့**

○ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောနှင့် သတ္တုသယံဇာတများ ရေရှည်တည်တံ့ရေး၊ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးတို့ကို အနာဂတ် နိုင်ငံသူ နိုင်ငံသားများ အကျိုးဖြစ်ထွန်းအောင် ထိန်းညှိဆောင်ရွက်လျက်ရှိ**



ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။